# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့။ Monday, 14 August 2023 ၁၁၁၈၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှု ကြည့်ရှုအားပေး



**ကြည့်ရှုအားပေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဩဂုတ် ၁၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကင်းမြို့နယ် မြဝတီမီဒီယာစင်တာရှိ Theatre ၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

အဆိုပါ ဖျော်ဖြေပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪




ယနေ့ ဖတ်စရာ

မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး တည်ရှိရာ ဗုဒ္ဓပရိဝုဏ်အတွင်း တွေ့မြင်ရမည့် မြန်မာ့ပန်းအလှများ — စာမျက်နှာ » ၇

"မိုခါ" မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁၃) (ပြန်ကြားရေးဝန်ကြီးဌာန) — ဆောင်းပါး စာမျက်နှာ » ၁၀

အာဆီယံ-တရုတ် လူမှုဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဖိုရမ်နှင့် လေ့လာရေး — ဆောင်းပါး စာမျက်နှာ » ၁၉

ကြေးမုံ

# ပြည်ပသွင်းကုန်အစားထိုး စက်မှုကဏ္ဍမြှင့်တင်

ကမ္ဘာပေါ်တွင် သိပ္ပံ၊ စက်မှုနှင့် နည်းပညာများ ခေတ်နှင့်အညီ လိုက်ပါတိုးတက်နေသည်။ သိပ္ပံ၊ စက်မှု၊ နည်းပညာများ တိုးတက်ထွန်းကားသည့်နိုင်ငံများသည် ချမ်းသာကြွယ်ဝကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုကဏ္ဍဖွံ့ဖြိုးရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် တိုးတက်မှုအားနည်းနေသည်။

စက်မှုကဏ္ဍသည် နိုင်ငံတိုးတက်ရေးအတွက် အရေးပါသည်။ စက်မှုစွမ်းအားဖြင့် ခေတ်ကိုကျော်လွှားနိုင်သည်။ စက်မှုကဏ္ဍတိုးတက်မှ တိုးတက်ဖွံ့ဖြိုးသည့်နိုင်ငံတည်ဆောက်နိုင်မည်။ စက်မှုကဏ္ဍမှ ပြည်တွင်း၌ လိုအပ်သည့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သဖြင့် ပြည်ပမှတင်သွင်းနေရသည့် လိုအပ်ချက်ကို လျှော့ချနိုင်သောကြောင့် နိုင်ငံခြားငွေကုန်ကျစရိတ် လျော့နည်းသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍတွင် ထုတ်ကုန်ပစ္စည်းထုတ်လုပ်သည့် စက်ရုံအများအပြား နိုင်ငံအတွင်း တည်ဆောက်ထားသည်။ သို့သော် စက်ရုံအများစုမှာ လည်ပတ်နိုင်ခြင်းမရှိတော့ဘဲ ရပ်ဆိုင်းနေခြင်း၊ ဖျက်သိမ်းခြင်းများရှိခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းခဲ့ရသည့် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နိုင်ငံအတွင်းရှိပြီးဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများတွင် ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်ငန်းများကို ပြန်လည်ဆောင်ရွက်နိုင်လျှင် ပြည်ပသွင်းကုန်များကို လျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများ လျော့နည်းလာမည်ဖြစ်သည်။ ဩဂုတ်လ ၁၂ ရက်နေ့သည် စက်မှုကဏ္ဍတစ်ဖန်ပြန်လည်ဆန်းသစ်သည့်နေ့ဟု ဆိုရမည်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့၌ တည်ဆောက်ထားသည့် အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) ကို ပြန်လည်ဖွင့်လှစ်ပေးပြီး လုပ်ငန်းများလည်ပတ်နေပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနယ်ပယ်တွင် နှစ်စဉ်စက္ကူလိုအပ်ချက်များ များစွာရှိသည်။ စက္ကူလိုအပ်ချက်အားလုံးအတွက် နှစ်စဉ်တန်ချိန်ထောင်နှင့်ချီ၍ ပြည်ပမှတင်သွင်းနေရသည်။ ယခုအခါ စက္ကူစက်ရုံ(သာပေါင်း)တွင် စက္ကူစက်ရုံ တန် ၅၀ ကိုတည်ဆောက်ထားပြီး သတင်းစာစက္ကူစက်ရုံ တန် ၆၀ ကို ပြန်လည်ဖွင့်လှစ်လည်ပတ်နိုင်ပြီဖြစ်၍ မြန်မာနိုင်ငံအတွက် စက္ကူလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ပြီဖြစ်သည်။ ယခင်က စစ်တောင်းစက္ကူစက်ရုံ၊ ရေနီစက္ကူစက်ရုံနှင့် သာပေါင်းစက္ကူစက်ရုံတို့ကို တည်ဆောက်လည်ပတ်ခဲ့ပြီး စစ်တောင်းစက္ကူစက်ရုံမှာ သက်တမ်းကြာမြင့်နေပြီဖြစ်၍ ဖျက်သိမ်းခဲ့သည်။ သာပေါင်းစက္ကူစက်ရုံမှာလည်း ရပ်ဆိုင်းနေခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ယခုအခါ ပြန်လည်လည်ပတ်နိုင်ပြီဖြစ်သည်။

သာပေါင်းစက္ကူစက်ရုံမှ ထွက်ရှိသော သတင်းစာစက္ကူ၊ အခြားပုံနှိပ်စက္ကူအမျိုးမျိုးတို့သည် အရည်အသွေးကောင်းမွန်သည်ကိုတွေ့ရသည်။ စက္ကူစက်ရုံ (သာပေါင်း) လည်ပတ်နိုင်ရေးအတွက် လိုအပ်သည့် သဘာဝဓာတ်ငွေ့ကို ကန်ကြီးထောင့်-သာပေါင်း ဓာတ်ငွေ့ပိုက်လိုင်းမှ ထုတ်လွှတ်ပေးနိုင်ပြီး စက္ကူကုန်ကြမ်းအတွက် ဝါးနှင့် သစ်မာပင်များကို ဒေသတွင်း၌ပင် စိုက်ပျိုးထုတ်လုပ်ပေးနိုင်သည်။ ယခုစက်ရုံစုသည် စွမ်းအားပြည့်လည်ပတ်နိုင်ပါက သတင်းစာစက္ကူအပြင် အခြားစက္ကူအမျိုးမျိုးကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ ခေတ်ကာလတိုးတက်ပြောင်းလဲလာမှုအရ စက္ကူမဲ့အွန်လိုင်းမီဒီယာကဏ္ဍ တိုးတက်လာသဖြင့် ပုံနှိပ်မီဒီယာကဏ္ဍ ကျဆင်းလာသည်ဆိုသော်လည်း ပညာမှတ်တမ်း၊ သမိုင်းမှတ်တမ်းလိုအပ်ချက်အရ ပုံနှိပ်မီဒီယာလိုအပ်ချက် ဆက်လက်ရှိနေဦးမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သတင်းစာစက္ကူစက်ရုံ(သာပေါင်း) ဖွင့်ပွဲတွင် စက္ကူလိုအပ်ချက်ကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲနေရမှုကို များစွာလျော့နည်းသွားစေမည်ဖြစ်ကြောင်း၊ အလားတူ အခြားသွင်းကုန်ပစ္စည်းများဖြစ်သည့် ရော်ဘာထုတ်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသွင်းကုန်များကို အစားထိုးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်နိုင်ရေးအတွက် အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားရသည့် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုစက်ရုံမှ စက္ကူထုတ်လုပ်မှုများ ဆက်လက်တိုးတက်စေရေး ကြိုးပမ်းကြစေလိုကြောင်း ပြောကြားခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၏ စက်မှုကဏ္ဍမြင့်မားတိုးတက်လာရေးကို ပြန်လည်တစ်ခေတ်ဆန်းသစ်ပြီး ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုကြရမည်ဖြစ်ပါကြောင်း။ ။

## နယ်စပ်ရေးရာဝန်ကြီးဌာနက သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်း



**ရန်ကုန် ဩဂုတ် ၁၃**

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ စားသောက်ဖွယ်ရာများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများသည် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ဝိသာခါပုဏ္ဏမိဂုဏ်ဝေ သီလရှင်စာသင်တိုက်သို့ သွားရောက်၍ သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်သွန်နီနှင့် ကြက်ဥများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း အခွန်ပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသည် ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၄ ရက်အထိ ကာလအတွင်း ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်း၍ အခွန်ပညာပေးရှင်းလင်းပွဲများကို သက်ဆိုင်ရာမြို့နယ်အလိုက် ကျင်းပလျက်ရှိသည်။



အဆိုပါ အခွန်ပညာပေး ရှင်းလင်းပွဲများသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၉ မြို့နယ်မှ စားသောက်ဆိုင်/တည်းခိုခန်း၊ ဟိုတယ်၊ မိုတယ်နှင့် ရွှေဆိုင်လုပ်ငန်းရှင် ၁၆၂၅ ဦး တက်ရောက်ကြပြီး တက်ရောက်လာသူများကို အခွန်ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ပြည်တွင်းအခွန်များ ဦးစီးဌာနသည် နိုင်ငံတော်မှ ကောက်ခံသော အခွန်အကောက် ရငွေစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကျော်ကို နှစ်စဉ် ကောက်ခံပေးလျက်ရှိပြီး နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လုံလောက်သည့် ဘဏ္ဍာငွေများ တိုးမြှင့်ရရှိနိုင်ရန်နှင့် ဘဏ္ဍာနှစ်အလိုက် ကောက်ခံရန်လျာထားသည့် အခွန်ငွေများ ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကလေးဝမြို့တွင် မိုးစပါး ပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့် ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး ပညာပေးဆွေးနွေး

**ကလေးဝ ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါး ပန်းတိုင် အထွက်နှုန်းရရှိရေးနှင့် ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ဒေသခံတောင်သူများအား အသိပညာပေးဆွေးနွေးပွဲများကို ဩဂုတ် ၁၃ ရက်က ယောစုကျေးရွာ၊ မြေသာကျေးရွာနှင့် ပန်းချီစုကျေးရွာတို့တွင် ပြုလုပ်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ဆွေးနွေးပွဲများတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က မိုးစပါး ပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များကို အသုံးပြုရေး၊ စိုက်ပျိုးနည်းစနစ်မှန်ကန်ရေး၊ မြေဆီလွှာဖွံ့ဖြိုးရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းရေး နည်းပညာများကို လည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးသန်းထွန်းကြီးက ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးနည်းပညာများကို လည်းကောင်း ပညာပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပညာပေးဆွေးနွေးပွဲများကို စိတ်ပါဝင်စားသူ ဒေသခံတောင်သူ ၃၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေရေးအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ ပြင်ပအဆိုရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

❂ ရှေ့ဖုံးမှ

ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် အနုပညာရပ်ဝန်းအသီးသီးမှ နိုင်ငံကျော်အနုပညာရှင်များ တက်ရောက်အားပေး ကြည့်ရှုကြသည်။

ဦးစွာ ဖျော်ဖြေပွဲအခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ရာ အခမ်းအနားမှူးက နိုင်ငံတကာသံစုံတီးဝိုင်းများနှင့် နိုင်ငံတော်သံစုံတီးဝိုင်း အကြောင်းအရာအကျဉ်းအား ရှင်းလင်းတင်ပြသည်။ ထို့နောက် နိုင်ငံတော်သံစုံတီးဝိုင်းနှင့် တူရိယာများဆိုင်ရာ Annimation Video Clip ကို တင်ဆက်ပြသသည်။

ယင်းနောက် နိုင်ငံတော်သံစုံတီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက မတ်တပ်ရပ်အလေးပြုကြသည်။

### ဖျော်ဖြေတင်ဆက်

ဆက်လက်ပြီး ASEAN Anthem သံစဉ်နှင့် နိုင်ငံတော်သံစုံတီးဝိုင်း၏ ပဏာမတေးသွား(MNSO Overture)တို့ကိုလည်းကောင်း၊ တူရိယာအမျိုးအစားများအလိုက် တီးမှုတ်တင်ဆက်၍လည်းကောင်း နိုင်ငံတော်သံစုံတီးဝိုင်း အဖွဲ့သားများက ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သံစုံတီးဝိုင်းနှင့်အတူ တွဲဖက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များ၊ နိုင်ငံကျော် ရုပ်ရှင်နှင့် ဂီတ အနုပညာရှင်များက မြန်မာသံစဉ်များ၊ ခေတ်ပေါ်သံစဉ်များနှင့် နိုင်ငံတကာကမ္ဘာကျော်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေရေးအဖွဲ့အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေရေးအဖွဲ့နှင့် ပြင်ပအဆိုရှင်များအား ဂုဏ်ပြုပန်းခြင်းများနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် နိုင်ငံတော်သံစုံတီးဝိုင်းဖျော်ဖြေရေး အဖွဲ့သူအဖွဲ့သားများနှင့် တက်ရောက်လာကြသည့် နိုင်ငံကျော်အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဖျော်ဖြေပွဲသို့တက်ရောက်လာကြသူများ၊ နိုင်ငံကျော်အနုပညာရှင်များနှင့် လက်ဖက်ရည်ဝိုင်းတွင် အတူတကွ သုံးဆောင်ကြပြီး သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံကျော်အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

### ပြင်ဆင်ထားရှိ

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဖွဲ့စည်းထားရှိသည့် နိုင်ငံတော်သံစုံတီးဝိုင်းကို နိုင်ငံတကာရှိခေတ်မီသံစုံတီးဝိုင်းများတွင် ပါဝင်ဖွဲ့စည်းလေ့ရှိသည့် တူရိယာပစ္စည်းများဖြင့် စုံလင်စွာဝယ်ယူတပ်ဆင်ပြီး တူရိယာပညာရှင် ၄၈ ဦး၊ Conductor တစ်ဦး စုစုပေါင်း ၄၉ ဦးတို့ဖြင့် စုဖွဲ့ကာ ဌာနရှိ ခေတ်ပေါ်တီးဝိုင်းမှ တေးသံရှင် ခြောက်ဦး တွဲဖက်၍ စုစုပေါင်း အင်အား ၅၅ ဦးဖြင့် ဖျော်ဖြေတင်ဆက်ရန် စုဖွဲ့လေ့ကျင့်ထားသည့်အပြင်

> ❝ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဖွဲ့စည်းထားရှိသည့် နိုင်ငံတော်သံစုံတီးဝိုင်းကို နိုင်ငံတကာရှိ ခေတ်မီသံစုံတီးဝိုင်းများတွင် ပါဝင်ဖွဲ့စည်းလေ့ရှိသည့် တူရိယာပစ္စည်းများဖြင့် စုံလင်စွာဝယ်ယူတပ်ဆင်ပြီး တူရိယာပညာရှင် ၄၈ ဦး၊ Conductor တစ်ဦး စုစုပေါင်း ၄၉ ဦး တို့ဖြင့် စုဖွဲ့ကာ ဌာနရှိ ခေတ်ပေါ်တီးဝိုင်းမှ တေးသံရှင် ခြောက်ဦး တွဲဖက်၍ စုစုပေါင်း အင်အား ၅၅ ဦးဖြင့် ဖျော်ဖြေတင်ဆက်ရန် စုဖွဲ့လေ့ကျင့်ထားသည့်အပြင် နိုင်ငံကျော် တေးသံရှင်များနှင့် ပေါင်းစပ်ပြီးလည်း ဖျော်ဖြေတင်ဆက်နိုင်ရန် ပြင်ဆင်ထားရှိ❞

နိုင်ငံကျော်တေးသံရှင်များနှင့် ပေါင်းစပ်ပြီးလည်း ဖျော်ဖြေတင်ဆက်နိုင်ရန် ပြင်ဆင်ထားရှိကြောင်း၊ နိုင်ငံတော်သံစုံတီးဝိုင်းကို နိုင်ငံတော်အဆင့် အခမ်းအနားများ၊ နိုင်ငံခြားဧည့်သည်တော်များအတွက် ဂုဏ်ပြုညစာစားပွဲများနှင့် နိုင်ငံတော်အဆင့် တေးဂီတဖျော်ဖြေပွဲများတွင် တင်ဆက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဝန်ထမ်းအင်အားနှင့် တူရိယာပစ္စည်းများ အဆင့်ဆင့်ဖြည့်ဆည်းမှုတို့ဖြင့် ပြင်ဆင်လေ့ကျင့်ခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့တွင် တူရိယာအမျိုးအစားစုံလင်သော အလယ်အလတ်ရှိသည့် (Chamber Orchestra)ပုံစံဖြင့် မိတ်ဆက်ဖျော်ဖြေတင်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်သံစုံတီးဝိုင်းနှင့်တွဲဖက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များ၊ နိုင်ငံကျော် ရုပ်ရှင်နှင့် ဂီတ အနုပညာရှင်များ ဖျော်ဖြေတင်ဆက်ကြစဉ်။

# (၈)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ






**နေပြည်တော် ဩဂုတ် ၁၃**

(၈)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး (8th ASEAN Ministerial Meeting on Drug Matter – AMMD) ကို ဩဂုတ် ၁၀ ရက်မှ ၁၁ ရက်အထိ လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင် ခြောက်ဦး တက်ရောက်ခဲ့ပြီး အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် လာအိုနိုင်ငံ ဗီယန်ကျင်းလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား တပ်မတော်အရာရှိကြီးများနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ဖွင့်လှစ်ပေး**

(၈)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Pol.Gen. Vilay Lakhamfong က အဖွင့်အမှာစကားပြောကြား၍ အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်ခေါင်းဆောင်များက အဖွင့်အမှာစကားပြောကြားကြရာတွင် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ကမ္ဘာပေါ်ရှိနိုင်ငံအများစု၌ လူလုပ်မူးယစ်ဆေးဝါး(Synthetic Drug) ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများသည် အဓိကခြိမ်းခြောက်လျက်ရှိသည့် ပြဿနာဖြစ်ကြောင်း၊ နိုင်ငံဖြတ်ကျော်မှုခင်း ကျူးလွန်သူဂိုဏ်းအဖွဲ့များ၏ ကွန်ရက်ကျယ်ပြန့်မှု၊ မှောင်ခိုဈေးကွက်ချဲ့ထွင်လာမှုများကြောင့် မူးယစ်ဆေးဝါးပြဿနာကို ပိုမိုရှုပ်ထွေးလာစေကြောင်း၊ မူးယစ်ဆေးဝါးမှုခင်းများနှင့် ဆက်နွှယ်နေသည့် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှု စသည့်မှုခင်းများကို အထောက်အပံ့ဖြစ်စေပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နေသော စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေမှုတို့ကြောင့် မူးယစ်ဆေးဝါးထုတ်လုပ် သယ်ဆောင်ရောင်းဝယ်မှုများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းအမြောက်အမြားကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း။

ဘိန်းစိုက်ပျိုးရာဒေသများ၌ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံတစ်နိုင်ငံတည်း ဆောင်ရွက်၍မရနိုင်သဖြင့် နိုင်ငံအားလုံး ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်း နိုင်ငံရေးရောယှက်မှုများ ကင်းရှင်းစွာ သတင်းအချက်အလက်ဖလှယ်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုအစည်းအဝေးတွင် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အတွေ့အကြုံကောင်းများ၊ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်ကောင်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အနာဂတ်တွင် မူးယစ်ဆေးဝါးကင်းစင်သော အာဆီယံအသိုက်အဝန်းဖြစ်စေရေး အားလုံးအတူတကွ လက်တွဲကြိုးပမ်းသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေး၌ အာဆီယံကိုယ်စားလှယ်ခေါင်းဆောင်များက (၆၇) ကြိမ်မြောက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင် (CND) အစည်းအဝေးတွင် ထုတ်ပြန်ကြေညာမည့် အာဆီယံပူးတွဲကြေညာချက်နှင့်ပတ်သက်၍ ဆွေးနွေးမှုများ၊ အာဆီယံ၏ လတ်တလော မူးယစ်ဆေးဝါးအခြေအနေများ၊ (၄၄) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ အစီရင်ခံစာနှင့်နောက်ဆက်တွဲဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ဘေးကင်းလုံခြုံသော လူမှုအဖွဲ့ဖြစ်စေရေး မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အာဆီယံလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅)နှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများတွင် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**အမြင်ချင်းဖလှယ်**

အစည်းအဝေးအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Pol. Gen. Vilay Lakhamfong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် Bilateral တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံနှင့် ပြည်ထဲရေးဝန်ကြီးဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်၊ မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် နားလည်မှုစာချွန်လွှာအရ နှစ်စဉ်အပြန်အလှန်အစည်းအဝေးများ ပြန်လည်စတင်ဆောင်ရွက်နိုင်ရန်၊ နှစ်နိုင်ငံနယ်စပ်ဒေသထိန်းချုပ်ရေး၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ လက်နက်မှောင်ခိုမှုနှင့် အွန်လိုင်းလိမ်လည်ရာဇဝတ်မှုများ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်၊ မြန်မာ-လာအိုနှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံးများနှင့် ချစ်ကြည်ရေးတံတားတို့ကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်၍ နှစ်နိုင်ငံအကျိုး ဖြစ်ထွန်းစေမည့်ကိစ္စရပ်များ ဆောင်ရွက်ရန်တို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Pol.Gen. Vilay Lakhamfong က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ဖလှယ်ခဲ့ကြသည်။

အဆိုပါခရီးစဉ်တွင် ကြိုတင်ရောက်ရှိနေသည့် မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၀ ရက်တွင် (၈)ကြိမ်မြောက် အာဆီယံ မူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး၏ အာဆီယံအဆင့်မြင့် အရာရှိကြီးများ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဇူလိုင် ၅ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် (၄၄)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ ASOD အဖွဲ့ခေါင်းဆောင် ရဲမှူးချုပ်ဝင်းနိုင်က ယင်းအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ အစီရင်ခံစာနှင့် နောက်ဆက်တွဲဆောင်ရွက်ရမည့် ကိစ္စရပ်များကို အကျဉ်းချုပ်ဆွေးနွေးတင်ပြခဲ့ပြီး သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများမှ (၆၇)ကြိမ်မြောက် မူးယစ်ဆေးဝါးကော်မရှင် (CND)အစည်းအဝေးတွင် ထုတ်ပြန်ကြေညာမည့် အာဆီယံပူးတွဲကြေညာချက်(မူကြမ်း) နှင့် ပတ်သက်၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ (၈) ကြိမ်မြောက်အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးအစီအစဉ်နှင့် သဘာပတိမိန့်ခွန်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ အာဆီယံမူးယစ်ဆေးဝါး စောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းအစီရင်ခံစာ ၂၀၂၂ ခုနှစ် ထုတ်ပြန်နိုင်ရေးများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ကြီးမြို့နယ် ဟဲကယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေး



**တောင်ကြီး ဩဂုတ် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းသော်ရှေ့ကျေးရွာအုပ်စု ဟဲကယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကွင်းဆင်းထုတ်ချေးပေးသည်။

ဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ဟဲကယ်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသူ အသင်းသားများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဟဲကယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်းအသင်းသူ အသင်းသား ၆၄ ဦးအား အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် အသင်းသူ အသင်းသားများ၏ တစ်ဦးချင်း လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**၂၂၂**

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက် အသက်(၁)နှစ်မှ (၅)နှစ်အရွယ် ကလေးငယ်များကို အမီလိုက်(Catch-up)နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

နေပြည်တော် ဩဂုတ် ၁၃

ကျန်းမာရေး ဝန်ကြီးဌာနသည် ပြည်သူများလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိစေရေး၊ ပြည်သူများ စိုက်ထုတ်ကုန်ကျရသော ဆေးကုသမှုစရိတ် လျှော့နည်းကျဆင်းစေရေးနှင့် အထူးကုသမှုများ (Super Speciality)လိုအပ်သော ပြည်သူများအား သက်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံ၍ ကုသမှုများရရှိနိုင်စေရန်အတွက် အထူးကုဆေးကုသရေးအဖွဲ့များ အနေဖြင့် ကွင်းဆင်းကုသမှု အစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ ယခုနှစ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုဒဏ်ခံစားခဲ့ရသည့် ရခိုင်ပြည်နယ်တွင်လည်းကောင်း၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် လည်းကောင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။



မန္တလေး ပြည်သူ့ဆေးရုံကြီးနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့မှ နှလုံးရောဂါဆေးပညာ၊ အသည်းရောဂါဆေးပညာ၊ အရိုးအကြောအဆစ်ဆေးပညာ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆေးပညာ၊ ဦးနှောက်နှင့်အာရုံကြောဆေးပညာ၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ပညာ၊ ဆီးချိုနှင့်ဟော်မုန်းဆေးပညာ၊ သွေးရောဂါပညာရပ်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကု ဆေးကုသရေးအဖွဲ့သည် ဩဂုတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ သွားရောက်၍ပြည်သူ့ဆေးရုံကြီး မကွေးမြို့မှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အထူးကုဆေးကုသရေး အစီအစဉ် နှစ်ရက်တာကာလအတွင်း နှလုံးရောဂါဆိုင်ရာ ၇၅ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ၃၄ ဦး၊ ဦးနှောက်နှင့်အာရုံကြောဆေးကုသမှုဆိုင်ရာ ၇၆ ဦး၊ ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကုသမှုဆိုင်ရာ ခုနစ်ဦး၊ ဆီးချိုနှင့်ဟော်မုန်းဆိုင်ရာ ၆၃ ဦး၊ သွေးရောဂါဆိုင်ရာ ၁၂ ဦး၊ အသည်းရောဂါဆိုင်ရာ ၂၂ ဦး၊ အထွေထွေရောဂါဆိုင်ရာ ၁၃၃ ဦး၊ အရိုးအကြောအဆစ်ဆိုင်ရာ ၉၆ ဦး စုစုပေါင်းလူနာ ၅၁၈ ဦး တို့ကို ကြည့်ရှုကုသမှုပေးနိုင်ခဲ့ပြီး မကွေးမြို့ပေါ်သာမက မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ပေါင်း ၁၆ မြို့နယ်မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများပါ လာရောက်ပြသခဲ့သည်။

အဆိုပါ လူနာများအနက် နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း (Echocardio-graphy) ၃၃ ဦး၊ အစာအိမ်နှင့်အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုခြင်း(OGDS) ကိုးဦး၊ အူမကြီးမှန်ပြောင်းကြည့်ရှုခြင်း (Colonoscopy) နှစ်ဦး၊ ကွန်ပြူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း (CT scan) ၁၁ ဦး၊ သံလိုက်ဓာတ်မှန်ဖြင့်စစ်ဆေးခြင်း (MRI)ခြောက်ဦး၊ ဓာတ်မှန်ဖြင့်ရောဂါရှာဖွေခြင်း ၁၅၇ ဦး၊ ဓာတ်ခွဲစမ်းသပ်သူ ၅၁၈ ဦး၊ သွေးချိုဓာတ်(HbA1c) တိုင်းတာခြင်း ၈၆ ဦး၊ Ultrasound ရိုက်ကူးခြင်း ၈၁ ဦး၊ ECG ရိုက်ကူးခြင်း ၁၉၄ ဦး၊ ခါးရိုးဆစ်အရည်ဖောက်၍ စမ်းသပ်စစ်ဆေးသူ တစ်ဦး၊ အရိုးသိပ်သည်းဆစမ်းသပ်ခြင်း (Bone-Dexa Scan) လေးဦး၊ ဒူးခေါင်းတွင်း ဆေးထိုး၍ကုသပေးသူ လေးဦးတို့ကို စမ်းသပ်စစ်ဆေးကုသပေးနိုင်ခဲ့ပြီး နှလုံးရောဂါ ဆက်လက်ကုသရန်လိုအပ်သူ တစ်ဦးကို မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လည်းကောင်း၊ ဦးနှောက်တွင်းသွေးခဲနေသော လူနာတစ်ဦးကို ခွဲစိတ်ကုသမှု ဆောင်ရွက်ရန် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ လည်းကောင်း ဆက်လက်လွှဲပြောင်း ကုသမှုပေးခဲ့သည်။

ထို့ပြင် ဆီးချိုနှင့်ဟော်မုန်းဆေးပညာ ပါမောက္ခ ဒေါက်တာနီနီလှိုင်က လာရောက်ပြသသူ ဒေသခံပြည်သူများအား ဆီးချိုသွေးချိုရောဂါအကြောင်း သိကောင်းစရာများ အသိပညာပေး ဟောပြောမှုကို ဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် မကွေးမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ဒေသခံပြည်သူများအား ဆေးကုသဆောင်ရွက်ပေးနေမှုကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက လာရောက် ကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများအား အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား လာရောက်၍ ကွင်းဆင်းကုသဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်စကားများ ပြောကြားကာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများအားဒေသထွက် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် အခြားသော တိုင်းဒေသကြီး/ပြည်နယ်တို့တွင်လည်း အလားတူအစီအစဉ်များ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းဌာနခွဲသည် ကိုယ်ဝန်ဆောင်မိခင်များနှင့် နှစ်စဉ်မွေးဖွားလျက်ရှိသော ကလေးငယ်များကို အသက်အရွယ်အလိုက် လိုအပ်သော ပုံမှန်ကာကွယ်ဆေးများကို ထိုးနှံ/တိုက်ကျွေးပေးလျက်ရှိသည်။

ဩဂုတ် ၁၂ ရက်တွင် မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံ၌ မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ပံ့ပိုးကြီးကြပ်မှုဖြင့် မကွေးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဖွဲ့က အသက်တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးများအနက်မှ ကာကွယ်ဆေး လုံးဝမရရှိသေးသောကလေးများနှင့် ကာကွယ်ဆေး အကြိမ်ပြည့်မရရှိသေးသည့် ကလေးများကို အသက်အရွယ်အလိုက် လိုအပ်သော ကာကွယ်ဆေးများဖြစ်သည့် ပိုလီယိုအစက်ချကာကွယ်ဆေး (bOPV)၊ ပိုလီယိုကာကွယ်ဆေးထိုးဆေး (IPV)၊ ဝက်သက်ဂျိုက်သိုးရောဂါ ကာကွယ်ဆေး(MR)၊ ငါးမျိုးစပ်ကာကွယ်ဆေး (Penta)တို့ကို ကလေးဦးရေစုစုပေါင်း ၈၀ ကို လည်းကောင်း၊ ဩဂုတ် ၁၃ ရက်တွင် မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံ၌ ကလေး ၃၃ ဦးကိုလည်းကောင်း၊ မင်းဘူးမြို့နယ်ပြည်သူ့ဆေးရုံ၌ ကလေး ၄၄ ဦး ကိုလည်းကောင်း ထိုးနှံ/တိုက်ကျွေးခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းဌာနခွဲမှ လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

စစ်ကိုင်း ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဆင်တပ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ဩဂုတ် ၉ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် ဆင်တပ်ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း အရှည် တစ်မိုင် သုံးဖာလုံ ၊အကျယ် ၁၂ ပေ၊ ဒုကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၂ ဒသမ ၆၅၃ သန်းဖြင့် ဇွန်လတတိယအပတ်မှစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီးဖြစ်၍ ဆင်တပ်ကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၆၇၀၊ လူဦးရေ ၂၄၃၉ ဦးတို့၏ လယ်/ယာမြေ ၂၃၅၁ ဧကမှ ထွက်ရှိသော လယ်ယာထွက်ကုန် စိုက်ပျိုးသီးနှံများ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၂၂

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၃၈၈ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်တစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၃-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၂-၈-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၃-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၃၈၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ချောင်းဆုံမြို့နယ်၌ မိုးစပါး ၆၄၀၃၈ ဧက စိုက်ပျိုးပြီးစီး

ချောင်းဆုံ ဩဂုတ် ၁၃

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ပြည်သူများ ဒေသဝမ်းစာ စပါးဖူလုံစေရေးအတွက် ၂၀၂၃ ခုနှစ်အတွင်း မိုးစပါးစိုက်တောင်သူများအနေဖြင့် စိုက်ဧက ၆၅၂၄၂ ဧကစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လျာထားလျက်ရှိပြီး ဩဂုတ် ၁၂ ရက်အထိ မိုးစပါး ၆၄၀၃၈ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၁၅ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အချိန်မီစိုက်ပျိုးနိုင်ရေး**

မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးမှုလျာထားချက်ပြည့်မီကျော်လွန်စေရေး၊ မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုး၍ အထွက်နှုန်းတိုးပွားစေရေး၊ စိုက်နည်းစနစ်နှင့် သဘာဝမြေဩဇာသုံးစွဲမှု နည်းစနစ်မှန်ကန်စေရေးအတွက် ဝန်ထမ်းများက ကွင်းဆင်းပြီး တောင်သူများအား အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် မိုးစပါးစိုက်တောင်သူများ စိုက်ပျိုးရာသီမကျော်လွန်ခင် အချိန်မီစိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချောင်းဆုံ(ပြန်/ဆက်)**

# မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၏ အများပြည်သူဖူးမြော်ခွင့်ပြုခဲ့သည့် ဆဋ္ဌမမြောက်နေ့တွင် ဘုရားဖူးပြည်သူ ၈၀၀၀၀ ခန့် လာရောက်ဖူးမြော်ကြည်ညို





နေပြည်တော် ဩဂုတ် ၁၃

ယနေ့သည် မာရဝိဇယစကျင်ရုပ်ပွားတော်မြတ်ကြီး၏ အများပြည်သူတို့ ဖူးမြော်နိုင်ရန် ဖွင့်လှစ်ပေးသော ဆဋ္ဌမမြောက်နေ့ဖြစ်သည်။ စာသင်ကျောင်းများနှင့် အစိုးရရုံးများပိတ်သော တနင်္ဂနွေ အားလပ်ရက်ဖြစ်သည့် အားလျော်စွာ ယခင်နေ့ကထက်မနည်းသော ဘုရားဖူး ပရိသတ်များကို တွေ့မြင်ရသည်။

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဆီသို့ အဝင်လမ်းတွင် ယမန်နေ့ကထက်ပိုသော ဘုရားဖူးပရိသတ်တို့၏ မော်တော်ယာဉ်များက ဖြည်းညင်းစွာသာ ရွေ့လျားနိုင်ခဲ့သည်။ မော်တော်ယာဉ်များ အဆင်ပြေစွာသွားလာနိုင်ရေး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တို့၏ ရှင်းလင်းပေးမှုများက ကြာရှည်စွာ ယာဉ်ပိတ်ဆို့မှုမဖြစ်အောင် ဝန်ဆောင်မှုပေးနိုင်ခဲ့သည်ကိုလည်း တွေ့ရသည်။

ယနေ့သည် ရာသီဥတုအနေဖြင့် နေသာသည်။ မွန်းတည့်ချိန်နီးလာသည့်တိုင်အောင် ဘုရားဖူးပရိသတ်များက ဝင်လာမဆဲပေ။ နားနေရာ သုဓမ္မာဇရပ်တန်း နှစ်ခုစလုံးတွင်လည်း နေခိုနားနေသူ ဘုရားဖူးပရိသတ်များ အပြည့်ရှိနေသည်။ ယမန်နေ့က အတွေ့အကြုံကြောင့်လား မသိနိုင်။ စတုဒိသာ ဒံပေါက်အလှူက တော့ ကားကြီးများဖြင့် ဖြည့်ဆည်းပေးလျက်ရှိသည်။

နံနက် ၁၁ နာရီအချိန်အထိ "လေးခေါက်မြောက်ပါ၊ ဒံပေါက်ပွဲရေ ၁၆၀၀၀ ပို့ပေးပြီးပါပြီ။ လစ်လပ်သွားတဲ့အချိန်တွေမှာ ရေသန့်ဘူးများဝေပေးပါတယ်။ ဒံပေါက်က ထပ်လာအုံးမှာပါ"ဟု ယာဉ်မောင်းကြီးက ဆိုသည်။

ဘုရားဖူးလာ ပရိသတ်များတွင် အသင်းအဖွဲ့၊ မိသားစု စသည်ဖြင့် စုံလင်လှသည်။ ထူးခြားသောမြင်ကွင်းမှာ ရာဂဏန်းရှိ သံဃာတော်များ သေသပ်ညီညာစွာ အတန်းလိုက်ကြွချီ၍ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ရန် ကြွလာကြပုံသည် ယနေ့၏ ကြည်နူးဖွယ်မြင်ကွင်းတစ်ရပ်ဖြစ်သည်။

ကျောက်စာရုံစေတီတော်များတွင် ပါဠိပိဋကတ်တော်များကို လေ့လာနေသော သံဃာတော်များအပြင် အနည်းငယ်ပို၍ ပူလာသော အပူဒဏ်မှ ခိုနားနေသူ ဘုရားဖူးများကိုလည်း တွေ့မြင်နိုင်သည်။

ယမန်နေ့ကလို မဟုတ်ဘဲ ဖိနပ်များထားသိုရာ၊ အမှိုက်များကို ခွဲခြားစွန့်ပစ်ရာတို့တွင် စနစ်တကျရှိစေရန် ဆော်ဩနေသူများနှင့် လိုက်နာဆောင်ရွက်ကူညီပေးနေသူများကို တွေ့ရသည်မှာလည်း စိတ်နှလုံးချမ်းမြေ့ဖွယ်ပင်ဖြစ်သည်။ အလှူခံဌာနတွင်လည်း စည်ကားလျက် သဒ္ဓါတရားနည်းများမဆို လာရောက်လှူဒါန်းနေသူများကိုလည်း တွေ့ရသည်။

မွန်းလွဲ ၂ နာရီအထိ ဘုရားဖူးယာဉ်တန်းများက ဝင်လာနေဆဲပင်ဖြစ်သည်။ ဥယျာဉ်တော်အတွင်းတွင်လည်း လှူဒါန်းသူများ၊ လေ့လာသူများ၊ ကုသိုလ်ယူ တရားဘာဝနာပွားများသူများနှင့် စည်ကားနေဆဲရှိသည်။ ယနေ့တွင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူ ၈၀၀၀၀ ခန့် လာရောက်ကြည်ညိုဖူးမြော်ခဲ့ကြသည်။ ယနေ့ တိမ်ပါးသည်။ မိုးအနည်းငယ် အုံ့မှိုင်းသော်လည်း အနည်းငယ်ပူအိုက်သော ရာသီဥတုကြောင့် နွမ်းနယ်မှုများရှိသည့်တိုင် ဘုရားဖူးပရိသတ်များ၏ ဝမ်းမြောက်ကျေနပ်မှု ပီတိအဟုန်များဖြင့် ပြည့်နေသော မျက်နှာများကို မြင်တွေ့ရပါကြောင်း မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး၏ အများပြည်သူဖူးမြော်ခွင့်ပြုခဲ့သည့် ဆဋ္ဌမမြောက်နေ့ မြင်ကွင်းကို တင်ပြလိုက်ရပါသည်။

**အလင်းသစ်၊ နေမျိုး၊ သန်းတင်အောင်**



# မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးတည်ရှိရာ ဗုဒ္ဓပရိဝုဏ်အတွင်း တွေ့မြင်ရမည့် မြန်မာ့ပန်းအလှများ

သမိုင်းကြောင်းခိုင်မာသော လူမျိုးအသီးသီးတို့တွင် ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်အနုပညာရပ်များရှိကြသည်။ မြန်မာတို့တွင်လည်း မြန်မာ့ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်မြန်မာ့အနုပညာရပ်များရှိသည်။ ပုဂံခေတ်မှသည် ယနေ့ထိတိုင် ထီးနန်းအဆောက်အအုံ၊ သာသနာရေးဆိုင်ရာအဆောက်အအုံများတွင် လည်းကောင်း၊ ပြည်သူလူထု၏ နေ့စဉ်အသုံးအဆောင်နှင့် အလှအပတန်ဆာများအတွက်သော်လည်းကောင်း ဖြည့်ဆည်းပေးရာ ၁၀ မျိုးသော ပန်းပညာ မြန်မာတို့တွင် ရှိသည်။

ပဲ၊ ထိမ်၊ တဉ်း၊ တော့၊ ရန်၊ ပု၊ မော့ “မှတ်လော့” ပွတ်၊ ချီ၊ ယွန်း ဟုအမည်ရ မြန်မာ့အလှအနုပညာရပ်များကို မာရဝိဇယစကျင်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရှိရာ ပရိဝုဏ်အတွင်းတွင် တစုတဝေးလေ့လာနိုင်ပါသည်။



ပန်းပဲ ။ ။ ယနေ့ခေတ်သည် သံကို ဇော်ဂျီဖို၊ ဖားဖိုတို့ဖြင့် မီးပေး၍ တူဖြင့်ထုနှက်ပုံဖော်သော ခေတ်မဟုတ်တော့သော်လည်း သံကို အနုပညာမြောက်စွာ သွန်းထုထားသော မာရဝိဇယဗုဒ္ဓပရိဝုဏ်အတွင်းရှိ မီးတိုင်များသည် ပန်းပဲပညာ၏ ယနေ့ခေတ်မြင်ကွင်း ဖြစ်ပါသည်။



ပန်းထိမ် ။ ။ ရွှေငွေတို့ကို အနုပညာမြောက်စွာ ပန်း၊ ကနုတ်၊ လက်ဝတ်ရတနာ စသည်ဖြင့် ပြုလုပ်သောပညာဖြစ်ပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဥဏ္ဏာလုံ၊ မွေရှင်တော်၊ ကျောက်စာရုံစေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် အခြားများစွာရှိသည်။



ပန်းတဉ်း ။ ။ ကြေးသွန်းခြင်း၊ ကြေးပန်းခတ်ခြင်းနှင့် ကြေးအသုံးအဆောင်များ ပြုလုပ်ခြင်းအတတ်ပညာဖြစ်ပြီး မာရဝိဇယဗုဒ္ဓပရိဝုဏ်အတွင်းတွင် စေတီတော်ထီးတော်များ၊ ခေါင်းလောင်းတော်ကြီး၊ တံခွန်တိုင်၊ တံခွန်လုံးများ၊ တံစက်မြိတ်ပန်းဆွဲများ စသည်ဖြင့် တွေ့နိုင်သည်။




ပန်းတော့ ။ ။ အင်္ဂတေဖြင့် ပြုလုပ်သော အဆောက်အအုံအလှအပဆိုင်ရာများ၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်၏ ဆင်ဝင်တိုင်လုံးကြီးများ၊ နဂါးရုံဘုရား စသည်ဖြင့် တွေ့မြင်နိုင်သည်။



ပန်းရန် ။ ။ အုတ်စီ၊ အုတ်နင်း၊ အခင်းအကျင်းနှင့် အဆောက်အအုံများကို မာရဝိဇယဘုရားကြီး၏ နေရာအနှံ့အပြားတွင် တွေ့နိုင်သည်။



ပန်းပု ။ ။ ဆင်စွယ်၊ သစ်သား အစရှိသည့် ပစ္စည်းများကို အသုံးပြု၍ ပန်း၊ ကနုတ်လက်ရာများ၊ ရုပ်လုံး၊ ရုပ်ကြွများ ထုလုပ်သောအတတ်ပညာဖြစ်ပြီး အဂ္ဂါဓိပတိသာသနာ့ဗိမာန်နှင့် သုဓမ္မာဇရပ်များတွင် ဆင်ယင်ထားသော စုလစ်မွန်းချွန်းများတွင် တွေ့မြင်နိုင်သည်။



ပန်းတမော့ ။ ။ ကျောက်ဆစ်ပန်းပု ကျောက်ထွင်းအနုပညာသည် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးနှင့် ကျောက်စာရုံစေတီများပါဝင်သော ဗုဒ္ဓဥယျာဉ်တော်တစ်ခုလုံးတွင် အံ့သြဖွယ်လက်ရာအဖြစ် မြင်တွေ့နိုင်သည်။



ပန်းပွတ် ။ ။ သစ်သား အစရှိသည့်အရာများကို ညီညာအောင်ပွတ်စား၍ ရှုချင်စဖွယ်တင့်တယ်အောင် ဖန်တီးခြင်းပညာဖြစ်သည်။ ပွတ်လုံးငယ်များ မတွေ့ရသော်လည်း သုဓမ္မာဇရပ်တိုင်လုံးကြီးများ၏ ချောမောညီညာတင့်တယ်သော ပန်းပွတ်ပညာရပ်ကို တွေ့နိုင်သည်။



ပန်းချီ ။ ။ မင်၊ ဆေး၊ ခဲ စသည့်အရောင်ဖြစ်စေသော ပစ္စည်းများဖြင့် လူ၊ သတ္တဝါ၊ မြင်ကွင်းများ၊ အလှအပများကို ဆေးရေးဆေးခြယ်ခြင်း အတတ်ပညာဖြစ်ပြီး မာရဝိဇယရုပ်ပွားတော်ကြီး၏ အာရုံခံတန်ဆောင်းတစ်လျှောက် တွေ့မြင်နိုင်သည်။



ပန်းယွန်း ။ ။ ဝါး၊ ကြိမ် အစရှိသည့် ပစ္စည်းများဖြင့် ရက်လုပ်ထားသော အောက်ခံပေါ်တွင် ယွန်းသားတင်၍ ပန်းကနုတ်လက်ရာများ၊ ရွှေရေးပန်းချီများဖြင့် ဆင်ယင်သောပညာဖြစ်ပြီး ယွန်းနှင့်ပတ်သက်၍ မတွေ့ရသေးသော်လည်း မာရဝိဇယရုပ်ပွားတော်မြတ် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး မျက်နှာကြက်တွင် တွေ့ရသည့် ရွှေဇဝါပန်းချီများသည် ယွန်းပန်းချီပညာ၏ အတတ်ပညာများဖြစ်ကြောင်း တွေ့ရပေသည်။

**အလင်းသစ်၊ နေမျိုး၊ သန်းတင်အောင်**

# ဒီဘုရားကြီးမှာ ထူးခြားတာကတော့ အဆောက်အအုံတွေကို စကျင်ကျောက်တွေနဲ့ ဆောက်လုပ်ထားတာ၊ အခင်းတွေကိုလည်း စကျင်ကျောက်တွေနဲ့ ခင်းထားတဲ့အတွက် သွားလေရာ၊ လာလေရာမှာ အေးချမ်းနေတယ်လို့ ခံစားရပါတယ်

ဦးအေး(မိတ္ထီလာမြို့)

တွေ့ဆုံမေးမြန်း - အလင်းသစ်၊ သန်းတင်အောင်
ဓာတ်ပုံ - နေမျိုး

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသော ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှ ၁၆ ရက်အထိ အခမဲ့ဖူးမြော်ခွင့်ပြုခဲ့ရာ ဆဋ္ဌမနေ့ဖြစ်သော ဩဂုတ် ၁၃ ရက်တွင် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဘုရားဖူး ရောက်ရှိလာသော မြန်မာနိုင်ငံတစ်ဝန်းမှ မိဘပြည်သူများနှင့်တွေ့ဆုံပြီး ယင်းတို့၏ ရင်တွင်းခံစားရသော စကားသံများ၊ သာဓုအနုမောဒနာ ခေါ်ဆိုသံများ၊ အနာဂတ်ဗုဒ္ဓသာသနာအတွက် မြော်တွေး၍ တက်ကြွသောစကားသံများကိုနိဗ္ဗာန်အကျိုးမျှော်ကာ နှိုးဆော်၍ ပြန်လည်ရေးသား မျှဝေလိုက်ရပါသည်။



ဦးနေမိန္ဒ



ဦးတင်ဦး



မငွေးငွေးဆင့်



ဦးအေး



ဦးမျိုးချစ်

**ဆရာတော် ဦးနေမိန္ဒ**
**ထန်းတပင်မြို့နယ်**

ဦးဇင်းကတော့ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရွာသစ်ကြီးကျေးရွာ ကန်မြင့်မဟာစည်သာသနာ့ရိပ်သာကပါ။ လာရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ စာပေမှာရှိပါတယ်။ စာပေမှာ တေံ ခေါ သရဏံ ခေမံ၊ တေံ သရဏ မုတ္တမံ။ တေံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ ဆိုတဲ့ အတိုင်းပဲ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်မယ်ဆိုရင် နောက်ဆုံးနိဗ္ဗာန်ထိတိုင် ချမ်းသာသုခရနိုင်တယ်ဆိုတဲ့ အကျိုးတရားတွေကို ဘုန်းဘုန်းတို့ကိုယ်တိုင် သိတဲ့အတွက်ကြောင့် နယ်အဝေးကြီးကနေ လာရောက်ဖူးမြော်ရခြင်းဖြစ်ပါတယ်။ အိပ်ရာထတဲ့အချိန်ကတော့ နံနက် ၃ နာရီလောက်ကပဲ။ ရန်ကုန် သုညမိုင်ကနေ နံနက် ၅ နာရီလောက် ထွက်လာပါတယ်။ ဘုန်းဘုန်း တရားလည်း ထိုင်ပြီးပါပြီ၊ ဂုဏ်တော်တွေလည်း ပွားပြီးပါပြီ။ တကယ်တမ်း ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ဒီဘုရားကြီးကို ဦးဆောင်ဦးရွက်ပြုလုပ်သူတွေကို ကျေးဇူးလည်းတင်ပါတယ်၊ မေတ္တာလည်းပို့ပါတယ်။ အခုတော့ ဘုရားကြီးပဲ ဖူးဖြစ်သေးတယ်။ ဂန္ဓကုဋိတိုက်တွေ၊ ကျောက်စာရုံစေတီတွေကိုတော့ မသွားရသေးဘူး။ ပြီးရင်သွားမယ်။ အဓိကကတော့ တရားထိုင်ရတာ အမြတ်ပေါ့။ ဘုရားကြီးရဲ့ အကြောင်းကို ရုပ်မြင်သံကြားမှာ ထုတ်လွှင့်တာလည်း ကြည်ညို စရာကောင်းပါတယ်။ ရုပ်မြင်သံကြားမှာလည်း ဖူးမြော်ကြည်ညိုကြပါ။ ကိုယ်တိုင်ကိုယ်ကျ လာရောက် ဖူးမြော်မယ်ဆိုရင် ပိုပြီးတော့ သဒ္ဓါတရားတွေ ထက်သန်ပါတယ်။ အဲဒီတော့ ကိုယ်တိုင် လာရောက်ဖူးမြော်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**ဦးတင်ဦး**
**လှည်းကူးမြို့နယ်**

ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကလီထော်ကျေးရွာကပါ။ ဒီဘုရားကြီးကို လာရတာ အင်မတန်မှ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကမ္ဘာပေါ်မှာ အကြီးဆုံးထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို နိုင်ငံတော်အကြီးအကဲတွေရဲ့ ဦးဆောင်မှု၊ ဗိသုကာပညာရှင်ကြီးတွေရဲ့ လက်ရာ ပြောင်မြောက်မှုတွေ ကြည့်ခြင်းအားဖြင့် ဝမ်းသာပီတိဖြစ်မိပါတယ်။ ဂုဏ်လည်း ဂုဏ်ယူပါတယ်။ အံ့မခန်းလောက်စရာပါပဲ။ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ အခုလို ဖြေကြားခွင့်ရတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ အမှန်တကယ်က ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒီလိုထင်ရှား၊ ကျော်ကြား၊ တန်ခိုးကြီးမားတဲ့ ဘုရားကြီးတစ်ဆူကို တည်ထား ကိုးကွယ်ထားတဲ့အတွက် ရဟန်းရှင်လူ ပြည်သူများ ဝမ်းသာပီတိဖြစ်ကြမှာ ဖြစ်ပါတယ်။

**မငွေးငွေးဆင့်**
**မန္တလေးမြို့**

ကျွန်မကတော့ မန္တလေးမြို့ စက်မှုဇုန်(၂)ကပါ။ မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးကို ကိုးကွယ် တည်ထားတဲ့အတွက် ဝမ်းသာပီတိ ဖြစ်ရပါတယ်လို့ ပထမဆုံး ပြောချင်ပါတယ်။ အဝေးကနေလာရတာ၊ လာရကျိုးလည်းနပ်ပါတယ်။ လမ်းက စစ်ဆေးရေးဂိတ်မှာဆိုလည်း ညီမလေးတို့ အကြာကြီးစောင့်နေရတယ်။ အခု ဒီလည်းရောက်ရော တကယ်ပင်ပန်းတာတွေ အကုန်ပျောက်သွားပြီ။ ဘုရားကြီးမှာရှိတဲ့ နားနေဆောင်တွေမှာဆိုရင် ဝင်လိုက်တာနဲ့ အေးချမ်းနေတာကို တော်တော်အံ့ဩနေတာ။ တအားကိုအေးချမ်းတာ။ ဘယ်လောက်ပဲနေပူပူ ဘုရားကြီးရဲ့မျက်နှာတော်က သပ္ပာယ်ပြီး အင်မတန်ကြည်ညိုစရာကောင်းပါတယ်။ လာဖူးရတဲ့အတွက်လည်း ကျေနပ်ပီတိဖြစ်ရပါတယ်။ နောက်ပြီး ဒီမှာရှိတဲ့ အဆောက်အအုံတွေမှာဆိုရင် ပန်းချီ၊ ပန်းပုတွေ တကယ်လက်ရာမြောက်တယ်။ ခံစားချက်အနေနဲ့ဆိုရင် အခြားနေရာတွေထက် ပိုတယ်လို့ ထင်ပါတယ်။ ကျောက်စာရုံစေတီတွေဘက်ကိုတော့ မရောက်ဖြစ်သေးဘူး။ ကျွန်မအမေဆိုရင် လာတုန်းက ခြေထောက်နာနေတာ။ အခုတော့ ခြေထောက် နာတာတောင် ပျောက်သွားတယ်လို့ပြောတယ်။ ပြီးတော့ လေ့လာမှတ်သားစရာတွေက ပြောမပြတတ်အောင် များလွန်းပါတယ်။ တကယ် လေ့လာမယ် ဆိုရင်ပေါ့လေ။ ဘုရားကြီး တည်ဖြစ်အောင် ဆောင်ရွက်ပေးသူ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးအေး**
**မိတ္ထီလာမြို့**

ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ပေါက်ချောင်း(၁) ရပ်ကွက်ကနေ ဘုရားဖူးလာရခြင်း ဖြစ်ပါတယ်။ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတဲ့ အတွက်လည်း ကျွန်တော်တို့မိသားစုအားလုံးနဲ့ ကမ္ဘာသူကမ္ဘာသားတွေ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့ နေနိုင်အောင်ရည်ရွယ်ပြီး ဆုမွန်ကောင်းပို့သကာ လာရောက်ဖူးမြော်ရခြင်း ဖြစ်ပါတယ်။ ပြီးတော့ ဒီဘုရားကြီးကို လစဉ်လတိုင်း၊ နှစ်စဉ်နှစ်တိုင်း ကျန်းကျန်းမာမာနဲ့ လာရောက်ဖူးမြော်နိုင်အောင်လည်း နဝကမ္မအလှူငွေလှူဒါန်းပြီး အမြဲတမ်း သာသနာပြုနိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါစေလို့ ဆုတောင်းမေတ္တာပို့သပြီးပါပြီ။ ဒီဘုရားကြီးမှာ ထူးခြားတာကတော့ အဆောက်အအုံတွေကို စကျင်ကျောက်တွေနဲ့ ဆောက်လုပ်ထားတာ၊ အခင်းတွေကိုလည်း စကျင်ကျောက်တွေနဲ့ ခင်းထားတဲ့အတွက် သွားလေရာ၊ လာလေရာမှာ အေးချမ်းနေတယ်လို့ ခံစားရပါတယ်။ ကျွန်တော်တို့တစ်သက်မှာတော့ အခုလိုမျိုး ထူးထူးခြားခြား ရုပ်ပွားတော်ကြီး၊ ဆင်းတုတော်ကြီးတွေကို မဖူးဖူးပါဘူး။ ဒါပထမဆုံးအကြိမ် ဖြစ်ပါတယ်။ အခုတော့ ဘုရားကြီးကို ဖူးပြီးသွားပါပြီ၊ အောင်မြေလည်း နင်းပြီးသွားပါပြီ။ ဂန္ဓကုဋိတိုက် ၂၄ ဆောင်မှာဆိုရင် ဗုဒ္ဓဝင်ဇာတ်တော်တွေ ပန်းချီနဲ့ ရေးဆွဲထားတာတွေကို လေ့လာဖတ်ရှုဖြစ်ပါတယ်။ အဲဒီလို ထားပေးတဲ့အတွက်လည်း ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ဘုရားရဲ့ အဆုံးအမတွေကို လိုက်နာကျင့်သုံးနိုင်မယ်ဆိုရင် နိဗ္ဗာန်ခရီးလမ်းကို ပိုနီးတယ်လို့ ပြောချင်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း အဲဒီလိုပဲ ခံယူပါတယ်။ ကျောက်စာရုံစေတီတွေနဲ့ အခြားကျန်တဲ့နေရာတွေကို မလေ့လာရသေးပါဘူး။ ပြီးရင် အဲဒီဘက်ကို သွားမှာပါခင်ဗျာ။

**ဦးမျိုးချစ်**
**ဇမ္ဗူသီရိမြို့နယ်**

ကျွန်တော်ကတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ခုံရုံးကအဖွဲ့ဝင်ပါ။ ဇမ္ဗူသီရိမြို့နယ်မှာနေပါတယ်။ ကျွန်တော်ကတော့ ပထမအကြိမ်၊ ဒုတိယအကြိမ် ဖူးပြီးပါပြီ။ အခုက တတိယအကြိမ် မြောက်မိသားစုနဲ့အတူ လာရောက်ဖူးမြော်ရခြင်း ဖြစ်ပါတယ်။ လေ့လာစရာတွေအနေနဲ့ကတော့ ဂန္ဓကုဋိတိုက် ၂၄ ဆောင်မှာ ဗုဒ္ဓဝင်ဇာတ်တော်တွေနဲ့ ၂၄ ပစ္စည်းကို တစ်ခုချင်းရှင်းပြထားတဲ့ ပန်းချီကားတွေ လေ့လာဖတ်ရှုရပါတယ်။ ကျောက်စာရုံစေတီဘက်မှာဆိုရင် ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာ ကျမ်းစာတွေကို ပါဠိအက္ခရာ၊ ရိုမန်ဘာသာတို့နဲ့ ထွင်းထုထားတာတွေ လေ့လာဖတ်ရှုခွင့်ရပါတယ်။ လေ့လာမှတ်သားစရာတွေ အများကြီးပါ။

## ဟုမ္မလင်းမြို့၌ ဓာတ်မြေဩဇာပေးအပ်ပွဲနှင့် နည်းပညာပေးသင်တန်းဖွင့်ပွဲ ကျင်းပ

ဟုမ္မလင်း ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကကျင်းပသော မိုးစပါးမျိုးစေ့ထုတ်တောင်သူများနှင့် မိုးစပါးတင်း ၁၀၀ အထက်ထွက်ရှိရေး ဆောင်ရွက်ရမည့်တောင်သူများအား ဓာတ်မြေဩဇာပေးအပ်ပွဲနှင့် စပါးအထွက်နှုန်း တိုးတက်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းနည်းပညာပေးသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီက ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်တို့က အဖွင့်အမှာစကားပြောကြားပြီး ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စုစုထွေးက ဓာတ်မြေဩဇာပေးအပ်ပွဲနှင့် စပါးအထွက်နှုန်း တိုးတက်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းများ နည်းပညာပေးသင်တန်းဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တာဝန်ရှိသူများက ဟုမ္မလင်းမြို့နယ် ကက်သာစံပြကျေးရွာအုပ်စု၊ ခေါင်ခမ်းကျေးရွာအုပ်စုရှိ တောင်သူများအတွက် မိုးစပါးမျိုးစေ့ထုတ်တောင်သူများနှင့် မိုးစပါးတင်း ၁၀၀ အထက်ထွက်ရှိရေးဆောင်ရွက်ရမည့် တောင်သူများအား ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ စပါးအထွက်နှုန်းတိုးတက်ရေးအတွက် နည်းပညာပေးသင်တန်းပို့ချရာ ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးအေွလီယိုက စပါးသက်တမ်းတစ်လျှောက် သတိပြုရမည့်အချက်အလက်များ၊ ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်ဇာဇာလှိုင်က စပါးအထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ယင်းမာပင်မြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာ ရောင်းချ

ယင်းမာပင် ဩဂုတ် ၁၃

ပြည်သူများ၏ နေ့စဉ်လူမှုဘဝစားသောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှု၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ စီစဉ်ဆောင်ရွက်မှုဖြင့် အခြေခံစားသောက်ကုန်များကို ပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရေးတို့အတွက် ယင်းမာပင်မြို့ မြို့ပေါ်ရပ်ကွက်များတွင် ယနေ့နံနက် ၇ နာရီက တန်ဖိုးသင့်စားသောက်ကုန်ပစ္စည်းများ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ဈေးနှုန်းချိုသာစွာရောင်းချပေး**

ထိုသို့ရောင်းချပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းသန့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆန်လေးဘူး၊ ကြက်ဥငါးလုံး၊ ကုလားပဲတစ်ဘူး စသည့်ပစ္စည်းသုံးမျိုးတို့ကို ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီးအတွင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ၏ လိုအပ်ချက်များအား ကူညီပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိ

ပဲခူး ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ၏ စားရေရိက္ခာဖူလုံစေရေးနှင့် သီးခြားလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ သာသနာ့ဗိမာန်အောက်ထပ်၌ ဖွင့်လှစ်ထားသည့် သဘာဝဘေးကွပ်ကဲမှုရုံးသို့ ရောက်ရှိခဲ့ပြီး ရေဘေးဖြစ်ပွားသည့် နယ်မြေအလိုက် တာဝန်ပေးထားသည့် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများအား ယာယီရေဘေးကယ်ဆယ်ရေးစခန်းများတွင် စားရေရိက္ခာဖူလုံစေရေးနှင့် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီကူညီပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက လာရောက်လှူဒါန်းထားသည့် ထမင်းထုပ်များအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေကြီးနစ်မြုပ်သည့်နေအိမ်များတွင်အိမ်စောင့်ရန်ကျန်ရှိခဲ့သောပြည်သူများအတွက် ထမင်းထုပ်များ အချိန်မီရောက်ရှိစေရေး ပူးပေါင်းဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည်ပဲခူးမြို့အဝင်တိုးဂိတ်အနီး ကားလမ်းရေကျော်မှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး မြေပြင်ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ပဲခူးမြို့ ရပ်ကွက်ကြီး(၉) မွန်စုချမ်းမြသုခ လူမှုကူညီရေးရုံး၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းသို့ ရောက်ရှိခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားကာ အခြေခံစားသုံးကုန်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်း၌ ဝန်ကြီးများ၊ အမှတ် (၇၇)ခြေမြန်တပ်မ ဌာနချုပ် တပ်မမှူးနှင့်အတူ ကလိကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးကယ်ဆယ်ရေးစခန်း၊ ဇိုင်းဂနိုင်းမြောက်ပိုင်း အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးကယ်ဆယ်ရေးစခန်းနှင့် ရွာသစ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးကယ်ဆယ်ရေးစခန်းနှင့် ဒက္ခိဏသာခါရာမကျောင်းတိုက်၌ ဖွင့်လှစ်ထားသည့် ယာယီ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး အခြေခံစားသုံးကုန်များ၊ အသင့်စား ခေါက်ဆွဲခြောက်နှင့် မုန့်များ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများအတွက် သီးခြားထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် ကျောက်ကြီးစုရပ်ကွက်အတွင်း ရေကြီးနစ်မြုပ်သည့်နေအိမ်များတွင် အိမ်စောင့်ရန်ကျန်ရှိခဲ့သည့် ပြည်သူများအား တပ်မတော်သားများက စက်လှေများဖြင့် ထမင်းထုပ်များ ဝေငှနေမှုအားကြည့်ရှုခဲ့ပြီး ကျောက်ကြီးစု ရေတားတာကြံ့ခိုင်မှု ရှိ၊ မရှိ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်ရွှေဂွန်းကျေးရွာနှင့် ဘားအံမြို့ပေါ်ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများထောက်ပံ့

ဘားအံ ဩဂုတ် ၁၃

ကရင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက လှိုင်းဘွဲမြို့နယ် ရွှေဂွန်းကျေးရွာရှိ ရေဘေးကယ်ဆယ်ရေးစခန်းများနှင့် ဘားအံမြို့နယ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ယာယီပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေး၍ စားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေဂွန်းတိုက်ကျောင်းဆရာတော် ဘဒ္ဒန္တသောမနအား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါဘုန်းတော်ကြီးကျောင်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးပြီး ရေဘေးသင့်အိမ်ထောင်စု ၂၂၁ စုအတွက် ဆန်ရိက္ခာဖိုးငွေနှင့် ကြက်ဥ၊ ခေါက်ဆွဲခြောက် အစရှိသော စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေဂွန်းကျေးရွာ ရွှေကျင်နိကာယ ရတနာမှန်ကျောင်းဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသူရိယအား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများဆက်ကပ်လှူဒါန်းပြီး အဆိုပါဘုန်းတော်ကြီးကျောင်းတွင် ယာယီပြောင်းရွှေ့နေထိုင်သောအိမ်ထောင်စု ၅၅ စုအတွက် ဆန်ရိက္ခာဖိုးငွေ၊ ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက် အစရှိသော စားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေဂွန်းကျေးရွာ အထက်တန်းကျောင်းသို့ သွားရောက်၍ သံလွင်မြစ်ရေပြန်လည်ကျဆင်းပြီ ဖြစ်သည့်အတွက် ကျောင်းအား ပြန်လည်ဖွင့်လှစ်၍ ပုံမှန်သင်ကြားသင်ယူနေမှု အခြေအနေ၊ ကျောင်းပရိဝုဏ်အတွင်း တင်ကျန်နေသောနုန်းမြေများ၊ အမှိုက်သရိုက်များအား ဖယ်ရှားရှင်းလင်းနိုင်ရေး၊ ရေတွင်းရေကန်များ သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ပေးနိုင်ရေး လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြား၍ကျောင်းအထွေထွေအသုံးစရိတ်ငွေကျပ် ငါးသိန်းကို ကျောင်းအုပ် ဆရာမကြီးထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စု ၁၁၅ စုခါဒေမွလ်အစ္စလာမ်ပရဟိတစာသင်ကျောင်းရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စု ၈၁ စု၊ ရွှေယဉ်မျှော် ပြည်တော်ဇေတီတော် ရေဘေးကယ်ဆယ်ရေးစခန်းတွင် ယာယီပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စု ၂၆ စုတို့အား သွားရောက်တွေ့ဆုံ၍ ရင်းရင်းနှီးနှီးအားပေးစကားများ ပြောကြားကာ စားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၃

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ပဲခူးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းလာနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ် ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ ဘားအံမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

# တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ အမျိုးသမီးအထောက်အကူပြုကော်မတီနှင့် လူမှုရေးကော်မတီတို့က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၇)မူလတန်းကျောင်းနှင့် အမှတ်(၈) အလယ်တန်းကျောင်းတို့တွင် ဩဂုတ်၁၂ရက် မွန်းလွဲ ၂ နာရီက ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။

ခြင်ဆေးဖျန်းရာသို့ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် အလုပ်အမှုဆောင်များ၊ အမျိုးသမီးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဒေါ်ခင်မြသွေး၊ ကျောင်းအုပ်ဆရာမကြီးများ၊ လူမှုကူညီရေးကော်မတီမှအဖွဲ့ဝင်များက လာရောက်အားပေးခဲ့ကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းကူညီပေးခဲ့ကြကြောင်း သိရသည်။ **တင်ဝင်းတင်**

# “မိုခါ” မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁၃) (ပြန်ကြားရေးဝန်ကြီးဌာန)

မြင့်စိုး(နတလ)

### နတလ၊ ဖဖရနှင့်နာမည်ကျန်သွားသည့်နောင်တော်ကြီးများ

ကျွန်တော်က ၁၉၉၅ ခုနှစ်တွင် တပ်မတော်သားဘဝမှ နယ်ဘက်တာဝန်ကူးပြောင်း ထမ်းဆောင်ခဲ့သူဖြစ်၏။ ထိုစဉ်က အများအခေါ် နတလတွင် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် ကိုးကန့်ဒေသ၊ ‘ဝ’ဒေသ ပန်ဆန်း၊ မိုင်းမော၊ ဝိန်းကောင်၊ ကချင်အထူးဒေသ (၁) နှင့် (၂)၊ မွန်၊ ကရင်၊ မော်ဖဒေသ (မက်မန်း)၊ ကဘော်ချိုင့်ဝှမ်းဒေသများသို့ အလှည့်ကျ သွားရောက်တာဝန်ထမ်းဆောင်နေရချိန်ဖြစ်သည်။ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများစတင်ခဲ့သည့်၁၉၈၉ ခုနှစ်မှ ၁၉၉၁၊ ၁၉၉၂ ခုနှစ် အချိန်ကာလများအထိ နယ်စပ်ဒေသများတွင် ကားလမ်းများမပေါက်သေး၊ တယ်လီဖုန်းမရှိ၊ ရုံးမရှိ၊ ကျောပိုးအိတ်တစ်လုံးနှင့် ရှေ့တန်းထွက်သလို သွားခဲ့လာခဲ့ကြရသည်။ ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်း၊ စာတိုက်နှင့် ကြေးနန်းရုံးများ စသည်တို့ကို စတင်တည်ဆောက်ဖွင့်လှစ်ကြရသည်။ နတလဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီအောက်က သက်ဆိုင်ရာလုပ်ငန်းဆပ်ကော်မတီအလိုက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆက်သွယ်ရေး၊ ပြန်ကြားရေးဝန်ထမ်းများလည်း ၁၉၈၉ ခုနှစ်ကတည်းက နယ်စပ်ဒေသများသို့ကူးချည်သန်းချည်သွားလာနေကြရပြီဖြစ်၏။ နတလလုပ်ငန်းကော်မတီကို တာဝန်ခံထားရသော ကျွန်တော်တို့ နတလ (ထိုစဉ်က ဦးစီးဌာနအဖြစ်ပင် ဖွဲ့စည်းပုံမကျသေး)က လုပ်ငန်းအားလုံးကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနေရသော အချိန်ကာလတစ်ခုပါပေ။ ပန်ဆန်းမြို့အဖြစ် တဖြည်းဖြည်း ကူးပြောင်းလာမည့် ပန်ဆန်းကျေးရွာငယ်လေးကိုပင်လျှင် ၁၉၉၂-၉၃ ခုနှစ်လောက်မှစတင်၍မြေထိုးမြေညှိလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်၏။ လောက်ကိုင်သည်လည်း အစောပိုင်းကာလများက ရွာငယ်လေးတစ်ရွာမျှသာ. . .။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

၁၉၉၄ ခုနှစ်မှာ စာပေနယ်သို့ရောက်ရှိပြီး ကလောင်နာမည် မြင့်စိုး၊ မြင့်စိုး(လေးမျက်နှာ) တို့ဖြင့် နေ့စဉ်ထုတ်သတင်းစာများနှင့် မြက်ခင်းသစ် စသည်တို့တွင် ဆောင်းပါး၊ စာစုများ စတင်ရေးသားနေပြီဖြစ်သည်။ ၁၉၉၅ ခုနှစ်တွင် ရေးသားခဲ့သော “ကဘော်ချိုင့်ဝှမ်းဒေသ၊ နတလနှင့် ဘဝသစ်စီမံကိန်း” ဆောင်းပါးမှအစပြု၍ ကလောင်အမည် မြင့်စိုး (နတလ)ကို ကျွန်တော်ယူခဲ့ခြင်းဖြစ်၏။ ကျွန်တော်ကိုယ်တိုင် ကိုးကန့်ဒေသ၊ ‘ဝ’ ဒေသနှင့် ၁၉၉၆ ခုနှစ်က MTA အဖွဲ့လက်နက်စွန့်ခဲ့သော ဟိုမိန်းဒေသများ၌ တာဝန်ထမ်းဆောင်အပြီးတွင် နယ်စပ်ဖွံ့ဖြိုးရေးဆောင်းပါးများ အရေးများလာခဲ့သည်။ အထူးသဖြင့် ၁၉၉၈ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်ကြားမှာ အများဆုံးဖြစ်ပါလိမ့်မည်။ နယ်စပ်ဒေသများကို သွားခဲ့ကြသည့် နောင်တော်ကြီးများ၊ သူတို့၏အတွေ့အကြုံများကို အမှတ်တရပြန်ရေးသောအခါ နာမည်များက အလိုလိုပါလာပါတော့သည်။ ဗိုလ်မှူးဌေးမြင့်၊ ဗိုလ်မှူးစိုးအောင်၊ ဗိုလ်မှူးသန်းထူး၊ ဗိုလ်မှူးတင်မောင်အေး၊ ဗိုလ်မှူးစိုးသန်း၊ ဗိုလ်မှူးနေဝင်း၊ ဒုတိယဗိုလ်မှူးကြီးညီဖြူ၊ ဒုတိယဗိုလ်မှူးကြီးသန်းဌေး၊ ဗိုလ်မှူးတင်ဝင်း၊ ဗိုလ်မှူးဉာဏ်လင်းမြင့်၊ ဗိုလ်မှူးတင်ဖေ၊ ဦးညီညီ၊ ဦးအေးလွင် စသည်ဖြင့် . . .။

မြင့်စိုး - မင်းဆောင်းပါးရေးတိုင်း ငါ့နာမည်တစ်ခါမှမပါဘူးကွ၊ ပန်ဆန်းကို ငါအရင်ဆုံးသွားခဲ့တာ၊ လုပ်ငန်းဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီး နတလရုံးချုပ်ကို ကြေးနန်းပြန်ပို့တဲ့အခါ ပေးပို့သူလိပ်စာနေရာမှာ ဘယ်လိုနာမည်သုံးရမလဲဆိုတာ စဉ်းစားခဲ့ရတယ်။ ဒေသဖွံ့ဖြိုးရေး၊ နယ်စပ်ဖွံ့ဖြိုးရေးကို ကိုယ်စားပြုရာရောက်တဲ့ ဖဖရဆိုတဲ့စကားလုံးကိုလည်း ငါတို့ပန်ဆန်းကနေ စသုံးခဲ့တာ စသည်ဖြင့် နောင်တော်ကြီး ဦးခင်လတ်က ကြေကြွဲစွာ ပြောဆိုစကားနာထိုးပါလေတော့သည်။ အမှန်စင်စစ်လည်း ဗိုလ်မှူးခင်လတ်၊ ဗိုလ်မှူးတင်လတ် ဆိုသည့် ပုဂ္ဂိုလ်များက ကျွန်တော်ရောက်သွားချိန်၌ နတလမှာ မရှိတော့ပြီ။ စည်ပင်ဘက်ကို ရောက်ကုန်ကြပြီဖြစ်၏။ ကျွန်တော်နှင့်မဆုံလိုက်၍လည်းကောင်း၊ ပန်ဆန်း/ မိုင်းမောဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူစာရင်းမှာ ကျန်သွား၍ ဖြစ်ပါကြောင်း ပြန်လည်ရှင်းပြတောင်းပန်လိုက်ရ၏။ ယခုလည်း မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသပြန်လည်ထူထောင်ရေးအတွက်ကြိုးပမ်းဆောင်ရွက်ချက်များ ခေါင်းစဉ်ဖြင့် ဝန်ကြီးဌာနအသီးသီး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင်၊ အလှူရှင်၊ အနုပညာရှင်များကို ကျွန်တော်မှတ်သားသိရှိထားသလောက် ဂုဏ်ပြုဆောင်းပါးများ ရေးလိုက်ချိန်မှာ ပြန်ကြားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးရဲတင့် နာမည်ကျန်သွားခဲ့၍ တောင်းပန်လိုက်ရသေး၏။ သူကလည်း ကျွန်တော့်ကို နောက်ပြောင်ကျီစယ်လို၍ မင်းရေးတဲ့အထဲမှာ ငါ့နာမည်မပါဘူးကွဟု လှမ်း၍ပြောလိုက်ခြင်းရယ်သာ။

> “အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်ရှိ လုပ်ငန်းကော်မတီ ၁၂ ခုအနက် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ယင်းကော်မတီအနေဖြင့် သဘာဝဘေးမကျရောက်မီအချိန်ကပင် ကြိုတင်၍ မုန်တိုင်းသတင်းများ၊ သဘာဝဘေးဆိုင်ရာ ပညာပေးအစီအစဉ်များကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရေဒီယို၊ FM၊ နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြပေးခဲ့သလို အွန်လိုင်းစာမျက်နှာများဖြစ်သော MOI webportal၊ Myanmar Digital News website များ၊ လူမှုကွန်ရက်စာမျက်နှာများတွင် ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြပေးခဲ့”

### ပြန်ကြားရေးဝန်ကြီးဌာန၏ ဝီရိယနှင့်စေတနာ

အမှန်ကမူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး နောင်တော်ကြီး ဦးရဲတင့်သည် မိုခါမုန်တိုင်း ဝြာသံပေးနေသည့် မေလ ၁၀ ရက်နေ့ကတည်းက ရောဝတီတိုင်းဒေသကြီး၊ ပန်းတနော်၊ အိမ်မဲ၊ မြောင်းမြမြို့တို့ကို ရောက်နေခဲ့ပြီ။ မိုခါကလည်း ရောဝတီလိုလို၊ ရခိုင်လိုလိုဖြစ်နေချိန်ဖြစ်၍ ရောဝတီသို့ အရင်သွားခြင်းဖြစ်ပါလိမ့်မည်။ မုန်တိုင်းနှင့်ပတ်သက်၍ အသိပညာပေးရေး၊ သတင်းများအချိန်မီ ရယူထုတ်ပြန်ပေးရေး၊ ကွပ်ကဲမှုအောက် ရုံးများအားလုံး ထိခိုက်ဆုံးရှုံးမှုမရှိအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရေး မှာကြားဆောင်ရွက်ခဲ့သည့်အပြင် မြစိမ်းရောင်တောင်ပေါ်ဒေသတွင် သဘာဝဘေး လာရောက်ရှောင်တိမ်းနေကြသော လပွတ္တာ ကမ်းခြေကျေးရွာများမှ ရွာသူ ရွာသား ၉၆၀ ခန့်ကို တွေ့ဆုံအားပေးစကားပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန၏ ထောက်ပံ့ငွေကျပ် ငါးသိန်းကိုပေးအပ်လှူဒါန်းခဲ့သည်။



ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက မုန်တိုင်း အသိပညာပေး လက်ကမ်းစာစောင်များ လိုက်လံဖြန့်ဝေပေးစဉ်။



အနုပညာရှင်များ စစ်တွေမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ရောက်ရှိလာကြစဉ်။

ထိုမှ ကျွန်တော့်မွေးရပ်မြေ လေးမျက်နှာအနောက်ခြမ်း၊ ငါးသိုင်းချောင်း-ဂွ ကားလမ်းအတိုင်း မေလ ၁၁ ရက်နေ့တွင် ဂွနှင့် ကျိန္တလီမြို့နယ်တို့သို့လည်းကောင်း၊ မေလ ၁၂ ရက်နေ့တွင် သံတွဲမြို့သို့လည်းကောင်း ရောက်ရှိပြီး ထပ်ဆင့်လွှင့်စက်ရုံများ ထိခိုက်မှုနည်းစေရေးနှင့် ထုတ်လွှင့်မှုမပြတ်တောက်စေရေး၊ စာကြည့်တိုက်များနှင့် ရုံးစာရွက်စာတမ်းများ စာမျက်နှာ ၁၁ သို့ ❐

❐ စာမျက်နှာ ၁၀ မှ

မပျက်စီးစေရေး၊ မုန်တိုင်းအသိပညာပေးရေးကိစ္စများအပြင် မုန်တိုင်းလွန်ကာလ၌ ကျောင်းအပ်နှံမှု ကိစ္စရပ်များကိုလည်း လိုက်နာဆောင်ရွက်ရန် မှာကြားခဲ့ပါသည်။ ဒုတိယဝန်ကြီး ဦးရဲတင့်သည် မေလ ၁၂ ရက်နေ့ ညနေပိုင်းတွင် သံတွဲခရိုင်အတွင်းရှိ သဘာဝဘေးခိုလှုံရာ နေရာများဖြစ်သော ဝါးတောင်ကွင်းဘုန်းကြီးကျောင်း၊ အောင်ဓမ္မရိပ်သာကျောင်း၊ မင်္ဂလသုခကျောင်းတို့သို့ သွားရောက်ပြီး ပင်လယ်ကမ်းခြေအနီး ကျေးရွာများမှ ခေတ္တလာရောက်နေထိုင်ကြသော ရေလုပ်သားမိသားစုဝင်များနှင့် တွေ့ဆုံအားပေးစကား ပြောကြားကာ ပြန်ကြားရေးဝန်ကြီးဌာနက ထောက်ပံ့သည့် ဆန်၊ ဆီ၊ ဆား၊ ရိက္ခာများနှင့် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းခဲ့ပါသည်။

**သတင်းနှင့် ပြန်ကြားရေး လုပ်ငန်းကော်မတီ**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်ရှိ လုပ်ငန်းကော်မတီ ၁၂ ခုအနက် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ယင်းကော်မတီအနေဖြင့် သဘာဝဘေး မကျရောက်မီအချိန်ကပင် ကြိုတင်၍ မုန်တိုင်းသတင်းများ၊ သဘာဝဘေးဆိုင်ရာ ပညာပေးအစီအစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရေဒီယို၊ FM၊ နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြပေးခဲ့သလို အွန်လိုင်းစာမျက်နှာများဖြစ်သော MOI webportal၊ Myanmar Digital News website များ၊ လူမှုကွန်ရက် စာမျက်နှာများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြပေးခဲ့သည်။ သက်ဆိုင်ရာဝန်ကြီးဌာနများက ပေးပို့လာသည့် အသိပညာပေးအစီအစဉ်များကိုလည်း ထုတ်လွှင့်ရေးသားဖော်ပြခဲ့သည်။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထုတ်ဝေသော မုန်တိုင်းအသိပညာပေး လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ရခိုင်ပြည်နယ် ၁၇ မြို့နယ်၌ ဖြန့်ဝေခဲ့သည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ပေးနေသော မုန်တိုင်းသတိပေးချက်၊ လေဖိအားနည်းရပ်ဝန်းအခြေအနေ ထုတ်ပြန်ချက်များကို အထက်ပါအတိုင်း အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မြို့နယ်များအတွင်း အသံချဲ့စက်များဖြင့် လှည့်လည်ကြေညာပေးခဲ့သည်။

မုန်တိုင်း ကျရောက်ပြီးကာလတွင်လည်း သတင်းများပြတ်တောက်မသွားစေရေးအတွက် စစ်တွေရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် Uplink Unit V Sat တပ်ဆင်ထားပြီး AVI West တစ်လုံးကိုလည်း မေလ ၁၀ ရက်နေ့ကတည်းက ကြိုတင်ပေးပို့ထားခဲ့သည်။ ၎င်းအပြင် မေလ ၁၁ ရက်နေ့ကတည်းက မောင်တောမြို့သို့ Back Pack တစ်စုံ ကြိုတင်ပို့ဆောင်၍ သတင်းများ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။



မိုခါမုန်တိုင်းဒဏ်ကြောင့် ကျိုးကျပျက်စီးခဲ့သော 100 Meter Self Supporting Tower တိုင်ကို တွေ့ရစဉ်။



ယာယီတပ်ဆင်ထုတ်လွှင့်နေသော 30 Meter Guyed Tower တိုင်ကို တွေ့ရစဉ်။

**စန္ဒရားဦးကွန်းဇော်မျိုးဆက်နှင့် ရေစက်ဆုံ**

မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ပြည်နယ်အတွင်းရှိမြို့နယ်အသီးသီးမှ ပြန်ကြားရေးဝန်ကြီးဌာနအောက်က ဦးစီးဌာနများ၊ လုပ်ငန်းများကို စေ့ငုလေ့လာကြည့်သောအခါ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအောက်ရှိ ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ)၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအောက်ရှိ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ စသည်ဖြင့် တွေ့ရှိရသည်။ မိမိသိလိုသမျှကို ပြည်နယ်တွင် တာဝန်ထမ်းဆောင်နေသော သက်ဆိုင်ရာဌာနအလိုက် ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဇုန်နယ်မှူး (အင်ဂျင်နီယာမှူး) များကို မေးမြန်းရပါတော့သည်။

"ကျွန်တော့်အဖေက စန္ဒရား ဦးကွန်းဇော်ပါ"

"ရော်"

စန္ဒရားဦးကွန်းဇော်၏ သားဖြစ်ကြောင်းပြောသူက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရခိုင်ပြည်နယ်ရုံးတွင် တာဝန်ထမ်းဆောင်နေသောညွှန်ကြားရေးမှူး ဦးတင်ကိုဝင်းဖြစ်သည်။ စန္ဒရားကွန်းဇော်၏ လက်သံကိုရော၊ သူရေးဖွဲ့ခဲ့သည့် တေးသီချင်းများကိုရော ကျွန်တော်နှစ်သက်ခဲ့သည်။ Sky-Net မှာ လိုင်းပေါင်းများစွာရှိသော်ငြားလည်း ကျွန်တော်အများဆုံး ကြည့်ဖြစ်သည်မှာ Skynet Sport Channel၊ ASIAN Movies နှင့် Skynet Music Channel များပင်ဖြစ်သည်။ Skynet Music Channel မှာမှ ခေတ်ပေါ် မြန်မာသံစဉ်တေးများကို နှစ်သက်ခဲ့သည်။ ဟောင်း၍ကောင်းနေသော သီချင်းများဖြစ်နေသည်။ ထိုသီချင်းဟောင်းတို့ကိုပင် ထပ်ခါတလဲလဲကြည့်ဖြစ်နေသည်မှာ ဆယ်စုနှစ်နှင့်ချီခဲ့ပြီ။ ထိုအထဲတွင် ဂီတစာဆို ဂီတမှူး စန္ဒရားကွန်းဇော်၏ဂီတသက်တမ်း ရွှေရတုနှစ်(၅၀)ပြည့်အထိမ်းအမှတ် တီးခတ်သီဆိုဖျော်ဖြေ တင်ဆက်ထားသော "သံစဉ်များရဲ့ ဂန္ထဝင်ည" ဂီတဖျော်ဖြေပွဲလည်းပါဝင်သည်။ စေလိုရာစေ၊ ဖိုးလမင်းကို ရှက်တယ် အစရှိသော သီချင်းများနှင့် အကြိုက်ဆုံးသီချင်းကတော့ အစ်မကြီးတက္ကသိုလ်လဲ့လဲ့ သီဆိုထားသည့် နှင်းဆီမလေးချစ်ပုံပြင် သီချင်းဖြစ်သည်။

"ပြီးတော့ ကျွန်တော်က စာရေးဆရာ မောင်မိုးယံနဲ့ ညီအစ်ကိုဝမ်းကွဲတော်ပါတယ်"

"ရော်"

ကျွန်တော် အာမေဍိတ်သံ "ရော်" က ထပ်၍ထွက်သွားရပြန်သည်။ အမျိုးသားစာပေဆုရ ဆရာမောင်မိုးယံဆိုသော အစ်ကိုကြီး ဗိုလ်မှူးမျိုးသန့်ကိုလည်း ရင်းနှီးနေပါသည်။ ဂီတနှင့်ရော စာပေနှင့်ပါ မျိုးဆက်မကင်းသည့် ပြန်/ဆက် ဝန်ထမ်းတစ်ယောက်နှင့် ရခိုင်တွင် လာရောက်ဆုံစည်းခွင့် ရခဲ့ပါသည်။ သူ့ရုံးအနေဖြင့်လည်း ပြန်ကြားရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ မုန်တိုင်းမကျရောက်မီ မြို့နယ် ၁၇ မြို့နယ်အတွင်း လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ဟောပြောဆွေးနွေးခြင်းများ ၈၄ ကြိမ်၊ အသံချဲ့စက်များဖြင့် လှည့်လည် ကြေညာအသိပေးခြင်းများ ၂၇၂ ကြိမ်၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးမှု၊ စားရေရိက္ခာများ ဖြန့်ဝေမှု၊ ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေမှု၊ ဓာတ်တိုက်လေ့ကျင့်မှု၊ အစည်းအဝေးများ ကျင်းပမှုတို့နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်မှု ၂၄၀ အထိ ဆောင်ရွက်ခဲ့သည်။ ရခိုင်ပြည်နယ်၏ ရေမြေသဘာဝအရ အသံချဲ့စက်များဖြင့် လှည့်လည်ကြေညာရာတွင် အချို့ပင်လယ်တွင်းကျေးရွာများကို ရေလမ်းခရီးဖြင့် သွားရောက်ခဲ့ကြရသည်။

မုန်တိုင်း ကျရောက်ပြီးကာလမှာ လူမှုကွန်ရက် စာမျက်နှာများတွင် တွေ့လာရသည့် သတင်းမှားများကိုလည်း ပြန်လည်ချေဖျက်ဆောင်ရွက်ခဲ့ရသည်။ ကြည့်ရှုသူများပြားသည့် Telegram Channel များနှင့်ဆက်သွယ်၍ သတင်းမှန်များ အမြန်ပေးပို့ကာ အသိပေးထုတ်ပြန်ခဲ့သည်။ အထူးသဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်၊ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားချက်တို့ဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဒေသခံပြည်သူ ခြောက်သိန်းကျော်ကိုဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့မှုအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် NP News သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းအစီအစဉ်များ ပြုလုပ်နိုင်ခဲ့ပါသည်။ ပြန်/ဆက်ရုံး ပန်းဆိုးတန်းလမ်းတွင် ရှိနေချိန်၊ ၁၉၉၇ ခုနှစ်လောက်ကတည်းက ဝင်ထွက်သွားလာခဲ့သည်ဖြစ်ကြောင်း၊ ဆရာဦးချစ်နိုင်မှအစ ဆရာ ကြို့ပင်ကောက်တင်မောင်ဦး၊ ဆရာဦးလှအေးနှင့် သူ့တပည့် မစိမ်းလဲ့၊ မနုနုစိန်၊ ဓာတ်ပုံဆရာများဖြစ်သည့် ကိုအောင်တင်၊ ကိုသန်းအောင်၊ ကိုကျော်ဆွေမိုး၊ ကိုမိုးမင်းလှိုင်တို့နှင့် ခင်မင်ကြောင်း ပြောခဲ့သည်။

**နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် မေလ ၁၅ ရက်နေ့ ရခိုင်ပြည်နယ် စစ်တွေမြို့ခရီးစဉ်နှင့် မေလ ၁၆ ရက်နေ့ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ သွားရောက်ပြီး မိုခါမုန်တိုင်းဒဏ်သင့်ခဲ့သည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည့်ခရီးစဉ်၌ အောက်ပါအတိုင်း လမ်းညွှန်မှာကြားခဲ့ပါသည် -

"ရခိုင်ပြည်နယ်တွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဆက်သွယ်ရေးတာဝါတိုင်များနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်တိုင်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ပေါင်းစပ်၍ အမြန်ဆုံးပြုပြင်ဆောင်ရွက်ရန်"

ယင်းလမ်းညွှန်ချက်အရ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် မေလ ၁၄ ရက်နေ့က ပြိုလဲသွားခဲ့သော 100 Meter Self Supporting Tower တိုင်ကို စနစ်တကျဖြုတ်သိမ်း၍ ယင်းနေရာတွင် 30 Meter Guyed Tower တိုင်ကို မေလ ၁၆ ရက်နေ့တွင် ယာယီအစားထိုး စိုက်ထူတပ်ဆင်ခဲ့ပါသည်။ ယင်းနောက် ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်များကို မေလ ၃၀ ရက်နေ့တွင် ပြန်လည်ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။ ၎င်းအပြင် စစ်တွေမြို့အပါအဝင် မုန်တိုင်းသင့်ဒေသများ၌ ရုပ်မြင်သံကြား ထုတ်လွှင့်မှုကို ကြည့်ရှုနိုင်ရေးအတွက် DTH စလောင်း အစုံ ၅၀၀ ကို မေလ ၁၆ ရက်နေ့တွင် စစ်တွေမြို့သို့ ပို့ဆောင်ပေးခဲ့ပြီး ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဖြန့်ဝေပေးခဲ့ပါသည်။

**ပြည်နယ်အတွင်းရှိ ထပ်ဆင့်လွှင့်စက်ရုံများ**

ရခိုင်ပြည်နယ်အတွင်း၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ၁၆ ရုံ ရှိပါသည်။ စစ်တွေမြို့၌ 100 Meter Self Supporting Tower ကို ၁၉၈၆ ခုနှစ်တွင် Analogue 10 kw ဖြင့် စတင်ထုတ်လွှင့်ခဲ့ပြီး ၂၀၁၄ ခုနှစ်၌ Digital 3 kw နှင့် မြန်မာ့အသံ FM 2 kw လွှင့်စက်တို့ တပ်ဆင်ထုတ်လွှင့်ခဲ့ရာ စက်ရုံမှ မိုင် ၃၀ ဝန်းကျင်အတွင်း လွှင့်အားပျံ့နှံ့သက်ရောက်မှုရှိခဲ့သည်။ မြောက်ဘက် ၂၂ မိုင်အကွာရှိ ပါဒလိတ်၊ သင်ပုန်းတန်း၊ ကျောင်းတောင်ရွာနှင့် စေတီပြင်အထိ လည်းကောင်း၊ အရှေ့ဘက် မိုင် ၃၀ အတွင်းရှိ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ မင်းပြားအထိလည်းကောင်း၊ အရှေ့တောင်ဘက်ယွန်းယွန်းရှိ မြေပုံနှင့် ချောင်းခွအထိလည်းကောင်း လွှင့်အားရှိခဲ့ကြောင်းတွေ့ရသည်။ ယခုယာယီ တပ်ဆင်ထားသော 30 Meter Guyed Tower ကမူ Digital TV 300 W လွှင့်စက်နှင့် မြန်မာ့အသံ FM 300 W လွှင့်စက်တို့ဖြင့် ထုတ်လွှင့်လျက်ရှိရာ စစ်တွေမြို့ ပတ်ဝန်းကျင်နှင့် ၁၀ မိုင်အတွင်းသာ လွှင့်အားသက်ရောက်မှုရှိပါသည်။

မြောက်ဦးစက်ရုံသည် ၂၀၁၈ ခုနှစ်က တည်ဆောက်ထားပြီး လွှင့်အား 300 W စက်ရုံဖြစ်သည်။ ဇွန်လ ၁၅ ရက်နေ့တွင် ပြန်လည်ထုတ်လွှင့်ပြသနေပြီဖြစ်သည်။ ကျောက်တော်ရှိ 600 W စက်ရုံကို ၁၉၉၉ ခုနှစ်တွင် တည်ဆောက်ပေးခဲ့ပြီး မုန်တိုင်းကြောင့် ပျက်စီးမှုအနည်းငယ်ကို ပြုပြင်ပြီးနောက် မေလ ၂၂ ရက်နေ့တွင် ပြန်လည်ထုတ်လွှင့်ပြသပေးနိုင်ခဲ့ပါသည်။ ကျောက်ဖြူစက်ရုံ 50 W၊ ဘူးသီးတောင်(မောင်တော) စက်ရုံ 1 kw၊ အမ်းနှင့် မင်းတက် (ရှောက်ခြံ)၊ မာန်အောင်၊ ရမ်းဗြဲနှင့် ပိန္နဲတောင်၊ မအီ၊ လမူး၊ တောင်ကုတ်၊ သံတွဲ၊ ကျိန္တလီနှင့် ဂွ ထပ်ဆင့်လွှင့်စက်ရုံများမှာ ထိခိုက်ပျက်စီးမှုအနည်းငယ်စီသာရှိသဖြင့် ပုံမှန်ထုတ်လွှင့်မှုများ ဆောင်ရွက်နေပါသည်။ ရခိုင်ပြည်နယ်၏ ဇုန်နယ်မှူးတာဝန်ယူထားသော ဦးကိုကိုမင်း (အင်ဂျင်နီယာမှူး)အနေဖြင့်လည်း စက်ရုံများ ထုတ်လွှင့်မှုအခြေအနေများကို ရခိုင်ပြည်နယ်အစိုးရ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့သို့ အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြ ဆောင်ရွက်လျက်ရှိပါသည်။

**အနုပညာရှင်များက စေတနာနှင့် သဒ္ဒါတရားထက်သန်**

မိုခါမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးနောက် စာမျက်နှာ ၁၂ သို့ ✣

✣ စာမျက်နှာ ၁၁ မှ

မေလ ၁၇ ရက်နေ့၌ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးတို့မှ အနုပညာရှင် ၄၉ ဦးတို့သည် တပ်မတော်လေယာဉ်ဖြင့် စစ်တွေမြို့သို့ သွားရောက်၍ စစ်တွေနှင့် အနီးတစ်ဝိုက်ရှိ မုန်တိုင်းသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးခြင်း၊ ကယ်ဆယ် ကူညီထောက်ပံ့ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင်တဝ မုန်တိုင်းသင့်ဒေသရှိ ပြည်သူများအား လှူဒါန်းထောက်ပံ့နိုင်ရန်အလို့ငှာ ရန်ပုံငွေပဒေသာကပွဲကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးတို့မှ အနုပညာရှင်များပူးပေါင်း၍ ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ဇွန်လ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ သုံးရက်တာ ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ယင်းဖျော်ဖြေပွဲ တင်ဆက်မှုကို ဇွန်လ ၂ ရက်နေ့၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ပါသည်။ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ဧည့်ခံတီးလုံး၊ ပဏာမအဖွင့်တီးလုံးတို့ဖြင့် တင်ဆက်ပြီး ရခိုင်စည်တော်အက၊ အပျိုတော်လမိုင်းအကတို့ဖြင့် ပါဝင်ဖျော်ဖြေခဲ့ကြသည်။ ယင်းနောက် ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များက မြူးကြွလှပသံစဉ်များ၊ တေးသံသာများ၊ ရုပ်ရှင်ဇာတ်ဝင်တေးများဖြင့် ပါဝင်ဖျော်ဖြေကြသကဲ့သို့ ဟာသပညာရှင်များ အစည်းအရုံး၏ ဟာသအစီအစဉ်၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၏ မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း အော်ပရာတို့လည်း ပါဝင်ခဲ့ပါသည်။

ရန်ပုံငွေပဒေသာကပွဲတွင် ဒါရိုက်တာ ညိုမင်းလွင်၏ "မီးခွက်စောင့်ကျွန်း"၊ ဒါရိုက်တာ ကျော်ဇောလင်း၏ "ကူညီပေးပါ"၊ ဒါရိုက်တာ ညွန့်မြန်မာ ညီညီအောင်၏ "တင်တောင်းမယ်"၊ ဒါရိုက်တာ မောင်မျိုးမင်း၏ "ပြန်လည်နိုးထကြပါစို့"၊ အေဝမ်းဦးသိန်းထွဋ်၏ "သမန်းကျားနှင့် ခေတ္တရာခရီးသည်"၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ၏ တစ်ခန်းရပ်ပြဇာတ်များ စသည်တို့ကို အားပေးကြည့်ရှုခဲ့ကြသည်။ အနုပညာရှင် ၂၀၇ ဦး ပါဝင်ခဲ့ပြီး မေလ ၂၇ ရက်နေ့မှ စတင်ဇာတ်တိုက်လေ့ကျင့်ခဲ့ကြခြင်းဖြစ်သည်။




ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက အနုပညာရှင်များ၏ အလှူငွေလှူဒါန်းမှုအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားစဉ်။

အဆိုပါရန်ပုံငွေပဒေသာကပွဲမှ ရရှိငွေကျပ် ၁၅၂၂ သိန်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဘောလုံးအသင်း (Movie FC)၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) (Music FC)၊ Forever Co.,ltd (Forever FC)၊ Old Star (ညွန့်ပေါင်း FC) တို့၏ လေးပွင့်ဆိုင် မိုခါရန်ပုံငွေဘောလုံးပွဲမှ ရရှိငွေကျပ်သိန်း ၉၅၀ စုစုပေါင်းငွေကျပ် ၂၄၇၂ သိန်းကို ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ဇွန်လ ၂၈ ရက်နေ့တွင် တပ်မတော်လေယာဉ်ဖြင့် သွားရောက်လှူဒါန်းခဲ့ကြရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး၏ ခရီးစဉ်**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဇွန်လ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက်ရန် မှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ယင်းနောက် စစ်တွေမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကာ မုန်တိုင်းဒဏ်ကြောင့် ကျိုးကျပျက်စီးခဲ့သော မီတာ ၁၀၀ Self Supporting Tower အား ပြန်လည်ရှင်းလင်းသိမ်းဆည်းရေး၊ အသစ်တပ်ဆင်ပြီးစီးခဲ့သည့် မီတာ ၃၀ Guyed Tower ဖြင့် ယာယီထုတ်လွှင့်ပေးနေမှု အဆင်ပြေစေရေး မှာကြားကာ စက်ရုံမှူးနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။ အလားတူ ပြည်ထောင်စုဝန်ကြီးသည် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ စစ်တွေမြို့ ကိုယ်ပွားသတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီပြီးစီးရေး မှာကြားပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့ပါသည်။

ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)သည် မိုခါမုန်တိုင်းမကျရောက်မီကာလ၌ နေ့စဉ်မြန်မာ့အလင်းသတင်းစာ ၁၅၉၈ စောင် ပုံနှိပ်ဖြန့်ဝေပေးခဲ့သည်။ ကြေးမုံ ၁၂၃ စောင်အား ကြေးမုံသတင်းစာတိုက်(ရန်ကုန်)မှ လေကြောင်းဖြင့် ပေးပို့ဖြန့်ဝေခဲ့သည်။ မုန်တိုင်းသင့်ပြီးနောက်တွင်လည်း သတင်းစာထုတ်ဝေဖြန့်ချိမှုရပ်ဆိုင်းသွားခြင်းမရှိဘဲ ရန်ကုန်မှ မှာယူကာ ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။ မြန်မာ့အလင်းစောင်ရေ ၁၀၀၊ ကြေးမုံစောင်ရေ ၁၂၃ စောင်ကို လေကြောင်းလိုင်းဖြင့်လည်းကောင်း၊ ကျန်သတင်းစာများကို အောင်သစ္စာမော်တော်ယာဉ်လိုင်းဖြင့်လည်းကောင်း မှာယူဖြန့်ချိပေးနေပါသည်။




ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ဟာသအစည်းအရုံးများမှ အနုပညာရှင်များက ရခိုင်ပြည်နယ် မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေကျပ် ၂၄၇၂ သိန်း ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး လက်ခံရယူစဉ်။

**ရွှေပြည်ရခိုင်ပုံရိပ်**

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ ရည်မှန်းချက်နှင့်အညီ တိုင်းရင်းသားဘာသာဖြင့်ပါ သတင်းဆောင်းပါးများကို ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရွှေပြည်ရခိုင်ပုံရိပ်ဟု အမည်ပေးထားသည့်သတင်းဆောင်းပါးလေးမျက်နှာ ဖွဲ့စည်းပုံနှိပ်ထားသော သတင်းစာကို ၂၀၁၇ ခုနှစ် စက်တင်ဘာလမှစတင်၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ကိုယ်ပွားသတင်းစာတိုက်မှ ပုံမှန်ဖြန့်ချိပေးခဲ့ပါသည်။ ယခုမုန်တိုင်းဒဏ်သင့်ပြီးချိန်၌လည်း အဆိုပါလေးမျက်နှာသတင်းစာကို ရန်ကုန်မြို့တွင် ပုံနှိပ်ကာ ဗုဒ္ဓဟူးနေ့တိုင်း ဆက်လက်ဖြန့်ချိပေးနေကြောင်း တွေ့ရသည်။ မြန်မာ့အလင်း၊ ကြေးမုံ၊ မန္တလေးနေ့စဉ်သတင်းစာများ၏ ညာအပေါ်ထောင့်တွင် ဓမ္မပဒအဆုံးအမ တရားများကို ဖော်ပြထားသကဲ့သို့ ရွှေပြည်ရခိုင်ပုံရိပ်တွင်လည်း ရခိုင်ဆိုရိုးများကို ဖော်ပြပေးလျက်ရှိသည်။ တာရှည်ကေဖောင်းစောက်တော၊ ဒေါသအမျက်ကိုယ်ကျိုးပျက်၊ ထောက်ထားကေနှောင့်ယှက်တေ ... စသည်ဖြင့်။ ရွှေပြည်ရခိုင်ပုံရိပ်သတင်းစာအား စွဲစွဲမြဲမြဲ ဖတ်သွားပါက ကြာလာလျှင် ရခိုင်လေယူလေသိမ်း၊ ရခိုင်ဘာသာစကားကို အတော်အတန် တီးမိခေါက်မိရှိလိမ့်မည်ဟု ကျွန်တော်တွေးလိုက်မိသည်။

**မိုခါကိုအနိုင်ယူခဲ့သည်**

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ကွပ်ကဲမှုအောက် ဦးစီးဌာနများအနေဖြင့် မိုခါမုန်တိုင်း မကျရောက်မီအချိန်ကတည်းက သတင်းလက်ဦးမှုရယူ၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများကို ကူညီပံ့ပိုးမှုများပေးခဲ့သည်။ သတင်းမီဒီယာ တိကျမြန်ဆန်အားကောင်းခြင်းသည် အသက်ပေါင်းများစွာကို ကူညီကယ်ဆယ်ရာလည်း ရောက်ပါသည်။ သတင်းမှားများကို တုံ့ပြန်ချေဖျက်နိုင်ခြင်းကလည်း နိုင်ငံတကာအလယ်တွင် မြန်မာဆိုသည်မှာ သွေးစည်းညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားပြန့်ပွားသည့်တိုင်းပြည်အဖြစ် သရုပ်သကန်ပေါ်လွင်စေခဲ့သည်။ အသက်အန္တရာယ်ထိခိုက်ဆုံးရှုံးမှု နည်းပါးခဲ့ခြင်း၊ ကူညီကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း တိကျမြန်ဆန်စွာ ဆောင်ရွက်နိုင်ကြောင်း ထုတ်လွှင့်ပြသနိုင်ခဲ့ခြင်း၊ မုန်တိုင်းသင့်ဒေသများမှ ပြည်သူများအတွက် လှူဒါန်းမှုများစွာ ရှိနေခြင်းတို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာနသည် မိုခါမုန်တိုင်းအပေါ် အန်တုယှဉ်ပြိုင် အနိုင်ယူခဲ့ပါကြောင်း ရေးသားဂုဏ်ပြုလိုက်ရပါသည်။ ။

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ပြည်ခရိုင်ရှိ နတ်မော်ရေတင်လုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပင်မရေပေးမြောင်းအတွင်း သဲနုန်းပို့ချမှုကို ဖယ်ထုတ်ရှင်းလင်းရန်နှင့် စိုက်ပျိုးရေအကျိုးပြုရေယာ တိုးမြှင့်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စက်မှုစိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်း (ရွှေတောင်မြို့) သို့ ရောက်ရှိပြီး ကျောင်းအုပ်ဆရာကြီး၊ ဆရာဆရာမများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေး၊ မွေးမြူရေး အထူးပြုဘာသာရပ် သင်ကြားရေးလုပ်ငန်းများနှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးကာ လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများ လက်တွေ့ စိုက်ပျိုးထားသော စပ်မျိုးနေကြာ မျိုးစေ့ထုတ်စိုက်ခင်းများ၊ ရာသီ သီးနှံစိုက်ခင်းများ၊ စင်တင်သီးနှံများ၊ နှစ်ရှည်ပင်များ၊ ဟင်းသီးဟင်းရွက် သီးနှံစိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သဲကုန်းမြို့နယ်ရှိ အင်းမအင်းနှင့် အင်းမရေထိန်းဆည် ရေစီးရေလာကောင်းမွန်စေရေး၊ အင်းအတွင်းသို့ဝင်ရောက်သော ချောင်းလက်တက်များတွင် ချောင်းပိတ်မြောင်းပိတ်လုပ်ငန်းများ ဆောင်ရွက်ပြီး စိုက်ပျိုးဧက တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် နတ္တလင်းမြို့နယ်ရှိ ကျခတ်ဝါးရုံ ရေတံခါးတွင် စနစ်ကျ လယ်ယာမြေ ဖော်ထုတ်မည့် အခြေအနေများ၊ ဇီးကုန်းမြို့နယ် ငွေးပင်ကုန်းရေတံခါး တောင်ညိုဆည်ရေသောက်မှ အသုံးပြုစီးဆင်းလာသည့် ပိုလျှံရေများဖြင့် တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးနိုင်မည့် ရေပေးမြောင်းနှင့် ဆက်စပ်ရေအား အဆောက်အအုံ လုပ်ငန်းများ တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေး၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ရေရရှိရေးနည်းလမ်းများတွင် ပူးပေါင်းလုပ်ဆောင်ရေး ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် သာယာဝတီခရိုင် မင်းလှမြို့နယ်နှင့် မိုးညိုမြို့နယ်အစပ် ထန်းပင်ကုန်း ကျေးရွာအနီး မြစ်မခမြစ်ဝှမ်း ရေနက်ကွင်းအတွင်း ငါးကန် ဧက ၁၀၀ စွန့်ဦးတီထွင် လုပ်ကိုင်ရန် တင်ပြထားသည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးသိပ္ပံကျောင်း (သာယာဝတီ)၌ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် ပဲခူးမြို့နယ် မြို့ဦးကင်းတံတားအနီး ပဲခူးမြစ်တာ ကြံခိုင်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆည်မြောင်း ပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ (ITC) အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပဲခူးတိုင်းဒေသကြီး၏ စားရေရိက္ခာဖူလုံပိုလျှံရေး၊ လယ်ယာထွက်ကုန် အခြေခံကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် ရေအသုံးချသူများအသင်း ဖွဲ့စည်းပြီး သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် နေ့အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်အထက် မြင့်တက်

**တိုကျို ဩဂုတ် ၁၃**

ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် နေ့အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်အထက် မြင့်တက်ခဲ့ပြီး အန္တရာယ်အဆင့်သို့ ဆက်လက်ရောက်ရှိနိုင်ဖွယ်ရှိကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ခန့်မှန်းပြောကြားသည်။

ဩဂုတ် ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီအထိ နေ့အပူချိန်သည် နာဂိုယာမြို့၌ ၃၆ ဒသမ ၇ ဒီဂရီစင်တီဂရိတ်၊ ဂီဖူမြို့၌ ၃၅ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့် ကျိုတိုမြို့၌ ၃၅ ဒသမ ၂ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောသည်။

ထို့ပြင် အိုကာယာမ၊ ကျိုတိုနှင့် ဂီဖူမြို့တို့တွင်လည်း အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထားသည်။ အိုဆာကာမြို့၌ ၃၇ ဒီဂရီစင်တီဂရိတ်နဲ့ ဟီရိုရှီးမားမြို့၌ ၃၆ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်မည်ဟု ဂျပန်မိုးလေဝသအေဂျင်စီက ခန့်မှန်းပြောကြားသည်။

ဂျပန်နိုင်ငံမြောက်ပိုင်းတွင် ဩဂုတ် ၁၄ ရက်အထိ နေ့အပူချိန်သည် ၃၅ ဒီဂရီ စင်တီဂရိတ်သို့မဟုတ် ယင်းထက်ပိုမို မြင့်တက်နိုင်ပြီး ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့တွင် ဩဂုတ် ၁၅ ရက်အထိ အပူချိန်များ ဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားသည်။

မိုးလေဝသတာဝန်ရှိသူများက ပြည်သူများ အပူလျှပ်ခြင်းဒဏ်မခံစားရစေရန် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

မလိုအပ်ဘဲ အပြင်ထွက်ခြင်းကို ရှောင်ကြဉ်ရန်၊ လေအေးပေးစက်ကို မှန်ကန်စွာ အသုံးပြုရန်နှင့် ရေမကြာခဏ သောက်သုံးရန် အကြံပေးထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**






# အင်အားပြင်း တိုင်ဖွန်းမုန်တိုင်းလန် ဂျပန်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ဖွယ်ရှိ

**တိုကျို ဩဂုတ် ၁၃**

အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း လန်သည် ဂျပန်နိုင်ငံ အိုဂါဆာဝါရာကျွန်းစုများအနီးရှိ ရေပြင်ကို ဖြတ်ကျော်ကာ ပစိဖိတ်သမုဒ္ဒရာအတွင်း မြောက်ဘက်သို့ ရွေ့လျားလျက်ရှိသည်။

တိုင်ဖွန်းလန်သည် ဂျပန်နိုင်ငံအလယ်ပိုင်း တိုကိုင်ဒေသနှင့် ဂျပန်နိုင်ငံအနောက်ပိုင်းရှိ ရီကိုကူဒေသတို့ကြားရှိ ကုန်းတွင်းပိုင်းသို့ ဩဂုတ် ၁၅ ရက်တွင် ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိမည်ဟု ခန့်မှန်းရသည်။

လက်ရှိတွင် တိုင်ဖွန်းလန်သည် ဂျပန်နိုင်ငံ၏ ဟွန်ရှူးကျွန်းနှင့် ဝေးကွာနေဆဲဖြစ်သော်လည်း ဂျပန်နိုင်ငံအရှေ့ပိုင်းရှိ တိုကျိုမြို့တော်အပါအဝင် ကန်တိုဒေသနှင့် ဂျပန်နိုင်ငံအနောက်ပိုင်း ကန်ဆိုင်းဒေသတို့ကြား ပစိဖိတ်ကမ်းရိုးတန်းတို့၌ လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသ ပညာရှင်များက ခန့်မှန်းပြောကြားသည်။

ဩဂုတ် ၁၃ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီမှစပြီး တိုင်ဖွန်းလန်သည် ချီချီဂျီမာကျွန်း၏ အနောက်မြောက်ဘက် ၃၃၀ ကီလိုမီတာအကွာ ရေပြင်ကို အရှိန်အဟုန်ဖြင့်တိုက်ခတ်ကာ အနောက်ဘက်နှင့် အနောက်မြောက်ဘက်သို့ ရွေ့လျားနေကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားသည်။လေတိုက်နှုန်းသည် တစ်နာရီလျှင် ၁၄၄ ကီလိုမီတာအထိရှိပြီး အမြင့်ဆုံးလေတိုက်နှုန်းသည် တစ်နာရီလျှင် ၁၉၈ ကီလိုမီတာအထိ ရှိကြောင်း သိရသည်။

ဩဂုတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် အနောက်ဘက် ပစိဖိတ်ကမ်းရိုးတန်း၌ မိုးကြိုးမုန်တိုင်းနှင့် ဒေသအလိုက် မိုးသည်းထန်စွာ ရွာသွန်းနိုင်သည်ဟု ခန့်မှန်းရသည်။

မိုးသည်းထန်စွာရွာသွန်းပါက မြေပြိုမှုများနှင့် မြစ်ရေလျှံမှုများ ဖြစ်ပေါ်နိုင်သည်။

အရေးပေါ်သတိပေးချက်များကို မကြာခဏ စစ်ဆေးရန်နှင့် မုန်တိုင်းမကျရောက်မီ ဒေသဆိုင်ရာ မြေပုံများတွင် အန္တရာယ်များသောနေရာများကို ရှာဖွေရန် မိုးလေဝသတာဝန်ရှိသူများက ပြည်သူများအား တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံ၌ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး ဆောင်ရွက်

**ဟန္နိုင်း ဩဂုတ် ၁၃**

ဗီယက်နမ်နိုင်ငံသည် ၎င်း၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုကို သဟဇာတဖြစ်စေရေးအတွက် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးနှင့် ကာဗွန်ထုတ်လွှတ်မှုနည်းသော စီးပွားရေးလုပ်ငန်းစနစ်ကို ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တုံ့ပြန်မှု၊ အရင်းအမြစ်စီမံခန့်ခွဲမှုနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးတို့ကို တာဝန်ရှိသူများက အာရုံစိုက်လာခဲ့သည်။ သဘာဝပတ်ဝန်းကျင်သည် နိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်ဖြစ်သည်ဟု ဒေသတွင်း သတင်းစာ Vietnam News က ဖော်ပြသည်။

ဗီယက်နမ်သည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တုံ့ပြန်မှုနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးဆိုင်ရာ ရည်မှန်းချက်များကို ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် ထည့်သွင်းကာ ရာသီဥတုပြောင်းလဲမှု၊ သဘာဝအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ တစုတစည်းတည်း ပေါင်းစပ်ပြီး ဒေတာအချက်အလက်စနစ်ကို ထူထောင်ခဲ့ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# အမေရိကန်နှင့် ဂျပန်နိုင်ငံတို့ အသံထက်မြန်သော ဒုံးကျည်များကို ထောက်လှမ်းနိုင်သည့် ဒုံးကျည်ကြားဖြတ်စနစ်သစ် ပူးပေါင်းတီထွင်မည်

**ဝါရှင်တန် ဩဂုတ် ၁၃**

အမေရိကန်နှင့် ဂျပန်နိုင်ငံတို့သည် အသံထက်မြန်သော ဒုံးကျည်များကို ထောက်လှမ်းနိုင်သည့် ဒုံးကျည်ကြားဖြတ်စနစ်သစ်ကို ပူးပေါင်းတီထွင်ရေးနှင့် ပတ်သက်ပြီး သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးရန် ကြိုးပမ်းလျက်ရှိသည်။

မြောက်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့သည် အသံ၏ အမြန်နှုန်းထက် ငါးဆခန့် မြန်သော ထောက်လှမ်းရ ခက်ခဲသည့် လက်နက်များကို တီထွင်ထုတ်လုပ်လျက်ရှိသည်။

အမေရိကန်နှင့် ဂျပန်နိုင်ငံတို့သည် အဆိုပါ အသံထက်ပိုမိုမြန်ဆန်သည့် လက်နက်များကို ဟန့်တားရန်နှင့် တုံ့ပြန်နိုင်စွမ်းကို အားကောင်းစေရန် ကြိုးပမ်းသည့်အနေဖြင့် ဒုံးကျည်ကြားဖြတ်စနစ်သစ်ကို ပူးတွဲတီထွင်ရန် စီစဉ်လျက်ရှိသည်။

ထို့ပြင် အာကာသဆိုင်ရာစီမံကိန်းတစ်ရပ်ကိုလည်း နှစ်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။ အဆိုပါစီမံကိန်းတွင် ထောက်လှမ်းရေး စုဆောင်းနိုင်မှု စွမ်းရည်များ မြှင့်တင်ရန်အတွက် ဂြိုဟ်တုငယ်များ အတူတကွ လုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းကိစ္စနှင့် ပတ်သက်ပြီး ဩဂုတ် ၁၇ ရက်တွင် စတင်မည့် ဝန်ကြီးချုပ်ကီရှီဒါ၏ အမေရိကန်ခရီးစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ်ကီရှီဒါနှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့သည် သဘောတူညီချက် တစ်ခုရရှိမည်ဟု မျှော်လင့်ရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# ပေကျင်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ၂၀၂၃ ခုနှစ်အတွင်း ခရီးသည်ဝင်ရောက်မှု သန်း ၃၀ ကျော်ရှိ

**ပေကျင်း ဩဂုတ် ၁၃**

တရုတ်နိုင်ငံ ပေကျင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ၂၀၂၃ ခုနှစ်အတွင်း ခရီးသည်ဝင်ရောက်မှုသည် ဩဂုတ် ၁၁ ရက်အထိ သန်း ၃၀ကျော် ရှိကြောင်း လေဆိပ် တာဝန်ရှိသူများက ယနေ့ ပြောသည်။

အလားတူ ယခုနှစ် ဩဂုတ် ၁၁ ရက်အထိ ပေကျင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လေကြောင်းခရီးစဉ်ပေါင်း ၂၂၀၀၀၀ ရှိခဲ့ကြောင်း သိရသည်။

လေဆိပ်တွင် လေယာဉ်ဆိုက်ရောက်မှုနှင့် ခရီးသည် ဝင်ရောက်မှုပမာဏသည် နွေရာသီခရီးသွားကာလမှ စပြီး ခရီးသွားလာမှု အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပြီး ဩဂုတ်လတွင် လေဆိပ်၏ နေ့စဉ်ခရီးသည် ပျမ်းမျှ ၁၆၉၀၀၀ ရှိကြောင်း လေဆိပ်၏ တရားဝင်အချက်အလက်များအရ သိရသည်။

နွေရာသီကာလတွင် မိသားစုခရီးသွားများနှင့် ကျောင်းသားအဖွဲ့ ခရီးစဉ် သွားလာမှုများ ရှိနေသေးသည့်အတွက် လေဆိပ်သို့ ခရီးသည်ဝင်ရောက်မှု အရေအတွက် ဆက်လက် မြင့်မားနေမည်ဟု မျှော်လင့်ရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



❖

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# တရားမဝင် ကျွန်းသစ်၊ ကျောက်စိမ်းတုံးများ၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၂ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်မြို့နယ် တရားမဝင်ကုန်ပစ္စည်းများ တားဆီးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ သိန်းသန်းချီကားဝင်းအနီး၌ စုပုံထားသော တရားမဝင် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်သည့် MOJIA Chair တစ်ခု၊ Wifi Router အခု ၅၀၀ အပါအဝင် ကုန်ပစ္စည်း ၂၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၂၀၀၀)ကို လည်းကောင်း၊ မူဆယ်မြို့ မင်္ဂလာမူဆယ်အနီးလမ်းမကြီးဘေးတွင် စုပုံထားသော တရားမဝင်အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်သည့် တရုတ်နိုင်ငံထုတ်တံဆိပ်ပါ Beer ၃၆၂၄ ပုလင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၃၆၀၀၀)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၃၈၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၂ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီခရိုင်တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့က မြဝတီမြို့ သဃ်န်းညီနောင်ကျေးရွာအနီး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Slipper ဖိနပ် အရန် ၉၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Vanette တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဩဂုတ် ၁၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သိန္နီမြို့နယ် နမ့်အွမ်ကျေးရွာအနီး



ရှမ်းပြည်နယ်၌ သိမ်းဆည်းရမိမှု။

ရှောင်ကွင်းလမ်းထိပ်တွင် ရပ်တန့်ထားသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးဆိုဒ်စုံ ၁၉ တုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Crown Saloon တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၁၃ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တော ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က သာယာဝတီခရိုင်အတွင်း စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၄၇၁ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၃၁၀၅၈)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၆၁၉၀၅၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၈-၂၀၂၃ တနင်္ဂနွေ

### MRTV HD

- ၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ စွန့်ပစ်ပစ္စည်းမှသည် လက်မှုအနုပညာရပ်ဆီ(အုန်းခွံ)
- ၀၉:၁၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၀:၃၀ Economic Review
- ၁၁:၃၀ ဘဝနှင့်အနုပညာ 'အကအလှသရုပ်ဆောင် ဆိုဖီယက်ဖြိုးနှံ့နှံ့ဝင်း' (အပိုင်း-၁)
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဗိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၃၉)
- ၁၃:၃၀ MRTV National News
- ၁၅:၃၀ ကျန်းမာရေးမဂ္ဂဇင်း(တိုင်းရင်းဆေး)
- ၁၆:၃၅ မျိုးဝက်တင့်စေဆိုကရေးတီးအမွေ
- ၁၇:၁၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၃၅ This Week's Special Interest
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ New Future Program
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာပျက်နာရုံး' (အပိုင်း-၃၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ကံကြမ္မာမုန်တိုင်း' (အပိုင်း-၄၄)
- ၂၂:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သောအချိန်စက်ဝန်း' (အပိုင်း-၁၆)

### mitv

- 07:01 Evergreen Classic : Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu
- 07:12 A Trip to Gyobyu Reservoir (Part-1)
- 07:40 Dances of Myanmar: Mon Farmer Choral Dance
- 07:51 The Pride Of Myanmar Traditional Handicraft
- 08:01 News
- 08:26 ASEAN Women Entrepreneurship: Indonesia
- 08:37 Myanmar Traditional Identity (EP- 4) Tumbling Doll, Pyit Tine Htaung
- 08:49 A Precious Gift from Waste
- 09:01 Living Myanmar Glazed Ceramics
- 09:17 Tobacco Pipe Making Business (Ywar Lut Village)
- 09:24 Discovering Tribes: Ancient Kayah- their life and customs
- 10:01 News

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
စံကားမြို့ဟောင်းနှင့်ဖယ်ခုံအင်းအလှ

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
မျိုးဝက်တင့်စေယဉ်ကျေးမှုအမွေ (မြောက်ဦး-Interview)(အပိုင်း-၂)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ကွန်ဟိန်း-တောင်ကြီးကြားက ရှမြင်းတဲ့လမ်းခရီး

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ဝရိုးရာရက်ကန်းနှင့်အထည်

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
လီဆူရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
သဘာဝဆန်ဆန်အလှရှိရာ ခူးပရာတောင် ရွှေတောင်တန်းဆီသို့

**ပအိုဝ်းကရင် (၁၈:၀၀ မှ ၁၉:၀၀)**
အစာလည်းဆေး၊ ဆေးလည်းအစာ

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ပျော်ပျော်ပါးပါးမျှစ်ချိုးသွားရအောင်

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
တွေမြင်ခံစားကြာအင်းတောင်ပေါ်မှမြင်ကွင်းများ

**ချင်း (လိုင်စိုး) (၂၁:၀၀ မှ ၂၂:၀၀)**
ချင်း(ချိုး)ဝတ်စားဆင်ယင်မှုများ(အပိုင်း-၂)

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
အစွမ်းထက်တဲ့ရေတိကောင်းအကြောင်း သိကောင်းစရာ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၄၅ Sports Diary
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အရိပ်တကြည့်ကြည့်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ "PR SYSTEM" ရှင်းလင်းပွဲ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည့်ပန်းတိုင်ဆီ (အပိုင်း-၆)
- ၁၈:၀၀ Economic Review (အပိုင်း-၁၅)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၃၅ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ရုပ်ရှင်ဇာတ်လမ်း ငရဲဆေးဘကျော် (အပိုင်း-၁)
- ၁၉:၀၀ Tatched Living: A Nostalgi Future
- ၁၉:၃၀ Rice Farming From Seed To Harvest Rice Paddy Cultivation Documentary "How Rice is Made"
- ၂၂:၀၀ Back To Eden Garding Documentary Film: How to Grow

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary
- ၀၇:၃၀ Chengdu Special
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကတ်ဘောအက်ငဆး' (အပိုင်း-၃၆)

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# တိုင်းဒေသကြီးအဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**ရန်ကုန်　ဩဂုတ်　၁၃**

ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တိုင်းဒေသကြီးကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက ကျောင်းကျန်းမာရေးသီချင်းသီဆို၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ယနေ့ ကျောင်းသားလူငယ်များသည် အနာဂတ်တွင် စွမ်းရည်ပြည့်စုံထက်မြက်သော နိုင်ငံသားကောင်းများဖြစ်လာစေရန် ရည်ရွယ်၍ ယခုနှစ် အထိမ်းအမှတ်ဆောင်ပုဒ်ကို "ကျန်းမာပျော်ရွှင် ပညာသင်၊ စွမ်းရည်ထက်မြက် အနာဂတ်အတွက်" ဟူ၍ သတ်မှတ်ထားကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ကျန်းမာရေးအဆင့်မြင့်ကျောင်းများကို နိုင်ငံတစ်ဝန်းတွင် ထူထောင်လျက်ရှိပြီး အရေးပါသည့် ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ပညာရေးဝန်ကြီးဌာနအပါအဝင် နီးနွယ်ဆက်စပ်ဝန်ကြီးဌာနများ၊ ဆရာနှင့်မိဘများ၊ ရပ်ကွက်၊ ကျေးရွာအောက်ခြေအဆင့်အထိ တာဝန်ရှိသူများ၊ ပြည်သူများအားလုံး လက်တွဲ၍ ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်က ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးလွင်က ကျန်းမာရေးအဆင့်မြင့်ကျောင်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးအဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် ကျန်းမာပျော်ရွှင်ပညာသင် စွမ်းရည်ထက်မြက်အနာဂတ်အတွက်ခေါင်းစဉ်ဖြင့် စာစီစာကုံး၊ ပန်းချီ၊ ကဗျာ၊ ကာတွန်းပြိုင်ပွဲနှင့် ပြခန်းဆုရရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ကြသောအဖွဲ့များနှင့် ပြခန်း ၁၄ ခန်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် KG မှ Grade – 4 ကျောင်းသား ကျောင်းသူများအား သန်ချဆေးတိုက်ကျွေး၍ Grade–5 မှ Grade – 8 ကျောင်းသူများအား သံဓာတ်အားဖြည့်ဆေးပြားများ ပေးဝေကာ KG မှ Grade – 1 ကျောင်းသားကျောင်းသူများအား နို့၊ ကြက်ဥနှင့် ငှက်ပျောသီးများ ပေးဝေခဲ့ကြပြီး ခင်းကျင်းပြသထားသော ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**✻ ကျောဖုံးမှ**

အမျိုးသမီး နှစ်ဦးတို့အား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား မီးရှို့ဖျက်ဆီးကာ ထွက်ပြေးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် သေဆုံးနေသည့် အပြစ်မဲ့ပြည်သူများ၏ အလောင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နွားထိုးကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ မေတ္တာမွန်လူမှုကူညီရေးအသင်းပိုင် Alphard အမျိုးအစား မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့စဉ် နံနက် ၁၀ နာရီခန့်တွင် နွားထိုးကြီး–မြင်းခြံသွားကားလမ်း မိုးကန်ကျေးရွာအနီးသို့ အရောက်၌ လမ်းညာဘက် ၁၀ ပေခန့်အကွာမှ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်အဝေးထိန်းမိုင်းများဖြင့် ထပ်မံဖောက်ခွဲတိုက်ခိုက်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ သတ်ဖြတ်ခြင်း၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးအတွက် အသုံးပြုနေသည့် ကျေးရွာစာသင်ကျောင်းအား ယခုကဲ့သို့ မီးရှို့ဖျက်ဆီးခဲ့ခြင်း၊ စစ်ရာဇဝတ်မှု(War Crime) ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါ လုပ်ရပ်များအပေါ် ဒေသခံပြည်သူများအနေဖြင့် ရွံ့ရှာစက်ဆုပ်မုန်းတီးလျက်ရှိကြောင်းနှင့် အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုကို ကျူးလွန်ခဲ့သူများအား အမြန်ဆုံးရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်ရေးနှင့် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော်　ဩဂုတ်　၁၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Tun Tun Lin" အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကုန်းမြင့်သာယာရပ်ကွက်နေ ထွန်းထွန်းလင်း(ခ)ပေတိုးအား နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ "May Yati Khin" အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ခမုံကျေးရွာနေ မေရတီခင်အား မွန်းလွဲ ၁၂ နာရီခွဲတွင် လည်းကောင်း၊ "Jay Ci" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကြာညှပ်ကျေးရွာနေ ဂိုးလစ်အား မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❐ မြန်မာ့ရိုးရာလက်ဝှေ့မှ**

ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး အနိုင်ရရှိသူကို ချန်ပီယံခါးပတ်ဆု ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လေးချိန်ခေါ်ပွဲ၌ ၆၅ ကီလိုတန်းတွင် ဟံသာဝတီနှင့် စီတိုး၊ ၅၄ ကီလိုတန်းတွင် တိုင်းကျော်နှင့် ဝူသော်ဒိုတို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို ဩဂုတ် ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ပြီး Skynet Sports 4 / HD ရုပ်သံလိုင်းမှ Live တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**လင်းရာမ**

**ဥတုရာသီ တောကိုမှီ၏**

# သံတွဲမြို့၌ အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်

**သံတွဲ　ဩဂုတ်　၁၃**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သံတွဲခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အသေးစားထုတ်ကုန်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုများ ဝင်ငွေတိုးပွားရေးစီမံကိန်းအရ အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ ရက်က သံတွဲမြို့ ရွှေလှေခေတ်မီစံပြကျေးရွာ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် သံတွဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်စီမံအုပ်ချုပ်ရေးမှူး ဦးရဲမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး သံတွဲခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုမြတ်မွန်က စီမံကိန်းသင်တန်းနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမြင့်ဇော်က သင်တန်းသူများကိုယ်စား စီမံကိန်းအဖွဲ့ခေါင်းဆောင်ထံသို့ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။



အဆိုပါ သင်တန်း၌ သင်တန်းသူ ၁၀ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလ တစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းကာလပြီးနောက် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းကို ၁၅ ရက်ကြာ ထပ်မံသင်ကြားပေးသွားမည်ဖြစ်ပြီး ထူးချွန်သင်တန်းသူ ငါးဦးအား ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တိုင်းဒေသကြီး ဝန်ကြီးချုပ် မြန်အောင်ခရိုင်အတွင်းရှိ တောင်သူများ၏ စိုက်ပျိုးရေးလိုအပ်ချက်များကို ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေး



ပုသိမ် ဩဂုတ် ၁၃

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မြန်အောင်ခရိုင် အတွင်းရှိ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်း လိုအပ်ချက်များကို ကွင်းဆင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကြံခင်းမြို့နယ် ဆိပ်သာကျေးရွာရှိတောင်သူ ဦးဝင်းတင်၏ မိုးနေကြာဆင်းရွှေကြာ(၂)စိုက်ခင်းနှင့် နှမ်းစိုက်ခင်း စိုက်ပျိုးဖြစ်ထွန်းနေမှုနှင့် ဝတ်မှုန်ကူးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပျားပုံးများဖြင့် ပျားမွေးမြူထားရှိမှုကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ကြံခင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရောဦးခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ တောင်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေး တိုင်းဒေသကြီး ဖြစ်သည်နှင့်အညီ စံပြစိုက်ပျိုးရေး တိုင်းဒေသကြီး ဖြစ်စေရေးနှင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် တည်ငြိမ်အေးချမ်းရေးမှ အစပြု၍ ဘက်ပေါင်းစုံတွင် ကောင်းမွန်သည့် အခြေအနေကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကြံခင်းမြို့နယ်နှင့် မြန်အောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မြို့နယ်အတွင်းရှိ အုပ်ချုပ်ရေး၊ လူမှုရေး၊ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက စပါးအထွက်နှုန်း တိုးတက်ရေးနှင့် ဆီထွက်သီးနှံနေကြာ အထွက်နှုန်းတိုးတက်စေရေး အောင်မြင်အောင် ဆောင်ရွက်ထားရှိမှုကို လည်းကောင်း ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး သီးထပ်စွမ်းအားများ တိုးမြှင့်စိုက်ပျိုးနိုင်စေရန်၊ စိုက်ပျိုးမြေများ ရာနှုန်းပြည့်စိုက်ပျိုးစေရန်၊ ဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုး၍ အောင်မြင်အောင် ဆောင်ရွက်ရန်နှင့် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး ကြိုးစားဆောင်ရွက်ပေးရန် မှာကြားပြီး တောင်သူများထံသို့ ယူရီးယားဓာတ်မြေဩဇာ၊ နေကြာမျိုးစေ့၊ ကော်ဖီပျိုးပင်များနှင့် ပိုက်ဆံလျှော်မျိုးစေ့များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သမဝါယမအသင်းသားပြည်သူများသို့ ဆန်နှင့် မြေပဲဆီသန့်များ ဖြန့်ဖြူးရောင်းချ

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ်လုပ်ငန်းများ လည်ပတ်နိုင်စေရန်နှင့် စားသုံးသူအသင်းသားပြည်သူများ အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းချက်အရ မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်းမှ ပေါ်ဆန်း ၂၄ ပြည်ပါ ဆန်အိတ် ၇၁၆ အိတ်(တန်ဖိုးငွေကျပ် ၆၆၇ ဒသမ ၂ သိန်း) နှင့် ပခုက္ကူဒေသထွက် မြေပဲဆီသန့် ပိဿာ ၈၉၀ (တန်ဖိုးငွေကျပ် ၁၂၀ ဒသမ ၁၅ သိန်း) စုစုပေါင်းငွေကျပ် ၇၈၇ ဒသမ ၃၅ သိန်းအား ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သမဝါယမအသင်းသားများနှင့် အများပြည်သူများသို့ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၈-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၈၅ | ၂၃၃၅ | ၂၃၂၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၅၅ | ၂၃၄၀ | ၂၃၂၀ | ၂၄၁၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၅ | ၂၆၀၀ | ၃၁၂၀ |
| 95 Ron | ၂၃၈၅ | ၂၄၄၅ | ၂၄၄၅ | ၂၄၁၅ | ၂၄၄၅ | ၂၄၆၅ | ၂၄၅၀ | ၂၄၃၀ | ၂၅၃၀ | ၂၅၄၅ | ၂၄၃၅ | ၂၄၅၅ | ၂၄၈၀ | ၂၄၈၀ | ၂၄၈၅ | ၂၇၁၅ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၆၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၆၅ | ၂၅၀၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၆၁၀ | ၂၆၀၅ | ၂၅၀၀ | ၂၅၁၀ | ၂၅၄၅ | ၂၅၄၅ | ၂၅၅၀ | ၂၇၇၅ | ၃၂၂၀ |
| HSD (50 ppm) | ၂၅၃၅ | ၂၅၈၅ | ၂၅၈၀ | ၂၅၄၅ | ၂၅၈၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၇၀ | ၂၆၉၀ | ၂၆၈၅ | ၂၅၇၅ | ၂၅၈၅ | ၂၆၂၀ | ၂၆၂၀ | ၂၆၂၅ | ၂၈၅၅ | ၃၂၈၀ |
| HSD (10 ppm) | ၂၅၃၅ | ၂၅၈၅ | ၂၅၈၀ | ၂၅၄၅ | ၂၅၈၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၇၀ | ၂၆၉၀ | ၂၆၈၅ | ၂၅၇၅ | ၂၅၈၅ | ၂၆၂၀ | ၂၆၂၀ | ၂၆၂၅ | ၂၈၅၅ | ၃၂၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၇၃ | ၂၂၅၀ |
| 95 Ron | ၂၂၈၁ | ၂၃၆၀ |
| HSD (500 ppm) | ၂၃၄၂ | ၂၄၁၈ |
| HSD (50 ppm) | ၂၄၁၆ | ၂၄၉၄ |
| HSD (10 ppm) | ၂၄၁၆ | ၂၄၉၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဖြူးမြို့နယ်၌ ကျောင်းကျန်းမာရေး သိတင်းပတ်လှုပ်ရှားမှုများ ဆောင်ရွက်

ဖြူး ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ဩဂုတ် ၁၁ ရက်က ကျောင်းကျန်းမာရေး သိတင်းပတ်လှုပ်ရှားမှုအခမ်းအနားကို မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အသိပညာပေးဟောပြော**

ဦးစွာ မြို့နယ်ဒုတိယပညာရေးမှူး ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာအာကာက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအကြောင်းကို လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းဝင်းက ကျောင်းကျန်းမာရေးအတွက် အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှုများ ဆောင်ရွက်ပေးရခြင်းရည်ရွယ်ချက်ကို လည်းကောင်း၊ လက်ထောက်ကျန်းမာရေးမှူး ဦးမျိုးမင်းထွန်းက ကျောင်းသား ကျောင်းသူများအား အာဟာရဖွံ့ဖြိုးစေရေးနှင့် ကျန်းမာရေးအတွက် လိုက်နာကျင့်သုံးရမည့် အချက်များကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကျောင်းပေါင်းစုံ ကျန်းမာရေးအဆင့်မြင့်ကျောင်းဆုများကိုချီးမြှင့်ရာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဆုရရှိသောကျောင်း သုံးကျောင်းအား ဆေးရုံအုပ်ကြီး ဒေါက်တာအာကာနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၀၃၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၁၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၀၃၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# စောင်းညှင်းသံပမာ ရဋ္ဌသာ

ခင်ဆွေမြင့်(မြန်မာစာ)

“သီရိထုံသင်း၊ မြတ်တံတင်းဝယ်
ဟောင်းမြင်းရှည်လျား၊ ခြောက်အောင်ထားလည်း
စံကားရွှေပွင့်၊ နံ့ မလွင့်သို့
ကြီးရင့်သက်ရွယ် ချစ်မပြယ်”

ကျွန်မတို့ တက္ကသိုလ်ကျောင်းသူဘဝ ပျို့စာပေသင်ယူစဉ်ကာလကပင် စွဲငြိခဲ့မိသော ရှင်မဟာရဋ္ဌသာရ၏ ချိုသာလှပသည့် အချစ်ကဗျာသံစဉ်ဖြစ်ပါသည်။ အသက်အရွယ်ကြီးရင့်အိုမင်းသည့်တိုင် မပြယ်မလွင့်သော ချစ်ခြင်းမေတ္တာကို နံ့သာသေတ္တာငယ်အတွင်း၌ ကာလချိန်တာရှည်လျားစွာ သိမ်းဆည်းထားသော်လည်း ရနံ့မပြယ်သည့် ရွှေဝါရောင်စံကားပွင့်ခြောက်လေးနှင့်နှိုင်းယှဉ်ကာ သိမ်မွေ့ညင်သာစွာ ဖွဲ့ဆိုထားပါသည်။

ရှင်မဟာရဋ္ဌသာရလောင်းလျာ မောင်မောက်သည် ရှင်လူထွက်သစ်အရွယ်တွင် လက်သင်ဆံထုံးလေးထုံးနှောင်စ နုနယ်ပျိုမျစ်သော ငယ်ကျွမ်းချစ်သူနှင့် ချစ်ကြိုးဖွဲ့နှောင်ခဲ့ပါသည်။ ညနေဆည်းဆာချိန်တွင် သူတွေ့လိုက်ရသည့် ကပိုကရိုဖွဲ့နှောင်ထားသော ဆံနွယ်၊ ကသီကရီဝတ်ဆင်ထားသော ရင်လွှမ်းတန်ဆာ၊ မခို့တရို့အပြုံးပန်းပွင့်တို့ဖြင့် ဖြူဝင်းညက်ညောကြည်လင်လှသောချစ်သူလေး၏ လှရုပ်သွင်ကို

“ပြာနွဲ့ ချောလျှင်၊ တင့်မောလွန်ကျစ်လျစ်
ပုလဲနှစ်သို့၊ ပြေပြစ်တင့်ဆုံစည်း
မိညက်ညည်းသည်၊ စုလည်းထုံးတုံ့ မထုံးတုံ့”
“ပြစ်လုံးကင်းဝေးစွာ၊ မိုးသူဇာကို
ဆည်းဆာညရီတွင်၊ ကျွန်ုပ်မြင်သည်
ရွှေရင်ဖုံးတုံ့ မဖုံးတုံ့”
“ဖြူစင်ထွန်းရောင်ဝင်း၊ လှမှန်ကင်းကို
ညခင်းဆည်းဆာတွင်၊ ကျွန်ုပ်မြင်သည်
ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့”

ဟူ၍ ဖွဲ့ခဲ့သည်။ စကားလုံးအဖွဲ့အစပ် လှပချိုလွင်သော ရတုအချပိုဒ်များကြောင့် ရှင်မဟာရဋ္ဌသာရ၏ နာမည်ကျော်ကြားလှသော ရခိုင်ပြည်ရောက် အချစ်အလွမ်းရတုတစ်ပုဒ် ဖြစ်လာခဲ့ပါသည်။

**အာရုံငါးပါး၌ ခံစားစိမ့်ဝင်ခြင်းမပြုရသော ရဟန်းဝိနည်းများ**

မောင်မောက်သည် ရဟန်းဘောင်သို့ဝင်ရောက်ပြီး စာပေကျမ်းဂန်များ သင်ယူရသောအခါတွင်မူ အပ်သွားတစ်သွား ဆံတစ်ဖျားမျှပင်လျှင် အာရုံငါးပါး၌ ခံစားစိမ့်ဝင်ခြင်း မပြုရသော ရဟန်းဝိနည်းများကို စောင့်ထိန်းရတော့မည်ဖြစ်ကြောင်း မိမိကိုယ်တိုင် သတိပြုမိလာသည်။ ဤသို့သောအခြေအနေတွင် ချစ်သူထံမှ ပေးပို့လာသော နေရာထိုင်-ခင်းနီးလေးနှင့် မှာစာခွေကို ရရှိလာသောအခါ နေ့စဉ်မပျက်ကျမ်းဂန်စာပေကျက်ခဲ့သောစာဝတ်သည် ပျက်ခဲ့ရတော့သည်။

မောင်မောက်အား သားကဲ့သို့ချစ်သည်ဟုဆိုသော အင်းဝရွှေနန်းရှင်ဘုရင် ဒုတိယမင်းခေါင်သည်လည်းကောင်း၊ ဖခင်ဖြစ်သော ဓမ္မပါလ ပညာရှိအမတ်ကြီးသည်လည်းကောင်း၊ ပညာသင်ကြားပို့ချပေးသော သီဟိုဠ်ရောက်ဆရာတော်ကြီးသည်လည်းကောင်း၊ နောင်တော်လည်းဖြစ်၊ စာသင်ပေးသူလည်းဖြစ်သော ဝရစက္ကပါလမထေရ်သည်လည်းကောင်း ရှင်မဟာရဋ္ဌသာရအား ရဟန်းပညာရှိ စာဆိုအကျော်အမော်ဖြစ်စေချင်လှသည်။

ရဟန်းပျို ရှင်ရဋ္ဌသာရသည် အင်းဝနေပြည်တော်အရှေ့ရှိ ညောင်ပင်ကြီးသို့ သွားခဲ့ကြပြီး ညောင်စောင့်ရုက္ခစိုးထံတွင် မိဘများ မသိအောင် တိတ်တိတ်ခိုး၍ စုလျားရစ်ပတ်လက်ထပ်သစ္စာဆိုထားခဲ့သော ချစ်သူလေးကို **“နှမလက်လျှော့နေလေတော့”** ဟု ချော့မော့ဖျောင်းဖျခဲ့ရတော့သည်။ ချစ်သူနှမလေးကမူ သက်ကြီးတိတ်ဆိတ်အိပ်သည့်အချိန်တိုင်အောင် မအိပ်နိုင်သေးဘဲ ချစ်သူမောင်မောက်နှင့် ပြန်လည်ဆုံစည်းရမည့်အချိန်ကို မျှော်လင့်စောင့်စားရင်း အသည်းနှလုံးများ ပူလောင်ဆူဝေနေလိမ့်မည်ဟု မြော်ရည်တွေးဆနေမိခဲ့ပါသည်။

ဤမျှလွမ်းမောဖွယ်ကောင်းလှသော ချစ်ဘဝကို

“ကျမ်းဂန်သိမြောက်၊ ပဋ္ဌင်းရောက်က
ထပ်လှောက်ကျင့်ဖွယ်၊ ရှေးသောနှယ်ကို
အဘယ်ကြိုးရှာပေတော့မည်” ဟူ၍လည်းကောင်း၊
“နှမလက်လျှော့၊ နေလေတော့ဟု
ချစ်ပေ့ါမကြုံ၊ ညှိုးငယ်ပုံမျှ
ရှက်ဟုန်ကြွေကြုပ်၊ ချမင်းတုပ်သို့
စိတ်ချုပ်မပွင့်၊ ပျံ့လွင့်မေတ္တာ
ကရုဏာနှင့်၊ တဏှာလောဘ
ဒေါသမြေးထူ၊ ရမ္မက်မြူကို
ဘယ်သူနှိုးရာပေတော့မည်” ဟူ၍လည်းကောင်း၊
“ဒေသနိမိတ်၊ သက်ကြီးဆိတ်လည်း၊
မမိုတ်မျက်တောင်၊ သည်းခေါင်ဆူလည်
ရှိလိမ့်မည်ဟု၊ လွမ်းသည်ထပ်ဆင့်
ဖူးချိန်သင့်ကို
မျှော်လင့်ခိုးရှာပေတော့မည်” ဟူ၍လည်းကောင်း စိတ်ထိခိုက်ခံစားနေကြရသည်များကို နူးညံ့ချိုသာစွာ ဖွဲ့ဆိုခဲ့ပါသည်။

**နှစ်ဝင်ခံစားရစေသော “ပုရေနိသင်” ချီ ဤရတုသုံးပိုဒ်**

အချစ်ရသ၊ အလွမ်းရသ၊ ကရုဏာရသများကို နှစ်ဝင်ခံစားရစေသော **“ပုရေနိသင်”** ချီ ဤရတုသုံးပိုဒ်သည် စာဆို၏အလွမ်းဇာတ်နှင့် အလင်္ကာအဆင်တန်ဆာအဖွဲ့များ၊ အချစ်အလွမ်းစကားလုံးများမျှသာမက ရတုအချများသည် သိမ်မွေ့ညီညာသောအမေးစကားဟန်အဖွဲ့များဖြစ်ခြင်း၊ သံညင်းဗျည်းများကို အသုံးများခြင်း၊ သံပြေသံလေးများကို အသုံးများခြင်း၊ သက်သံတိုင်သံများကို သုံးသည့်အခါများတွင်လည်း သံပြေများနှင့် ချောမွေ့ပြေပြစ်စွာတွဲစပ်ရေးဖွဲ့ခြင်း၊ စသည်တို့ကြောင့် အသံစီးဆင်းပုံ၊ အသံအနိမ့်အမြင့် ပြေပြစ်ချောမွေ့သော အချစ်အလွမ်းရတုကဗျာအဖြစ် နှစ်သက်စွဲမက်ကြရပါသည်။

❖ **ကျွန်မတို့ တက္ကသိုလ်ကျောင်းသူဘဝ ပျို့စာပေသင်ယူစဉ်ကာလကပင် စွဲငြိခဲ့မိသော ရှင်မဟာရဋ္ဌသာရ၏ ချိုသာလှပသည့် အချစ်ကဗျာသံစဉ်ဖြစ်ပါသည်။ အသက်အရွယ်ကြီးရင့်အိုမင်းသည့်တိုင် မပြယ်မလွင့်သော ချစ်ခြင်းမေတ္တာကို နံ့သာသေတ္တာငယ်အတွင်း၌ ကာလချိန်တာရှည်လျားစွာ သိမ်းဆည်းထားသော်လည်း ရနံ့မပြယ်သည့် ရွှေဝါရောင်စံကားပွင့်ခြောက်လေးနှင့်နှိုင်းယှဉ်ကာ သိမ်မွေ့ညင်သာစွာဖွဲ့ဆိုထား**

❖ **ဘုရင်မင်းခေါင်၏ မှတ်ချက်နှင့်ညီစွာပင် တူရိယာငါးပါးကို တစ်ပြိုင်နက်တီးခတ်လိုက်သော တေးဂီတသံသာကဲ့သို့ သိမ်မွေ့ချိုလွင်သည့် ဂန္ထဝင်မြောက်ပျို့ မော်ကွန်းကဗျာကြီးများ၊ စကားလုံးအသံဖွဲ့စပ်ပုံဆန်းသစ်သော ရတုကဗျာများစွာတို့ကို အင်းဝခေတ်နေပြည်တော်စာဆိုတော်ကြီး ရှင်မဟာရဋ္ဌသာရသည် လှပစွာတီထွင်ဖန်တီးခဲ့သူဖြစ်**

ရှင်မဟာရဋ္ဌသာရသည် ချစ်သံ၊ လွမ်းသံလွှမ်းသော ချစ်ရတု၊ လွမ်းရတုများကို ဖွဲ့ဆိုရာတွင်သာ ကဗျာသံ၊ စာသံ ချိုသာလှပသည် မဟုတ်ပါချေ။ မြန်မာစာပေတွင် အကောင်းဆုံး ဆုံးမစာပျို့တစ်စောင်အဖြစ် ထင်ရှားလှသော လက်သစ်တောင်တာချီ **“ဂမ္ဘီသာရပျို့”** မှ

“အစ်ကိုကြီးအား၊ ညီငယ်များလည်း
စကားနှုတ်ဆက်၊ ဖက်၍မဆို
ရိုသေလှစေ၊ ကိုကြီးအစ်မ
သည်နှစ်ဝကို၊ မိဘကဲ့သို့ မှတ်ပါလေ”
“တစ်ယောက်စကား၊ တစ်ယောက်နားမှာ
မခါးရအောင်၊ သတိဆောင်၍
မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ”
“မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို
ရှာ၍မပြတ်၊ အိမ်တွင်ဖတ်။
ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက
သားမယားပင်၊ သိမြင်ကင်းကွာ
မလိမ္မာလည်း၊ စာပေစကား
နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ
ရှိသည်သာတည့်”

အစရှိသော ဆုံးမစာကဗျာ ၃၁ ပုဒ်လုံးသည် အနက်အဓိပ္ပာယ်ပေါ်လွင်ရှင်းလင်းလှသောကြောင့် ပသာဒဂုဏ်မြောက်ရုံမျှသာမကဘဲ အဖွဲ့အစပ်ချောမွေ့ ချိုသာလှသောကြောင့် မြန်မာအမျိုးသားများ အနှစ်ငါးရာကျော်တိုင် လက်စွဲပြုရွတ်ဆိုဆောင်ထားကြသော လမ်းညွှန်ကျင့်ဝတ်ကဗျာများဖြစ်နေကြပါသည်။

စာဆို၏ ရွှေစက်တော်သွားတောလားမှ -

“တောင်ရိုက်ကုန်းဆင်း၊ ကုန်းကျင်းချောက်မြောင်
မြောက်တောင်မှိုင်းဝေ၊ သစ်ပင်တွေတွင်
ပင်ခြေကျင်းကျင်း၊ ပန်းအင်ကြင်းလည်း၊
ခက်ချင်းခိုက်ထိ၊ စောင်းကြိုးညှိသို့
နှမိနှမြော၊ လွမ်းဖွယ်ပေါစွ”
“တစ်ကုန်းဆင်းသက်၊ တစ်ကုန်းတက်၍
ပြိုင်နက်မြိုင်ကြော၊ တစ်တောထွက်ဝင်
တစ်တောမြင်က၊ တစ်ပင်ရိပ်နား
တစ်ပင်သွား၍၊ တောဖျားမြိုင်နက်
လမ်းချက်စူးစမ်း”

ဟူသောအဖွဲ့များတွင် အက္ခရာတူများ၊ အစုတူအက္ခရာများကို နီးစပ်စွာထား၍ **“ကုန်းကျင်းချောက်မြောင်၊ မြောက်တောင်မှိုင်းဝေ” “ပင်ခြေကျင်းကျင်း၊ ပန်းအင်ကြင်း” “ခက်ချင်းခိုက်ထိ” “နှမိနှမြော” “တစ်ကုန်းဆင်းသက်၊ တစ်ကုန်းတက်၍” “တစ်တော ထွက်ဝင်၊ တစ်တောမြင်က၊ တစ်ပင်ရိပ်နား၊ တစ်ပင်သွား”** စသည့် ဖွဲ့ဆိုခြင်းများဖြင့် ကဗျာ၏အသံအလှကို ဖန်တီးခဲ့ပါသည်။

**ရသစာပေ၊ အလှစာပေ**

ဘာသာစကား၏ အဆင့်အမြင့်ဆုံးပုံသဏ္ဌာန် (form) ဖြစ်သော ကဗျာသည် ရသစာပေ၊ အလှစာပေ ဖြစ်ပါသည်။ ကဗျာဖွဲ့ဆိုရာတွင် ကဗျာဖွဲ့ရသော ရည်ရွယ်ချက်၊ ကဗျာ့အကြောင်းအရာ၊ ကဗျာပါအချက်အလက်များ၊ ကဗျာဆရာ၏အတွေးအမြင်၊ ကဗျာအမျိုးအမည်ရွေးချယ်ပုံ၊ စကားလုံးရွေးချယ်သုံးစွဲမှု၊ စကားလုံးအတွဲအစပ်၊ အလင်္ကာဖန်တီးမှု စသည်တို့နှင့် ထပ်တူအရေးပါလှသည်မှာ **“ကဗျာ၏အသံလှရခြင်း”** ဖြစ်ပါသည်။

ရှင်မဟာရဋ္ဌသာရသည် မိမိဖွဲ့ဆိုသော ပျို့၊ မော်ကွန်း၊ တောလား၊ ရတု စသောကဗျာတို့ကို ချိုလွင်လှပစွာ ဖွဲ့ဆိုရုံမျှမက အသံချိုသာမှုကို အဓိကထားသော စိတ်ဝင်စားဖွယ်ရာကောင်းလှသည့် ရတုကဗျာပုံစံသစ်တို့ကိုလည်း တီထွင်ရေးဖွဲ့ခဲ့ပါသည်။

“ငါးဆူရွှေကြာ၊ နိမိတ်လာ၍
ငါးဖြာမွှာလျက်၊ တစ်ပင်နက်ဝယ်
ငါးဆက်ဖူးငုံ၊ ပေါ်လတ်တုံက
ငါးစုံသကၡန်း၊ ကြိုင်ပျံ့မွှန်းကို
ငါးခန်းဘုံနေ၊ ယူတုံလေ၍” စသည်ဖြင့် **“ငါး”** ဟူသော စကားလုံးကို တစ်ပါဒခြား အာဒိအစထားပြီး ဖွဲ့ခဲ့သည်။ ဤဖွဲ့နည်းကို ပညာရှင်များက ပဒုမ္မာကြာဆိုနည်းဟု အမည်ပေးခဲ့ကြသည်။

“မြတ်မျိုးမြင့်မှန်၊ ကြင်ပေတန်၍
ရွယ်ရန်ရည်ရင့်၊ ဆင်တိုင်းတင့်သား
နတ်နှင့်နှုန်းနှန်း၊ ဝင်းငြိမ့်ရွှန်း၍
လှလွှန်းလွန်လှည့်၊ ငါးကြန်ပြည့်ကို” ရတုတွင်မူ **“မြတ်မျိုးမြင့်မှန်” “ရွယ်ရန်ရည်ရင့်” “နတ်နှင့်နှုန်းနှန်း”** စသည့် အက္ခရာတူလေးလုံးတွဲများဖြင့် ပုလဲတစ်တန့် သန္တာတစ်တန့်ဖွဲ့ခဲ့သည်။

“ရွယ်ရန်ငွေ့၍၊ ရန်းလေ့ရာထိ
ရဲရဲညိမ္မျ၊ ရဝိကန္တ
ရတနသို့၊ ရူပနတ်ဆွယ်
ရွှန်းရွှန်းကယ်မျှ၊ ရွှေသွယ်ပြောက်ထိုး
ရွှေခါးကြိုးနှင့်” တွင် ‘ရ’ အက္ခရာတစ်လုံးတည်းကို ပါဒတိုင်းတွင် ထည့်သွင်းဖွဲ့ဆိုခဲ့သည်ကို တွေ့ရှိရပါသည်။ ဤရတုဖွဲ့နည်းကို မုတ္တာရွဲသီရေးနည်းဟူ၍ အမည်ပေးထားပါသည်။

ကဗျာ၏အသံအလှကိုဦးစားပေးပြီး တီထွင်ဖွဲ့ဆိုခဲ့သောစာဆိုကြီး၏ ဤရတုများသည် အနက်အဓိပ္ပာယ်လည်းပြည့်ဝ၊ ကာရန်အသံလည်းမပျက်၊ ကျစ်လျစ်သိပ်သည်းမှုလည်းရှိ၊ အက္ခရာတူ အသံတူစကားလုံးများကို နီးကပ်စွာဖွဲ့ထားခြင်းကြောင့် အလင်္ကာကျမ်းအလိုအရ ချိုသာသော မဓုရတာဂုဏ်မြောက်သောအဖွဲ့များဖြစ်ပါသည်။

ကဗျာသည် ရွတ်ဆိုရသော စာပေအမျိုးအစားဖြစ်သောကြောင့် ရှေးမြန်မာမင်းများလက်ထက်တွင် ရွှေနန်းတော်တွင်လည်းကောင်း၊

**စာမျက်နှာ ၁၈ သို့** ✧

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ဘီးလင်းမြို့နယ်ရှိ ရေဘေးရှောင်ပြည်သူများနှင့်တွေ့ဆုံ၍ အခြေခံစားသောက်ကုန်နှင့်ထောက်ပံ့ငွေများ ပေးအပ်

မော်လမြိုင် ဩဂုတ် ၁၃

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေများ စီးဆင်းမှုကြောင့် ဘီးလင်းမြစ်ရေမြင့်တက်၍ ရပ်ကွက်နှင့်ကျေးရွာအချို့ရှိ နေအိမ်များအတွင်း ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့သည့် ကန်သာယာရပ်ကွက်(၇)သို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အနိမ့်ပိုင်းရပ်ကွက်ရှိ ရေတွင်း၊ ရေကန်များတွင် ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ရေမသန့်ရှင်းမှုကြောင့် ဖြစ်ပွားတတ်သည့် ဝမ်းရောဂါအပါအဝင် ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် ကလိုရင်းဆေးနှင့် အဘိတ်ဆေးခတ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး အနိမ့်ပိုင်းတစ်လျှောက် ရေဝင်ရောက်သည့်နေရာများကို လှေများဖြင့် လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘီးလင်းမြို့ သာသနဝ္ဗိမာန် ရေဘေးကယ်ဆယ်ရေးကွပ်ကဲရေးရုံး၌ အခြေခံစားသောက်ကုန်နှင့် ထောက်ပံ့ငွေပေးအပ်ပွဲသို့ တက်ရောက်ပြီး ရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့နေထိုင်ကြသော ရပ်ကွက်နှင့်ကျေးရွာ အနိမ့်ပိုင်းတို့မှ ရေဘေးရှောင်ပြည်သူများအားတွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က တတ်နိုင်သည့်ဘက်မှ ကူညီအားပေးဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ လာရောက်ခြင်းဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပါက ထိခိုက်ဆုံးရှုံးမှုမဖြစ်အောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကလည်း အရေးကြီးသောလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ရေဘေးသင့်ပြည်သူများအနေဖြင့် ကျန်းမာရေးအထူးဂရုပြုကြရန်နှင့် မိဘများအနေဖြင့် ကျောင်းနေအရွယ်ကလေးများကို ပညာသင်ကြားနိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ် ၁၈၁၅၄၅၀၀ ကို ပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူပြီး အခြေခံစားသောက်ကုန်များကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ရာ ရေဘေးသင့်ပြည်သူများက လက်ခံရယူသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

မုံရွာ ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ဩဂုတ် ၁၂ ရက်က မုံရွာမြို့အား မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ ရပ်ကွက်နေပြည်သူများ အဆင့်အတန်းမီစွာ နေထိုင်ရေးနှင့် နွေ၊ မိုး၊ ဆောင်း ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် တစ်နာရီလျှင် နိုင်လွန်ကတ္တရာ ၃၅ တန် ထုတ်လုပ်နိုင်သည့် ကွေ့ကြီးရပ်ကွက်ရှိ နိုင်လွန်ကတ္တရာစက်ရုံသို့ ရောက်ရှိရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာစက်ရုံ ထုတ်လုပ်မှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းပြသသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်ရှိ ပိတောက်လမ်း အရှည်ပေ ၂၄၆၀၊ အကျယ် ၁၈ ပေ၊ ၃ သုံးလက်မ နိုင်လွန်ကတ္တရာလမ်း ခင်းကျင်းပြီးစီးမှုကို ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ကုက္ကိုလမ်း အရှည်ပေ ၂၃၀၀၊ အကျယ် ၁၈ ပေ၊ ၃ သုံးလက်မ နိုင်လွန်ကတ္တရာ ခင်းကျင်းနေမှု လုပ်ငန်းခွင်သို့ရောက်ရှိရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ဘဏ္ဍာနှစ်အလိုက် မုံရွာမြို့ရှိ ရပ်ကွက်များအတွင်း လမ်းများအဆင့်မြှင့်တင်ခြင်းနှင့် နိုင်လွန်ကတ္တရာလမ်းများ ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိုင်လွန်ကတ္တရာလမ်း ခင်းကျင်းနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ရွာကိုမှန်းဆ လွမ်းတဲ့ချိန်

❖ ရွာနှင့်ဝေးကွာ
ကြာပင်ကြာခဲ့၊ လွမ်းစိတ်ချဲ့၍
ရွာရဲ့ပုံရိပ်၊ ရင်မှာချိတ်လျက်
တို့ဆိတ်ခံထိနေပါကော။

❖ မဆွရှေးမူ စဉ်ဆက်ယူ၍
မုန့်ဖြူနီကြော်၊ မုန့်ဆီကြော်များ
ရွာပေါ်ပျံ့မွှေးနေရော့မည်။

❖ ရွာပျော်ဘိုးဘွား၊ အိမ်ရောက်သွား၍
မုန့်များလှူဒါန်း၊ အိမ်စဉ်ကမ်းလျက်
ထုံးတမ်းစဉ်လာထိန်းကာဖြင့်
တို့ရွာပြုံးပန်းမွှေးရော့မည်။

❖ တောမှာပွင့်ဖူး တောပန်းခူး၍
ရွာဦးကျောင်းတော်၊ ရွာချစ်ပျော်တို့
တူပျော်လှူဒါန်း၊ ဝါဆိုပန်းတည့်
ပြည့်လျှမ်းဖြည့်ဆည်း၊ ဘယ်မည်းနိုင်
ဆီမီးမွှေးတိုင်၊ ဖယောင်းတိုင်တို့
မွှေးကြိုင်ခြုံလွှာ၊ ဝတီသာသို့
တို့ရွာဝန်းကျင်သာရော့မည်။

❖ ဆိုကြ ‘က’ ခုန်၊ တီးကွက်စုံနှင့်
ဗေထုံမြည်ရှိုး၊ ရွာကိုမိုးသို့
ရွာရိုးတစ်ခွင်၊ ဒိုးသံစဉ်လည်း
နားဝင်ချိုသင်း၊ နတ်စောင်းညှင်းသို့
ပစ္စည်းခဲပွဲ၊ တူပျော်နွဲ၍
စဉ်မြဲလင်းဖြာ၊ သာသနာလည်း
တို့ရွာပတ်ကုန်းဖုံးရော့မည်။

❖ ဩော်…သည်ချိန်ခါဆို
ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းနှင့်
လှူဒါန်းဖွယ်ရာ၊ စုံလင်စွာနှင့်
ရွာကျောင်းသွားကြ၊ မြတ်ဆန္ဒနှင့်
သီလကိုယူ၊ ဒါနကူလျက်
ရှေးမူမပျက်၊ စဉ်အဆက်နှင့်
ဆင့်လက်ကမ်းကာ၊ တို့ကျေးရွာလည်း
သာစုသံများလွှမ်းရော့မည်။ ။

ဖိုလေးလုံးသောင်းကိုကို

✧ စာမျက်နှာ ၁၇ မှ

ဘုန်းကြီးကျောင်းပရိဝုဏ်တို့တွင်လည်းကောင်း၊ ရပ်ထဲရွာထဲတွင်လည်းကောင်း၊ စာဆိုများ၊ စာတော်ဖတ်များ၊ စာရွတ်ကျွမ်းကျင်သူများသည် ကဗျာများစာများကို ရွတ်ဆိုကြပါသည်။ စာနာသောပရိသတ်က ဝိုင်းရံနားထောင်ကြပြီး စာ၏သုတနှင့် ရသအလှများကို ခံစားရယူကြပါသည်။

အင်းဝဘုရင် ဒုတိယမင်းခေါင်လက်ထက် ရွှေနန်းတော်ရင်ပြင်၌ ကျင်းပသော တစ်ခုသောစာပွဲသဘင်တွင် ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရသည် မိမိတို့ရေးဖွဲ့သော ပျို့ကဗျာလင်္ကာများကို တင်သွင်းကာ စာပြိုင်ဆိုခဲ့ကြသည်။ ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့နှင့် ဆုတောင်းခန်းပျို့၊ ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်ဇာတ်ပေါင်းပျို့တို့ကို ဖတ်နာပြီးသောအခါ ဒုတိယမင်းခေါင်က “**တောင်တွင်းဆရာတော်၏ စာတို့သည် စည်ကြီးသံကဲ့သို့ ရှိပေသည်။ နေပြည်တော်ဆရာတော်၏စာမှာ တူရိယာငါးပါးကို တစ်ပြိုင်နက်တီးသကဲ့သို့ ရှိပေသည်**” ဟု မှတ်ချက်ချခဲ့ပါသည်။

ဘုရင်မင်းခေါင်၏ မှတ်ချက်နှင့်ညီစွာပင် တူရိယာငါးပါးကို တစ်ပြိုင်နက်တီးခတ်လိုက်သော တေးဂီတသံသာကဲ့သို့ သိမ်မွေ့ချိုလွင်သည့် ဂန္ထဝင်မြောက်ပျို့ မော်ကွန်းကဗျာကြီးများ၊ စကားလုံးအသံဖွဲ့စပ်ပုံဆန်းသစ်သော ရတုကဗျာများစွာတို့ကို အင်းဝခေတ်နေပြည်တော်စာဆိုတော်ကြီး ရှင်မဟာရဋ္ဌသာရသည် လှပစွာတီထွင်ဖန်တီးခဲ့သူဖြစ်ပါသည်။

ဂန္ထဝင်မြောက်လှသော ကဗျာကျမ်းများ၊ စောင်းညှင်းသံပမာ ချိုသာနူးညံ့သော ကဗျာအဖွဲ့များဖြင့် မြန်မာစာပေကို ကျေးဇူးပြုခဲ့သည့် စာဆိုပညာရှင်ကြီး ရှင်မဟာရဋ္ဌသာရအား ဆရာတော်ကြီး၏ သက်တော် (၅၅၅) နှစ်ပြည့်မြောက်သည့် ဤနှစ် ဤအခါ ဤကာလတွင် ဤစာတစ်ပုဒ်၊ ပန်းတစ်ဆုပ်ဖြင့် ရိုသေလေးမြတ်စွာဦးခိုက်ပူဇော်လိုက်ပါသည်။ ။

# အာဆီယံ-တရုတ် လူမှုဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဖိုရမ်နှင့် လေ့လာရေး

**– – – – ခန့်ဇော်(ကျေးလက်) – – – –**

(၁၇)ကြိမ်မြောက် အာဆီယံ–တရုတ် လူမှုဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဖိုရမ် (ASEAN–China Social Development and Poverty Reduction Forum)တက်ရောက်ဖို့အတွက် စာရေးသူအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးကိုနေထက်ရှိန်၊ ကလောမြို့နယ် ဘော်နင်းကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး ကိုမောင်ညိုတို့နဲ့ အတူ ၂၄–၆–၂၀၂၃ ရက်နေ့မှာ ရန်ကုန်–ကွမ်ကျိုးနှင့် ကွမ်ကျိုး–နန်နင်း ခရီးစဉ်တို့ကို လေယာဉ်၊ နန်နင်းမှ Beihai (ပေဟိုင်)ခရီးစဉ်ကိုတော့ ကားနဲ့စီးခဲ့ရလို့ လေယာဉ်နှစ်ဆင့်၊ ကားတစ်ဆင့်စီးပြီး ခရီးနှင်ခဲ့ရပါတယ်။ ကွမ်ကျိုးလေဆိပ်မှာ ခြောက်နာရီကြာစောင့်ရလို့ သိပ်အဆင်မပြေပေမယ့် Southern China Airline Business Lounge မှာ စောင့်ရတာသက်သောင့်သက်သာတော့ရှိပါတယ်။ နန်နင်းကိုရောက်တော့ ည ၁၂:၀၀ နာရီ၊ နန်နင်းမှ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့် တာဝန်ရှိသူအပါအဝင် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ဝန်ရုံးမှ ကိုကျော်စိုးသိမ်း၊ Counsellor General နဲ့ Ms. Daisy၊ မြန်မာစာနဲ့ဘွဲ့ရတဲ့ တရုတ်ဝန်ထမ်းတို့လာကြိုပါတယ်။ မြန်မာစကားပြန်ပါတော့ အစစအဆင်ပြေပါတယ်။ နန်နင်းကနေ ပေဟိုင်ကိုဘာကြောင့် လေယာဉ်တိုက်ရိုက်မစီစဉ်တာလဲလို့တွေးမိသလို ဘတ်စ်ကားနဲ့ သွားရတာကြောင့် ညဉ့်နက်ကြီး ကားဆက်စီးရတာ စိတ်ထဲ သိပ်အဆင်မပြေပေမယ့်လည်း ကားနဲ့သွားရတဲ့အတွက် တရုတ်နိုင်ငံတောင်ပိုင်းအစွန်း Shanxi ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိုမြင်စေဖို့ စီစဉ်ပေးခဲ့ပုံရတယ်လို့ သဘောပေါက်မိပြီး လမ်းမကြီးတွေကောင်းတာလည်း သိခဲ့ရပါတယ်။

တောင်ဘက်အစွန်းဒေသတွေမှာတောင် လမ်းတွေ၊ တံတားတွေ ဒီလောက်ကောင်းရင် Main Land ဆိုရင် ပိုကောင်းမယ်ဆိုတာ အသေအချာပါပဲ။ ဘတ်စ်ကားနဲ့ သွားတာဖြစ်ပေမယ့် ကီလိုမီတာ ၁၀၀ ဝန်းကျင် ပုံမှန်မောင်းနေတာမှာလည်း ကားကငြိမ်နေတာပါပဲ၊ ကျွန်တော်တို့ အတုယူပြီး လုပ်စရာတွေ အများကြီးရှိပါသေးတယ်။ ဒီလိုနဲ့ နံနက် ၃ နာရီမှ ဟိုတယ်ရောက်ပါတယ်။ နံနက် ၉ နာရီ အိပ်ရာက နိုးလို့ လိုက်ကာဖွင့်ကြည့်တော့ ဟိုတယ်အခန်းက Sea View မို့ မြင်ကွင်းက အင်မတန်သာယာလှပါတယ်။ လေငြိမ်နေတော့ မြင်နေရတဲ့ ပင်လယ်ပြင်ကြီးက ပြန့်ပြန့်ပြူးပြူး… ကမ်းစပ်ကို ကြည့်လိုက်တော့လည်း အလွန်သန့်ရှင်းသပ်ရပ်… အမှိုက်တွေမရှိ………။



(၁၇)ကြိမ်မြောက် အာဆီယံ–တရုတ် လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးဖိုရမ်သို့ စာရေးသူ တက်ရောက်ခဲ့စဉ်။

ကမ်းခြေ(Beihai Silver Beach)ကို လိုက်ပို့ပေးလို့ သွားတော့လည်း လေငြိမ်နေတဲ့အချိန်မို့ ချောင်းသာတို့၊ ငွေဆောင်တို့လို လှိုင်းမရှိ၊ သဲကဖြူပြီး ပွမနေဘဲ သိပ်နေတယ်။ လမ်းလျှောက်ရင် ခြေထောက်တွေ သဲထဲကို မကျွံဘူး။ ဒီနေရာမှာလည်း ဘာအမှိုက်မှမရှိဘဲ သန့်ရှင်းနေတာပါပဲ။ မြန်မာနိုင်ငံမှာလို အုန်းပင်တွေ သိပ်မရှိပါဘူး။ ဆောင်းတွင်းမှာ မြောက်ပိုင်းကလူတွေ တောင်ပိုင်းကမ်းခြေကိုလာပြီး အပန်းဖြေကြတယ်လို့ သိရပါတယ်။ စည်းကမ်းလည်း ရှိကြပါတယ်။ တောင်ပိုင်းက ထွက်ကုန်တွေကို နန်နင်း၊ ကွမ်ကျိုးအပါအဝင် Main Land ကို ပို့နိုင်တာပေါ့။

နေ့လယ်ပိုင်းမှာ ပေဟိုင်မြို့ရဲ့ Old Streetကို ပို့ပေးတာကြောင့် ရှေးနှစ်ပေါင်းများစွာ မြို့စတည်ကတည်းကရှိတဲ့ လမ်းနဲ့ အဆောက်အအုံတွေကို ယခင်ပုံစံအတိုင်းထားပြီး ပြင်ဆင်မွမ်းမံထားတာ တွေ့ခဲ့ရပါတယ်။ တစ်လမ်းလုံး ပင်လယ်စာ စားသောက်ဆိုင်တွေချည်းပါပဲ။ ပင်လယ်စာ၊ ဒေသထွက်ကုန်ပစ္စည်းတွေရောင်းတယ်။ ညမှာ စည်ကားတယ်ပြောပါတယ်။ အဲဒီနေရာမှာလည်း ကျွန်တော်လေ့လာမိခဲ့တာက ဘာအနံ့အသက်မှမရဘဲ သန့်ရှင်းနေတာ၊ ပင်လယ်စာအစုံ အကုန်ရှိပေမယ့် ဘာယင်ကောင်မှ ရှိမနေတာပါပဲ။ ကျွန်တော်တို့ဆီမှာဆို ငါးပိ၊ ငါးခြောက်တန်းဆိုရင် အနံ့ရှိတယ်။ ယင်ကောင်တွေရှိတယ်။ ဘာကြောင့်လဲ… ဘာကွာလဲ၊ စည်ပင်သာယာအဖွဲ့တွေရဲ့ အမှိုက်သိမ်းစနစ်ကောင်းလို့… အိမ်တိုင်း၊ ဆိုင်တိုင်းက စည်းကမ်းတွေ လိုက်နာကြလို့ ဖြစ်မှာပါ။

ညဘက်မှာ ဒုတိယညွှန်ကြားရေးမှူးချုပ်နဲ့ ဒေသခံသူငယ်ချင်းနှစ်ဦးရဲ့ ဖိတ်ခေါ်ချက်အရ ညဘက် Tourist တွေ အလာများပြီး စည်ကားတဲ့ စားသောက်ဆိုင်တန်းကို ခေါ်ပါတယ်။ တစ်ဦးက စီးပွားရေးသမားဖြစ်ပြီး နောက်တစ်ဦးကတော့ ခရိုင်အုပ်ချုပ်ရေးမှူးလို့ ပြောပါတယ်။ လူငယ်တွေပါပဲ။ ဝတ်စားဆင်ယင်မှုက ဘာပကာသနမှမရှိ၊ ပုံမှန် စပို့ရှပ်ဝတ်ထားပြီး ဖော်ဖော်ရွေရွေရှိပါတယ်။ မြန်မာကိုယ်စားလှယ်အဖွဲ့နဲ့ တွေ့ရလို့ ဝမ်းသာနေကြပါတယ်။ စားသောက်ဆိုင်တန်းက ကမ်းခြေနဲ့ နီးတော့ စက်လှေငယ်အများအပြားကို ချောင်းအတွင်း ဆိပ်ကမ်းမှာကပ်ထားတာ တွေ့မြင်ရပါတယ်။ စားသောက်သူတွေက ကမ်းစပ်စက်လှေဆိပ်အနီးမှာ ထိုင်ကြတာများတယ်။ ဒီမှာ ကျွန်တော်လေ့လာမိတာက ငါးဖမ်းစက်လှေတွေ အများကြီးရှိတယ်။ စားသောက်ဆိုင်တွေ အများကြီးရှိတယ်။ ဒါပေမဲ့ ပင်လယ်ငါး၊ ပုစွန်အနံ့ ဘာအနံ့မှ မရဘူး။ စက်လှေတွေလည်း သန့်ရှင်းသလို ဆိပ်ကမ်းလည်း သန့်ရှင်းတယ်ဆိုတာပါပဲ။

**အာဆီယံ – တရုတ် လူမှုဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဖိုရမ်**

နောက်တစ်နေ့၊ ဇွန်လ ၂၆ ရက်နေ့မှာတော့ (၁၇) ကြိမ်မြောက် အာဆီယံ–တရုတ် လူမှုဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဖိုရမ်ကို တက်ရောက်ဆွေးနွေးဖြစ်ခဲ့ပါတယ်။ ဖိုရမ်မှာ ဆွေးနွေးတဲ့ခေါင်းစဉ်အားလုံးဟာ သိပ်ကိုစိတ်ဝင်စားစရာ ကောင်းပါတယ်။ ဈေးကွက်ပေါင်းစည်းမှု၊ ကုန်သွယ်မှုနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေး၊ စားရေရိက္ခာဖူလုံရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်းမှ ကျေးလက်ဒေသပြန်လည်ဆန်းသစ်ရေး၊ ဂေဟစနစ် ကာကွယ်ထိန်းသိမ်းခြင်းနှင့် ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဒေသများ၏ခံနိုင်ရည်စွမ်းအားကောင်းစေပြီး ကျေးလက်နေပြည်သူများဆင်းရဲတွင်းသို့ ပြန်မကျရောက်စေရန် ကာကွယ်ရေးစတဲ့ ကဏ္ဍအလိုက်ချိတ်ဆက်မှုတွေကို အဓိကထားဆွေးနွေးခဲ့ကြပြီး လက်တွေ့မျက်မြင်ချိတ်ဆက်မှုတွေကိုတော့ လေ့လာရေးသွားရောက်ချိန်မှာ မျက်ဝါးထင်ထင် တွေ့မြင်ရတော့တာဖြစ်ပါတယ်။

**ဈေးကွက်ပေါင်းစည်းမှု၊ ကုန်သွယ်မှုနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေး**

၂၈–၆–၂၀၂၃ရက်နေ့ နံနက်ပိုင်းမှာ ပေဟိုင် International Park မှာရှိတဲ့ Guangxi Hetian Baolong Food Co.,Ltd.ရဲ့ Sea Duck Egg Industry ကို သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်မှာ ဘဲဥအလုံးရေ သန်း ၉၀ ထုတ်လုပ်ရောင်းချနိုင်ခဲ့ပြီး တရုတ်နိုင်ငံမှာ နံပါတ်(၁) ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ထုတ်လုပ်မှုလုပ်ငန်းစဉ်အားလုံးကို နည်းပညာ၊ စက်ပစ္စည်းအသုံးပြုမွေးမြူတာတွေ့ရပြီး ထုပ်ပိုးပြင်ဆင်ထားပြီးဖြစ်တဲ့ ဘဲဥ(အသင့်စား) ထွက်ကုန်တွေကို မြို့ပေါင်း ၅၀၀ ကျော်အထိ Online E–Commerce နဲ့ Off–lineတို့မှ နေ့စဉ်ဖြန့်ဖြူးရောင်းချပေးပါတယ်။ Online Marketing Platform မှ ဖြန့်ဖြူးရောင်းချတဲ့တိုးတက်မှုကို လေ့လာခဲ့ရပါတယ်။ Smart and Digital Process တွေရဲ့ တိုးတက်မှုကိုလည်း လေ့လာခဲ့ရပါတယ်။ ဒေသမှာရှိတဲ့ ဆင်းရဲသူအိမ်ထောင်စုပေါင်း ၆၃၇ စုကို ဆင်းရဲမှုမှ လွတ်မြောက်အောင် ကူညီနိုင်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းအနေနဲ့ အိမ်ထောင်စုပေါင်း ၂၈၈၈ စု၊ ကျေးရွာ ၁၈ ရွာကို အကျိုးပြုနိုင်တာတွေ့ရပါတယ်။ R&D ကို အလေးထားပြီး Guangxi University နဲ့ ပူးပေါင်းဆောင်ရွက်နေတာကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ စက်ရုံတစ်ရုံအနေနဲ့ နေ့စဉ်စားသုံးမှုမှာ အရေးပါတဲ့ ဘဲဥထုတ်လုပ်ခြင်းမှ ဒေသစီးပွားရေး တိုးတက်မှုအဖြစ် ဆင်းရဲနွမ်းပါးပြည်သူတွေကို ဆင်းရဲတွင်းမှ လွတ်အောင် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ပြီး ဝင်ငွေတိုးအောင် ဆောင်ရွက်နိုင်ခဲ့တာတွေ့ရပါတယ်။

ဆက်လက်ပြီး Baking town industrial zone မှာရှိတဲ့ Mooncake ထုတ်လုပ်တဲ့ စက်ရုံကို လေ့လာခဲ့ရပါတယ်။ စက်ရုံဆိုပေမယ့် သမိုင်းအဆက်ဆက်က Mooncake ထုတ်လုပ်ပုံအဆင့်ဆင့်၊ Design အမျိုးမျိုးထုတ်လုပ်ခဲ့မှု Mold တွေကို ပြတိုက်သဖွယ် တည်ဆောက်ပြသထားပြီး သမိုင်းကြောင်းကို စနစ်တကျထိန်းသိမ်းထားတာ တွေ့ရပါတယ်။ Mooncakeကို ယဉ်ကျေးမှုသဖွယ် သမိုင်းတွင်အောင် ထုတ်လုပ်ခဲ့မှု၊ စားသုံးကြမှု၊ တန်ဖိုးထားမှုတွေကို တွေ့ရပါတယ်။ Design/ Mold တွေကို စဉ်ဆက်မပြတ်ကောင်းအောင်လုပ်ခဲ့ကြတော့ ထုပ်ပိုးမှုကောင်းတယ်၊ ရေကန်တွေအပါအဝင် ဥယျာဉ်တစ်ခုပုံစံပြင်ဆင်ထားပြီး Tourism ဇရိယာအဖြစ်ပါ ဖော်ဆောင်ထားတာတွေ့ရသလို Industrial၊ Commercial၊ Tourism ပေါင်းစပ်ထားတဲ့စီးပွားရေးဇုန်အဖြစ် တွေ့ရပါတယ်။ အလုပ်အကိုင် ဖန်တီးမှုပေါင်း ၅၁၀၀ ရှိပါတယ်။ ထုတ်လုပ်မှုကွင်းဆက်အားလုံး ပါဝင်တာတွေ့ရပါတယ်။ Primary Industry မွေးမြူထုတ်လုပ်မှု၊ Secondary Industry တန်ဖိုးမြင့်ထုတ်လုပ်မှုနဲ့ Tertiary Industry အနေနဲ့ Service လုပ်ငန်းတွေ ပါဝင်ဆောင်ရွက်နေပြီး Industry စဉ်ဆက်မပြတ် ဖွံ့ဖြိုးနေဖို့ Quaternary အနေနဲ့ R&D ကို တက္ကသိုလ်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေတာ လေ့လာတွေ့ရှိခဲ့ရပါတယ်။

စက်မှုကဏ္ဍ (Industrialization)ကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာမှာ စီးပွားရေးဇုန်အဖြစ် ထုတ်လုပ်မှုကွင်းဆက်(Supply Chain) တစ်ခုလုံးပေါင်းစပ်ထားရှိတဲ့အပြင် ထုတ်ကုန်တွေကို e–Commerce စနစ်နဲ့ ဆောင်ရွက်ပေးနေတာ၊ စက်ရုံတွေရဲ့ လုပ်ငန်းဆောင်ရွက်မှုပိုင်းကို သုတေသနလုပ်ဆောင်ပြီး ဖွံ့ဖြိုးရေးတိုးတက်မှု (Research and Development) အတွက်ပါ တက္ကသိုလ်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေတာ တွေ့ရှိရပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

**“ပေဟိုင် International Park မှာရှိတဲ့ Guangxi Hetian Baolong Food Co.,Ltd. ရဲ့ Sea Duck Egg Industry ကို သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်မှာ ဘဲဥအလုံးရေ သန်း ၉၀ ထုတ်လုပ်ရောင်းချနိုင်ခဲ့ပြီး တရုတ်နိုင်ငံမှာ နံပါတ်(၁) ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ဒေသမှာရှိတဲ့ ဆင်းရဲသူအိမ်ထောင်စုပေါင်း ၆၃၇ စုကို ဆင်းရဲမှုမှ လွတ်မြောက်အောင် ကူညီနိုင်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းအနေနဲ့ အိမ်ထောင်စုပေါင်း ၂၈၈၈ စု၊ ကျေးရွာ ၁၈ ရွာကို အကျိုးပြုနိုင်တာတွေ့ရပါတယ်။ R&D ကို အလေးထားပြီး Guangxi University နဲ့ ပူးပေါင်းဆောင်ရွက်နေတာကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ စက်ရုံတစ်ရုံအနေနဲ့ နေ့စဉ်စားသုံးမှုမှာ အရေးပါတဲ့ ဘဲဥထုတ်လုပ်ခြင်းမှ ဒေသစီးပွားရေးတိုးတက်မှုအဖြစ် ဆင်းရဲနွမ်းပါးပြည်သူတွေကို ဆင်းရဲတွင်းမှလွတ်အောင် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ပြီး ဝင်ငွေတိုးအောင် ဆောင်ရွက်နိုင်ခဲ့တာတွေ့ရ”**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 5

### Unit 4 Signs, instructions and rules
### Lesson: 2 Road signs

**Read the following dialogue and fill in the blanks with the suitable words given below.**

| | | | | |
|---|---|---|---|---|
| be | because | practise | watch | writing |
| Why | subject | like | you | doing |

**Lin Lin:** Hey, What are you ____(1)_____, Moe Moe?

**Moe Moe:** I'm doing my homework. And ____(2) _____?

**Lin Lin:** Nothing special. Just reading my emails.

**Moe Moe:** Do you ____(3) _____English?

**Lin Lin:** Yes, I do. English is my favourite ____(4) _____.

**Moe Moe:** Well. Me too. ____(5) _____do you learn English?

**Lin Lin:** Because I want to ____(6) _____an English teacher.

**Moe Moe:** I learn English _____(7) ____I want to talk with my foreign friends.

**Lin Lin:** How do you ____(8) _____listening?

**Moe Moe:** I ___(9) ______English films on TV and listen to English songs.

**Lin Lin:** How do you practise ____(10) _____?

**Moe Moe:** I often write emails to my friends.

********************

**Writing**

**(A)Fill in the blanks with a suitable word form.**

1. (enter) The teacher asked us to write our names on the _______ form for the contest.
2. (care) Please be _______ with the glass, it can break easily.
3. (care) The _______ student forgot to bring their pencil cases to school.
4. (care) U Kyaw drives the car __________.
5. (care) Don't cross the road __________.

**(B) Supply the correct form of the verb given the brackets.**

(1) (go) Where are you ________ now?
(2) (wear) We should ________ warm coats. It is getting cold.
(3) (fasten) _______ two sheets of paper with a pin.
(4) (play) I _________ badminton with my sister every weekend.
(5) (look) _______ at the beautiful rainbow in the sky!

**(C) Rearrange the following words in the correct order to make a sentence.**

(1) traffic/ Be/ of / the / careful / . /
(2) at / cross / the / zebra crossing / Please / the / road/ . /
(3) on / Don't / the / . / walk / road/
(4) mustn't / on / You / school bus / . / play/
(5) a / Ma Ma / helmet / wears / . / always /

********************

## Grade 6

### Unit 3
### Lesson 3: Where is it?

**A. Translate the following sentences into English.**

1. ကိုအောင် ကျောင်းကားပေါ်မှာရှိတယ်။
______________________________.
2. ဒေါ်လေး ဧည့်ခန်းထဲမှာ ရှိတယ်။ (the living room)
______________________________.
3. ဝေမာ စာကြည့်တိုက်မှာ ရှိတယ်။
______________________________.
4. ကျွန်တော်တို့ ရေကူးကန်မှာ ရှိကြတယ်။ (the swimming pool)
______________________________.
5. ဖေဖေ စာကြည့်ခန်းထဲမှာ ရှိတယ်။ (the study room)
______________________________.
6. ဦးဘ ဥယျာဉ်ထဲမှာ ရှိတယ်။
______________________________.
7. ကျွန်တော့်စာအုပ်တွေ စာအုပ်စင်ပေါ်မှာ ရှိတယ်။ (the bookshelf)
______________________________.
8. မေမေ မီးဖိုခန်းမှာ ရှိတယ်။ (the kitchen)
______________________________.
9. ကျွန်တော်တို့အိမ် ဒီလမ်းထဲမှာ ရှိတယ်။
______________________________.
10. စာကြည့်တိုက်က ကျောင်းအဆောက်အအုံရဲ့ ဒုတိယထပ်မှာရှိတယ်။ (the second floor of the school building)
______________________________.

**B. Rearrange the following sentences.**

1. are / on / bus / We / the / . /
______________________________.
2. are / the / They / in / restaurant / . /
______________________________.
3. is/ in / garden / She / the / . /
______________________________.
4. books / on / the / My / desk / are / . /
______________________________.
5. library/ the / in / are/ students/ . / The /
______________________________.
6. is / the / Mother / market / in / .
______________________________.

********************

## Grade 7

### Unit 3
### Lesson 2 : Accessories you usually go for

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. E______ are small pieces of jewelry that people wear on their ears.
2. A n_______ is a piece of jewelry that people wear around their necks.
3. A b_______ is a piece of jewelry that people wear around their wrists.
4. People keep their cash and credit cards in a w_______ to keep them safe.
5. A p_______ is a small bag that people, especially women, use to carry personal belongings.
6. The word a_______ means that something is ready to be used or obtained.
7. Wearing a raincoat is s_______ when it's raining to stay dry.
8. S_________ are often found on beaches and have different shapes, colors, and patterns.
9. W_______ is a soft and warm material that comes from the fleece of sheep.
10. C_______ is commonly used to make clothes because it is comfortable to wear.

**II. Complete the dialogue with the words or phrases in the boxes.**

| | | |
|---|---|---|
| Leather | perfect | looking |
| sale | have | take |

Dialogue (1)

**Customer: Excuse me, do you have wallets for _____(1)_____?**

**Shop Assistant:** Yes, we do. What type of wallet are you _____(2)_____ for?

**Customer:** Just a simple black wallet, please.

**Shop Assistant:** Alright. Here you go. This is a black _____(3)_____ wallet. Is that what you had in mind?

**Customer:** Yes, that's _____(4)_____ . How much does it cost?

**Shop Assistant:** It's 12000 Ks.

**Customer:** Great! I'll _____(5)_____ it, please.

**Shop Assistant:** Alright. That will be 12000 Ks, please.

**Customer:** Here you go. Thank you!

**Shop Assistant:** You're welcome. _____(6)_____ a nice day!

**III. Supply the correct form of the words given in brackets.**

1. (colour) There are _____ flowers in the garden.
2. (open) What are _____ hours of the bookshop?
3. (advertise) _______ can be seen on television, in magazines, or on billboards.
4. (advertise) _______ helps people learn about new products and can influence their buying decisions.
5. (warm) The villagers _______ welcomed us when we reached there.
6. (differ) Each person has _______ talents, interests, and personalities that make them special.
7. (produce) _______ are things that are made or produced for people to use or buy.

********************

## Grade 8

### Unit : 3
### Lesson 3: Could I have a piece of cheesecake?

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. The l______ is a quiet and peaceful place to study and do research.
2. I need to renew my p______ before I can travel abroad.
3. R______and teak are the main exports of our country.
4. My parents granted me p_______ to go on a picnic with my friends.
5. A d____________ is a person who is qualified to treat people who are ill.

**II. Complete each sentence with a suitable word in the box. In pairs, decide on this correct function for each.**

| | | | | |
|---|---|---|---|---|
| have | like | help | speak | carry |
| wash | do | turn | come | |

1. Shall I ___________ your suitcase?
2. Can I ___________ to Mrs. Jones?
3. Would you ___________ some cookies?
4. Would you ___________ something to eat?
5. May I ___________ in?
6. Could you ___________ me?
7. Would you like me to ___________ your car?
8. Shall I ___________ some shopping for the party?
9. I am going to study. Can you ___________ off the T.V?

**III. Supply the correct form of the verbs given in brackets.**

1. (ring) Suddenly, the phone ___________.
2. (lift) It is heavy. I can't __________ this.
3. (take) It is raining outside. ___________ an umbrella.
4. (bring) Can you ___________ me some water?
5. (start) Ko Ko got in the car and ___________ the engine.

**IV. Complete the conversations by making polite requests. Look at the example.**

**e.g. A: I'm going to the pharmacy.**

B: (get some aspirins) <u>Could you get me some aspirins?</u>

A: I'm going to study my lessons.
B: (Turn off the TV)
______________________________?

A: I'm going to the kitchen.
B: (bring me some water)
______________________________?

A: I'm going to see Kyaw Kyaw later.
B: (say hello for me)
______________________________?

A: I'm going to the store.
B: (get me a bag of chips)
______________________________?

A: I'm going downtown.
B: (get a present for my mother)
______________________________?

**V. Fill in the blanks to make requests.**

A: __________ borrow your pencil?
B: No problem. Here you go.
A: ___________ help me with my homework?
B: No, I can't. I'm busy!
A: ____________ give me a ride home?
B: Sure. We can meet at 8:30 p.m.

********************

## Grade 9

### Unit 3
### Lesson 3: What have you done this week?

**Grammar: Present Perfect (has/have + V3)**

**I. Rewrite the following sentences with the present perfect form of the verbs in bracket.**

e.g. We_________in Yangon **since** childhood. (live)

Ans: **have lived**

1. I _________ my homework. (finish)
2. She _________ many countries. (visit)
3. They _________ lunch already. (eat)
4. We _________a movie together. (watch)
5. He _________ that book before. (read)
6. I _________ this movie. (seen)
7. The cat _________ the tree. (climb)
8. My parents _________ a new car. (buy)
9. We _________football in the park. (play)
10. She _________ English for two years. (study)

**II. Change the following sentences into Negative ones.**

e.g. I _________ dinner yet. (have)

Ans: **have not/ haven't had**

1. She_________an essay yet. (write)
2. They_________to school yet. (go)
3. Father_________the plants yet. (water)
4. Mother_________breakfast for us yet. (make)
5. Daw Lay_________the clothes yet. (wash)
6. Lin Lin_________his lessons yet. (study)
7. Uncle Soe_________the newspaper. (read)
8. Khin Khin_________a ribbon yet. (buy)
9. Min Min_________many countries yet. (travel)
10. I_________a rest yet. (take)

**III. Change the following sentences into Positive Question.**

e.g. She has washed the clothes.

Has she washed the clothes?

1. She has cooked a delicious meal.
   ________________________________________?
2. They have gone to school.
   ________________________________________?
3. Win Win has bought a new house.
   ________________________________________?
4. Zaw Min has sold out the eggs.
   ________________________________________?
5. We have invited our relatives to the birthday party.
   ________________________________________?

**IV. Fill in the blanks with "since" or "for".**

1. I have seen him _________ my childhood.
2. She has watched TV _________ five hours.
3. They have waited for the bus _________ twenty minutes.
4. They have been friends _________ kindergarten.
5. He has played the guitar _________ two hours.
6. We have studied our school lessons _________ 7 o'clock.
7. They have known each other _________ the year 2005.
8. My brother has been a bank manager ________ ten years.
9. Her sister has worked as a teacher _________ I was born.
10. We have learnt English_________ 14 years.

**V. Choose past simple or present perfect to complete the sentences below.**

1. I (visit) ______ Bagan twice.
2. I (visit) ______ Singapore last year.
3. She (read) ______ book before.
4. She (read) ______ book last month.
5. They (eat) ______ dinner already.
6. They (eat) ______ pizza an hour ago.
7. We (watch) ______ that movie several times.
8. We (watch) ______ the movie last night.
9. He (play) ______ football since he was a child.
10. He (play) ______ table tennis yesterday.
11. I ______ (visit / have visited) Pyin Oo Lwin two years ago.
12. She ______(already finish / has already finished) her work for today.
13. They ______ (go / have gone) to the beach last weekend.
14. We ______(just arrive / have just arrived) at the restaurant.
15. He ______ (not see / hasn't seen) that movie yet.
16. The team______ (win / has won) the championship last year.
17. I ______(never try / have never tried) sushi before.
18. She _____ (visit/has visited)her grandparents last summer.
19. They _____ (not eat/hasn't eaten)breakfast this morning.
20. We _____(already start / have already started) the project.
21. She ______(read / has read) that book three times.
22. They ______(travel/have traveled)to Italy last summer.
23. I______(already see/have already seen) that movie.
24. He ______(not finish/ hasn't finished) his homework yet.
25. We ______(go / have gone) camping many times.
26. The concert ______(start/has started) an hour ago.
27. She ______(never visit/has never visited) Asia before.
28. They ______(not play/didn't play) basketball yesterday.
29. I ______(meet / have met) him once before.
30. We ______(not have/didn't have) breakfast this morning.

**VI. Translate the following sentences into English.**

1. ကိုကို ကားရေဆေးပြီးပြီ။ (wash the car)
2. ညီမလေး ဖေဖေ့အတွက် ကော်ဖီဖျော်ပြီးပြီ။ (make coffee)
3. ကျွန်တော် အိမ်စာ အခုလေးတင် လုပ်ပြီးပြီ။ (do homework)
4. မေမေ နံနက်စာ ချက်ပြီးနှင့်ပြီ။ (make breakfast)
5. မောင်မောင် ရေချိုးတာ နာရီဝက်ရှိပြီ။ (take a shower/ half an hour)
6. ခင်ခင် ဒီစာအုပ် ဖတ်ပြီးပြီ။ (read this book)
7. ကျွန်တော် ထိုင်းအစားအစာ စားဖူးတယ်။ (Thai food)
8. ကျွန်တော် မြင်းစီးဖူးတယ်။ (ride a horse)
9. မင်းမင်း ဆင်မစီးဖူးဘူး။ (ride an elephant)
10. သူ ကျွန်တော့်ကို မမြင်ဖူးဘူး။ (see me)
11. ကျွန်တော် ဒီကစားနည်း မကစားဖူးဘူး။ (play this game)
12. ကိုအောင် ဒီမြို့မှာ နေတာ လေးနှစ်ရှိပြီ။ (live / this town)
13. မင်း သူ့ကို မြင်ဖူးလား။ (see)
14. သူတို့တွေ သူနာပြုတွေဖြစ်တာ ရှစ်နှစ်ကြာပြီ။ (be/ eight years)
15. မေမေ ညစာ စားပြီးပြီလား။ (eat / dinner)

***************

## Grade 12

### Unit 3 DIET AND NUTRITION

**(ယခင်တစ်ပတ်တွင် ဖော်ပြပါရှိသည့် မေးခွန်းများ၏ အဖြေများ)**

III. 1. The car which won the race belongs to my friend.
2. Not only did they visit Bagan but they also explored the ancient museum.
3. It was the dog which dug up the garden.
4. Having done all his works, he started using his phone.
5. No matter how many times they apologized her, she refused to forgive them for their actions.
6. The flight was delayed because of the bad weather.
7. Under the roots of the bayan tree, the thieves buried the precious stones.
8. She acted as if she were an actress.
9. Unless you study hard, you won't pass the exam.
10. Not only does smartphone play a very significant role in students' life but it is also their best friend.

**V. (1) Read the passage. (Seen passage)**

(A) 1. diet; 2. nutrition; 3. Diet and nutrition; 4.nutrients; 5. fundamental; 6. nutrients; 7. nutrients; 8. balanced; 9. environmental factors; 10. classify; 11. kinds of nutrients; 12. related;

(B)1. Diet is the food we consume regularly.
2. "Nutrition" refers to the process by which all living things receive the food necessary for them to grow and be healthy.
3. The most fundamental of human needs diet and nutrition.
4. Plants obtain nutrients from the soil in which they grow.
5. We get nutrients from the diet we eat.
6. We need to have a nutritious diet because it helps us to survive.
7. The nutrients essential for our body can be found in the food we eat.
8. "A nutritious diet" is a mixture of all the nutrients that our body needs to survive.
9. The different groups of foods are grains, fruits, vegetables, milk products, animal products and beans, and oily foods.
10. Six nutrients described in the passage are carbohydrates, vitamins, minerals, dietary fibre, proteins and lipids.

*******************

**V. (2) Read the passage. (Seen passage)**

Grains such as rice, wheat, maize, millet, barley, and corn are energy-giving foods that provide carbohydrates. Fresh fruits and vegetables give us minerals, vitamins and fibre. Beans, milk products, and animal products such as meat, fish and eggs, yogurt, milk, etc. are energy-giving foods that provide fatty acids.

Physicians and nutritionists recommend that we should have a balanced diet that consists of a variety of foods in order to stay healthy. A balanced diet simply means eating more fruits, vegetables and grains, and consuming less food high in fat, sugar and cholesterol. If we have a balanced diet, we will get all our essential nutrients. Lack of essential nutrients is a major cause of ill health. It is a balanced diet that can strengthen our immune system and protect us against illness.

Moreover, one of the most important factors in remaining healthy is taking preventive medicine. Recent advances in nutrition advise people to combat illness by taking vitamins or other nutritional supplements. In fact, we need carbohydrates, not bread, and we need vitamins and minerals, not fruits and vegetables. Thus, we can reasonably assume that preventive medicine helps us stay healthy in some way.

**(A) Write the correct word or words to complete each sentence. (5 marks)**


1. Rice, wheat and maize are called __________.
2. We can get minerals, vitamins and fibre from _________.
3. Beans, milk products and animal products provide us _________.
4. We should have a _________ diet to stay healthy.
5. By having ________, we get all our essential nutrients.
6. Lack of essential nutrients leads to ____________.
7. Our immune system can be strengthened by a ___________.
8. Vitamins or other nutritional supplements should be ________ to combat illness.

**(B) Answer each question in one sentence. (5 marks)**

1. What are grains and how can they provide us?
2. What can we get from fresh fruits and vegetables?
3. What are animal products?
4. What kind of foods provide us fatty acids?
5. What does a balanced diet mean?
6. What leads a major cause of ill health?
7. What should we do to strengthen our immune system and protect us against illness?
8. How can we combat illness?


(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## နှလုံးသားနုနုဖြင့် ထုဆစ်လေသောအရာနှင့် စစ်အချစ်ဝတ္ထုတိုများစုစည်းမှု

စာရေးသူ ပိုင်ဇင်ဇော်(သတ္တု) စီစဉ်ရေးသားသည့် နှလုံးသားနုနုဖြင့် ထုဆစ်လေသောအရာနှင့် စစ်အချစ်ဝတ္ထုတိုများစုစည်းမှု စာအုပ် ထွက်ရှိလာသည်။

“ဆရာကြီးလက်ရာက အလွန်တိုးတက်လာတယ်နော်။ ဒါပေမယ့် ဒီယမင်းရုပ်လက်ရာကိုတော့ မယှဉ်နိုင်ဘူး” “ဗိုလ်လုံက ဒီအရုပ်လေးကို မှတ်မိသေးတာပဲ၊ ဒီအရုပ်က နှလုံးသားနုစဉ် ထုဆစ်ခဲ့တာ၊ ဒီဘက်ကအရုပ်တွေကတော့ ရင့်ကျက်မှုတွေစုပြီးထုခဲ့တာ အလှတစ်မျိုးစီပေါ့”

ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်တို့ကို အကျဉ်းသာပြောနိုင်သည်။ အချိန်မရ၍ဖြစ်သည်။


“ဆရာကြီး နောက်တပ်တွေပြောင်းတော့ အိမ်ထောင်ပြုလိုက်သေးလား”“မပြုတော့ပါဘူး။ ဗိုလ်လုံရော မိန်းမရပြီလား”

ကျွန်တော်ဆရာကြီးပြုနေကြအတိုင်း အဖြေကို ခေါင်းတစ်ချက်ခါရင်း ဆရာကြီးတူမချောတွေဘက် လှည့်ကြည့်လိုက်တော့ ဆရာကြီးနားခွက်က မီးထတောက်ပုံရသည်။ တစ်ချက်ပြုံးလိုက်ပြီးနောက်“နောက်ကြုံရင် ဆိုင်ဝင်လည်ပေါ့ နေရာလည်းသိသွားပြီပဲ”

ဆရာကြီးရဲ့နှုတ်ဆက်အလေးပြုခြင်းကို ပြန်အလေးပြုနှုတ်ဆက်ရင်း သံလွင်တံတားဘက် ဦးတည်ထွက်လိုက်သည်။

မည်သို့ပင် ပန်းပုလက်ရာတွေဆန်းသစ်လှပပေမယ့် ငယ်စဉ် နှလုံးသားနုနုဖြင့် ချစ်ဦးသူကို ရည်ရွယ်ထုဆစ်ခဲ့သောယမင်းရုပ်လေးလက်ရာကိုတော့ မီမည်မဟုတ်သည်ကို စာရေးသူနှင့် ဆရာကြီးပဲသိမည်ဆိုတာအမှန်ပင်။

စာအုပ်ကို ဦးသိန်းဝင်း၊ ပပဝင်း(၀၀၂၈၄)၊ အမှတ်(၃၇)၊ အနော်မာ (၁၉)လမ်း(အနောက်)၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉ ၂၅၄၃၄၇၇၆၆မှထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၆၀၀၀ သတ်မှတ်ထားသည်။




## ချစ်စရာ့ကလေးများ (ကလေးဝတ္ထုတိုများ)

(၂၀၀၈ ခုနှစ် ကလေးစာပေ အမျိုးသားစာပေဆုရ) စာရေးသူ ရေနံမြေမောင်မောင်ကြည်ရေးသားသည့် ချစ်စရာ့ကလေးများ (ကလေးဝတ္ထုတိုများ) စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင်ပါရှိသော အတာ၊ ပန်ကာ၊ မောင်မောင်၊ ဖိုးဇော်၊ ဝါဝါ၊ ဝတ်မှုန် စသည့် ကလေးဇာတ်ကောင်ကလေးများ၏ လှုပ်ရှားမှုများသည် ကလေးအများစုကို စာရေးသူပြောပြချင်သော အကြောင်းအရာများပင် ဖြစ်သည်။

ယင်းဇာတ်ကောင်လေးများမှတစ်ဆင့် ကလေးများအား သိစေချင်သော၊ မြင်စေချင်သော အကြောင်းအရာများကို ဇာတ်လမ်းဖွဲ့၍ စုစည်းဖော်ပြထားခြင်းဖြစ်သည်။

စာဖတ်တတ်စအရွယ်ကလေးများသည် ပုံပြင်နှင့် ရုပ်ပြဇာတ်လမ်းလေးများကို စိတ်ဝင်စားတတ်ပြီး ထိုမှတစ်ဆင့်တက်ကာ ဝတ္ထုတိုကလေးများကို စိတ်ဝင်တစားဖတ်ရှုလာတတ်ကြပြန်သည်။ ယင်းအချိန်တွင် အသိပညာနုနယ်သေးသော ကလေးများလက်ထဲသို့ ဖြူစင်သော အကြောင်းအရာကလေးများနှင့် အမှား၊ အမှန်ကို ခွဲခြားနိုင်သောအသိများ ရောက်ရှိသွားရန် လိုအပ်ပေသည်။

ထို့ကြောင့်ပင် စာရေးသူက တတ်စွမ်းသမျှနှင့် ဦးတည်ချက်ကောင်းမွန်သော ကလေးဝတ္ထုတိုလေးများကိုစုစည်းကာ ကလေးသူငယ်များ စာဖတ်သည့်အလေ့အကျင့်ကောင်းများကိုရရှိစေရန် ရည်ရွယ်၍ အဆိုပါစာအုပ်ကို ရေးသားထုတ်ဝေလိုက်ရခြင်းဖြစ်သည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ် (၂၈)(က)၊ ၁/အနော်မာ (၃) လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈နှင့် ၀၉ ၇၇၇၁၃၉၄၇၇တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ဖြင့် ဖြန့်ချိသည်။

## နှလုံးသွေးဖြင့်ရေးသည့် စာစုများ




စာရေးသူ ကိုပေါက်(နန္ဒဝန်)စီစဉ်ရေးသားသည့် နှလုံးသွေးဖြင့်ရေးသည့် စာစုများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ခြင်တစ်ကောင်နှင့် လူတစ်ယောက် အကြောင်းခေါင်းစဉ်ဖြင့် ဟင် ခြင်တစ်ကောင် ဝင်နေပါလား။ ခြင်ထောင်မချခင်ကတည်းက ခြင်တွေကို ဂရုတစိုက် မောင်းထုတ်ပြီးမှ ခြင်ထောင်ချပြီး ဖိထားတာတောင် ဒီခြင်က ဘယ်လိုလုပ်ပြီး ခြင်ထောင်ထဲရောက်နေပါလိမ့်နော်။ ခြင်တစ်ကောင်လောက်တော့ စောင်ခေါင်းမြီးခြုံပြီး အိပ်လိုက်ရင် ပြဿနာမဟုတ်တော့ပါဘူးလေ။ ဒါပေမယ့် ကျွန်မဘေးမှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေတဲ့ သားလေးရှိပါသေးလား။ ရက်သားလေးမို့ နီနီရဲရဲ မို့မို့ဖောင်းဖောင်းပါးကလေးတွေက ထုပ်ထားတဲ့အနီးကြားက အထင်းသားပေါ်နေလေရဲ့။ မျက်နှာကလေးကိုလည်း အုပ်ထားလို့ မဖြစ်သေးပါဘူး။ တော်ကြာ အိပ်ပျော်နေတုန်း အနီးဖိမိလို့မွန်းနေမှာ စိုးရသေးတယ်နော်။

ကျွန်မမျက်နှာက လူကြီးမို့ အကြီးကြီးပေါ့နော်။ ဒါကြောင့် ခြင်ကိုက်စရာနေရာ ပိုရတာပေါ့။ ခြင်ကိုက်လို့ယားရင်တောင် ကိုယ့်ဘာသာကိုယ် အယားပြေအောင် လုပ်နိုင်ပါတယ်နော်။ သားရက်သားလေးရဲ့ မျက်နှာသေးသေးနုနုကလေးကို ခြင်ကိုက်သွားမှ ယားလို့မှမကုတ်တတ်ရှာသေးတဲ့ သားလေးခမျာ အခံရခက်နေရှာတော့မယ်။ ကဲ ဒါနဲ့ပဲ သားလေးကို ရင်ခွင်ထဲဆွဲသွင်းပြီး ကျွန်မကတော့ စောင်လုံးဝမခြုံဘဲ အိပ်လိုက်ပါတော့တယ်။ မိခင်တစ်ဦး၏မေတ္တာကို စိတ်ဝင်စားဖွယ်ရေးသားထားသည်။

စာအုပ်ကို ပန်းဆွေမွန်စာပေ၊ အမှတ်(၂၆)၊ အောင်သပြေ အရှေ့(၁)လမ်း၊ (၇) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန် မြို့။ ဖုန်း-၀၉ ၂၅၀၁၃၉၅၈၈မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ ဝတ္ထုရှည်၊ ပထမဆုရ “ကိုထွန်း(ကျယ်ဂေါင်)” ရေးသားသည့် “ကြိုလင့်နေပါမြသီတာ”စာအုပ်ကို ၂၀၂၃ ခုနှစ် ဩဂုတ်လ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန် စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

## မြန်အောင်မြို့နယ်၌ မိုးမြေပဲများ စတင်ရိတ်သိမ်း၊ ဧက ၇၀၀၀ ကျော် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း

မြန်အောင် ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း မိုးရာသီတွင် ဆီထွက်သီးနှံ မိုးမြေပဲများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး စတင်ရိတ်သိမ်းနေကြောင်း သိရသည်။ မြို့နယ်အတွင်း မိုးမြေပဲ ၇၂၁၂ ဧက စိုက်ပျိုးထားပြီး ယာပြန်မြေပဲ ဧက ၃၀၀၀ ခန့်နှင့် ဆောင်းမြေပဲ ၁၉၀၉၄ ဧက စုစုပေါင်း ၂၉၂၆၁ ဧက စိုက်ပျိုးရန်လျာထားကြောင်း မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ထံမှ သိရသည်။



### အဓိကစိုက်ပျိုး

မြန်အောင်မြို့နယ်အတွင်း ဆီထွက်သီးနှံ မိုးမြေပဲ၊ ယာပြန်မြေပဲနှင့် ဆောင်းမြေပဲများကို ကန်ဇွန်းခုံကျေးရွာအုပ်စု၊ ရှားတောကျေးရွာအုပ်စု၊ အင်ပင်တိုက်နယ်နှင့် တောင်ရိုးတိုက်နယ်ဒေသများတွင် အဓိကစိုက်ပျိုးကြပြီး မိုးနေကြာ၊ ဆောင်းနေကြာများလည်း ထည့်သွင်းစိုက်ပျိုးကြကြောင်း သိရသည်။

ယခုနှစ် မိုးမြေပဲတစ်ဧက စိုက်ပျိုးစရိတ်မှာ ငွေကျပ်ခြောက်သိန်းမှ ရှစ်သိန်းအထိ ကုန်ကျမှုရှိကြောင်း၊ မိုးမြေပဲတစ်ဧကလျှင် တင်း ၇၀ မှ တင်း ၁၀၀ ခန့်အထိ ထွက်ရှိပြီး မြေဩဇာထည့်သွင်းမှုနှင့် နည်းပညာလိုက်နာသော တောင်သူများ၏ စိုက်ခင်းများတွင် တစ်ဧက မြေပဲတင်းတစ်ရာကျော် ထွက်ရှိကြောင်း၊ ယခုနှစ် မိုးမြေပဲပေါ်ချိန်တွင် အစိုတစ်တင်းလျှင် ငွေကျပ် ၂၇၅၀၀ ရရှိပြီး တစ်ဧက ငွေကျပ်ရှစ်သိန်းခန့် အကျိုးအမြတ်ရရှိကြကြောင်း၊ ဆီကြိတ်မည်ဆိုပါက မြေပဲအတောင့် တစ်တင်းလျှင် ဆီနှစ်ပိဿာကျော်ထွက်ရှိ၍ မိုးမြေပဲတစ်ဧကလျှင် ပျမ်းမျှ ဆီပိဿာ ၁၄၀ ခန့် ထွက်ရှိကြောင်း သိရသည်။

မြန်အောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မိုးမြေပဲစိုက်တောင်သူ ၂၂၃ ဦးတို့၏ ၅၄၆ ဧကကို တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် မိုးမြေပဲအထွက်တိုးရေးသွင်းအားစုများ ဖြည့်တင်းနိုင်ရန် ထုတ်ချေးပေးထားပြီး လာမည့်နှစ်များတွင်လည်း ယခုထက်ပို၍ ပံ့ပိုးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### စိုက်ဧက ၂၉၀၀၀ ကျော်ရှိ

မြန်အောင်မြို့နယ်အတွင်း တစ်နှစ်မြေပဲစိုက်ဧက ၂၉၀၀၀ ကျော်ရှိသောကြောင့် ထွက်ရှိလာမည့်မြေပဲများ ဆီကြိတ်မည်ဆိုပါက ဆီပိဿာချိန် သိန်း ၃၀ ကျော် ရရှိမည်ဖြစ်ပြီး မြို့နယ်တွင်း စားသုံးဆီဖူလုံမည့်အပြင် အခြားဒေသသို့ တင်ပို့ရောင်းချဖြန့်ဖြူးနိုင်မည်ဖြစ်သည်။ ယခင်နှစ် ဆောင်းသီးနှံ မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲစိုက်ခင်းများတွင် ဆီထွက်သီးနှံနေကြာ သီးထပ်/သီးညှပ် ထည့်သွင်းစိုက်ပျိုးကြရာ တောင်သူမိသားစုများစားသုံးရန် နေကြာဆီရရှိကြောင်း သိရသည်။

ဝင်းဗိုလ်(ပြန်/ဆက်)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၇-၈-၂၀၂၃ ရက်မှအဆက်

"ဒါပေမဲ့ ကျွန်တော်တို့ဟာ ဥပဒေကြောင်းအရမဟုတ်ဘဲ တစ်ဦးအကျိုး တစ်ဦး ထောက်ထားပြီးတော့ သီးနှံသီးစားခရော၊ သီးညှပ်လို့ခေါ်ဆိုနိုင်တဲ့ ထန်းပင်အတွက် သီးစားခရော ဝတ္တရားမပျက် ပေးဆပ်ကြပါတယ်။ အဲဒီတော့ကာ ကျွန်တော်တို့ ထန်းသမားတွေဟာ "၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေ" ကြောင်းအရ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ထန်းသမားတွေဘက်က ဝတ္တရားကျေပွန်နေရုံတွင်မကဘူး၊ ပိုတောင်နေပါသေးတယ်။ ဒီလို ကျွန်တော်တို့ဘက်က ဝတ္တရားကျေနေတာကိုပဲ ထန်းပိုင်ရှင်များဘက်က ပိုင်နက်ကျူးလွန်မှု၊ သီးခိုင်ခိုးယူသုံးစွဲမှုနဲ့ လုပ်ကြံလီဆယ်ပြီး တရားစွဲတာဟာ နည်းလမ်းကျ၍ တရားသော တရားစွဲဆိုခြင်းမျိုး ဟုတ်ပါ၏လောဆိုတာကို ဝေဖန်နိုင်ရန် ဥပဒေပါ အချို့အချက်များကို ထပ်မံတင်ပြပါရစေ။

"၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေ၊ ပုဒ်မ ၉ မှာ ဟောဒီလို ဆိုထားပါတယ်။ "ဤဥပဒေနှင့် အညီဖြစ်စေ၊ ဤဥပဒေအရပြုလုပ်သည့် နည်းဥပဒေများနှင့် အညီဖြစ်စေ ဆောင်ရွက်သည့် ကိစ္စတစ်ရပ်ရပ်အတွက် မည်သူ့ကိုမျှ တရားရုံးတစ်ခုခုတွင် တရားစွဲဆိုခြင်းမပြုရ" လို့ ပြဋ္ဌာန်းပါရှိပါတယ်။

"နောက်ပြီးတစ်ခါ "၁၉၆၃ ခုနှစ် တောင်သူလယ်သမားများအခွင့်အရေးကာကွယ်သည့်ဥပဒေ၊ ပုဒ်မ (၃) ပုဒ်မခွဲ (၁) အပိုဒ်ငယ် (က) (ခ) (ဂ) (ဃ)" များက ဒီလိုဆိုထားပြန်ပါတယ်။ "လယ်လုပ်သားတစ်ဦးထံမှရရန်ရှိသော ကြွေးမြီနှင့်ပတ်သက်၍ ၎င်း၏လယ်မြေ၊ ကျွဲ၊ နွား၊ သီးနှံ၊ စပါး စသည်တို့ကို မည်သည့်မြေပိုင်ရှင် ကြွေးမြီရှင်ကမျှ သိမ်းယူခြင်း မပြုစေရ။ ၎င်းလုပ်သားများကိုလည်း ဖမ်းဆီးချုပ်နှောင်ခြင်း မပြုစေရ" လို့ ဆိုပါတယ်။

"ဒါကြောင့် ဒီဥပဒေနှစ်ခုက ပြဋ္ဌာန်းထားတဲ့အချက် ပုဒ်မများအရ ကျွန်တော်တို့ ထန်းသမားများက ပို၍ပင် ပေးထားတဲ့သီးစားခကို မကျေနပ်နိုင်ပါဘူးရယ်လို့ဆိုပြီး ကျွန်တော်တို့ထန်းသမားများကို ထန်းပိုင်ရှင် မြေရှင်များက ဖမ်းဆီးချုပ်နှောင်ခြင်း၊ တရားစွဲဆိုထားခြင်းဟာ ဥပဒေများနဲ့ ညီညွတ်ပါရဲ့လား၊ ဆန့်ကျင်၍ကော မနေဘူးလားဆိုတဲ့အကြောင်း လူကြီးမင်းများ ကိုးကားနိုင်ဖို့ တင်ပြပါတယ်ခင်ဗျား"

ခန်းမဆောင်အတွင်းရှိ လူများမှာ ကိုအေးဆွေ၏ အမေးစကားကဲ့သို့ တင်ပြသွားချက်များကြောင့် အတွေးနက်ဝင်ဟန်ရှိကြကာ၊ ခေါင်းဆတ်၍ညိတ်သူများက ညိတ်ကာ စဉ်းစားဟန်ပြုနေကြသည်။

ကိုအေးဆွေသည် သူ့စကားဆုံးလျှင် နေရာတွင် ထိုင်ချလိုက်သည်။ လူလည်း မောပန်း၍သွားသည်။ သို့သော် မိမိဖွင့်ထုတ်ချင်သည့် အကြောင်းအရာများကို ဖွင့်ထုတ်လိုက်ရသဖြင့် ရင်ထဲတွင် ပေါ့၍သွားသည်။ ရှင်း၍သွားသည်။ အဖေ ဦးဖိုးခါ၊ ဦးစံကျော်နှင့် အခြားသော ထန်းသမားများက မိမိအား ကျေနပ်အားရသော အမူအရာ၊ ထောက်ခံသော အပြုံးများဖြင့် ကြည့်နေကြသည်ကို တွေ့ရသဖြင့် ပီတိဖြစ်ရသည်။ သို့တစေ ထန်းပိုင်ရှင်များကမူ မိမိအား ရန်သူပမာ လှမ်းကြည့်နေကြခြင်းကို ခံရ၏။ အထူးသဖြင့် ဦးမြမောင်၊ ဦးမြို့တို့၏ အကြည့်မှာ အမျက်အာဃာတထားသောအသွင် လက္ခဏာမျိုးဆောင်နေသည်ကို ၎င်းတို့ မျက်နှာများက ဖော်ပြနေသည်။

ထိုခဏဝယ် သူတို့၏ သမီးဖြစ်သူ ခင်သန်းဌွေးအား ဖျတ်ခနဲ သတိရလာသည်။ မိမိတင်ပြသွားသည်များကို သူသာ ကြားသိပါလျှင်လည်း သူတို့ကဲ့သို့ မည်မျှ ဒေါသူပုန်ထနေပါမည်နည်း။ မိမိအားလည်း မျက်နှာချင်းဆိုင်မရလောက်အောင် တစ်သက်တွင် ရှုံ့မုန်း၍သွားမည်လားဟု အတွေးကဝင်လာ၏။ ထိုအခါ ကိုအေးဆွေ၏ရင်ထဲဝယ် တသိမ့်သိမ့် တုန်အောင် ခါသွားပြီးလျှင် နှင့်ခနဲ ဝေဒနာကို ခံစားလိုက်ရသည်။

သို့ပေမဲ့လည်း ယခုတော့ ကိုအေးဆွေသည် ထန်းပိုင်ရှင်တို့၏ အမျက်သို ရန်ငြိုးထားမှုကို ရဲဝံ့စွာဖြင့် ရင်ဆိုင်လိုက်လေပြီ။ မိမိက ချစ်နေရသူ ခင်သန်းဌွေး၏ နာကြည်း စိတ်ကွက်သွားတော့မည်ကိုလည်း ဥပေက္ခာပြုလိုက်ချေပြီ။

အတန်ကြာလျှင် လ အ က အဖွဲ့ဝင် လူကြီးများသည် ထန်းပိုင်ရှင်များအားလည်းကောင်း၊ ကိုအေးဆွေတို့ထန်းသမားများအားလည်းကောင်း မရှင်းလင်းသည့် အချို့အချက်အလက်များကို ဆစ်ပိုင်း၍ မေးပြန်သည်။ အတန်ကြာမျှ နှစ်ဖက်လုံးအား ကျေနပ်လောက်အောင်မေးပြီး နောက်တစ်ပတ်ခြား၍ ရက်ချိန်းပေးလိုက်လေသည်။

မည်သို့ အဆုံးအဖြတ်ပေးပါမည်နည်း။

ကိုအေးဆွေ၏ရင်ထဲမှာတော့ ပူပင်နေလျက်သာ။

[ ၂၇ ]

**စုပေါင်းထန်းလုပ်ငန်း**
**လက်ပံပင်ကျေးရွာ**
**ကျောက်ပန်းတောင်းမြို့နယ်**

ဤဆိုင်းဘုတ်ကြီးက ခင်သန်းဌွေးအား ဝင့်ကြွားစွာဖြင့်ကြိုဆိုနေလေသည်။ ဆိုင်းဘုတ်ကြီးသည် ကျယ်ဝန်းလှသော ဝင်းကြီး၏ အဝင်ဝတံခါးပေါက်ထိပ်တွင် အခံ့သား ချိတ်ဆွဲလျက်ရှိလေသည်။

ခင်သန်းဌွေးသည် ဝင်းကြီးအား တအံ့တသြကြည့်ပြီးနောက် အကဲခတ်ရင်း တံခါးပေါက်ဝမှ လျှောက်ဝင်လာ၏။ ဝင်းကြီး၏အတွင်း၌ ကြီးမားပြန့်ကျယ်၍ ရှည်လျားသော ထန်းရွက်မိုး ထန်းရွက်ကာ တဲတန်းကြီးများသည် အတန်းလိုက် ယှဉ်လျက် အစီအရီဆောက်ထား၏။ ၎င်းတို့ထိပ်တွင်မူ နံပါတ်များရေးထားသည့် သွပ်ပြားငယ်များ ချိတ်ဆွဲထားလျက်ရှိ၏။ အဆောက်အအုံအချို့၏ဘေးတွင် ထန်းပင်အချို့အား တွေ့ရ၍ ဝင်းကြီး၏ အပြင်ဘက်တွင်ကား ထန်းတောကြီးများသည် မျှော်လေတိုင်း မဆုံးဘဲ ထပ်လျက်ထပ်လျက် ပေါက်နေသည်ကို တွေ့ရလေသည်။

နေ့လယ်ပိုင်း ရေဒီယိုမှသီချင်းသံသည် တဲတန်းရှည်ကြီးတစ်ခုအတွင်းဆီမှ ကြည်နူးစဖွယ် ပျံ့လွင့်လျက်ရှိသည်။ ထိုရေဒီယိုသီချင်းနှင့်အတူ ထန်းလျက်ဒယ်အိုးမွှေသံများနှင့် တစ်ချက်တစ်ချက်တွင် တစ်ဦးနှင့်တစ်ဦး မေးထူးခေါ်ပြောသံများကပါ ပေါ်ထွက်လာ၏။

အဆောက်အအုံ တစ်ခုမှ တစ်ခုသို့ ကူးသန်းသွားလာနေကြသော အစိမ်းရင့်ရောင်လုံချည်များနှင့် အမျိုးသား၊ အမျိုးသမီးအချို့ကို လှမ်းမြင်နေရသည်။ ထိုအထဲမှ ဝင်းတံခါးဘက်ဆီသို့ တန်းတန်းမတ်မတ်လာနေသော အလုပ်သမားတစ်ဦးဟု ထင်ရသည့် လုံချည်အစိမ်းနှင့် လူရွယ်တစ်ဦးကို ခင်သန်းဌွေးက သတိပြုမိသည်။

"ဒီမှာရှင့်၊ ကိုအေးဆွေကို တွေ့ချင်လို့ပါ။ သူရှိတဲ့နေရာကို တစ်ဆိတ်ပြပါလားရှင်"

လူရွယ် အနားသို့ရောက်လာလျှင် ခင်သန်းဌွေးက ဆီး၍မေးလိုက်၏။

"အဲဟို ရုံးခန်းထဲမှာ"

အံ့သြဟန်ပြနေသော လူရွယ်က ဝင်းကြီး၏မျက်နှာစာရှိ ခပ်လှမ်းလှမ်း အဆောက်အအုံတစ်ခုသို့ လက်ညှိုးထိုးကာ ညွှန်ပြလိုက်၏။

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

ခင်သန်းဌွေးသည် လူရွယ်အား နှုတ်ဆက်၍ ညွှန်ပြရာဘက်သို့ ပြောပြောဆိုဆိုနှင့် ထွက်လာခဲ့ရာ လူရွယ်လည်း ၎င်းအား အကဲခတ်ဟန်ဖြင့် ငေးမောကျန်ရစ်ခဲ့သည်။

ထိုနောက် ခင်သန်းဌွေးသည် "စုပေါင်းထန်းလုပ်ငန်းအဖွဲ့၊ အုပ်ချုပ်မှုအမှုဆောင်အဖွဲ့" ဟူသော ဆိုင်းဘုတ်ငယ် ချိတ်ဆွဲထားသည့် အဆောက်အအုံတစ်ခု၏ စင်္ကြံထဲသို့ ဝင်လိုက်၏။ ထိုနောက် အခန်းကျယ်ကြီး၏ အဝင်ဝတံခါးပေါက်ထိပ်ရှိ ပျဉ်ပြားဆိုင်းဘုတ်ငယ် အသေးလေးအား သတိပြု၍ကြည့်လိုက်ရာ "ရုံးခန်း" ဟူသော စာတန်းလေးကို တွေ့ရသည်။

ဤစာတန်းလေးကိုကြည့်၍ ခင်သန်းဌွေးသည် အတွင်းဘက်သို့ဝင်ရန် စောင်းငဲ့ကြည့်လိုက်၏။ အခန်းကြီးကား ကျယ်ဝန်းလှ၏။ လူလေးဦးသည် သူတို့အလုပ်တွင် စိတ်ဝင်စားစွာ လုပ်ကိုင်လျက်ရှိ၏။ ထိုအထဲမှ အခန်းကြီး၏ အလယ်ဗဟို ဟိုဘက်ထိပ်ရှိ စားပွဲတစ်လုံးတွင်ထိုင်ကာ စာရေးနေသော ကိုအေးဆွေအား တွေ့ရသည်။

သူ၏နောက်ဘက်ရှိ ထရံတွင်မူ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်နေဝင်းတို့ မှန်ပေါင်သွင်းဓာတ်ပုံကြီးများကို ချိတ်ဆွဲထား၏။ ဓာတ်ပုံများအောက်ဘက် ထရံဘေးတွင်ကပ်ကာ ကိုအေးဆွေ၏နောက်ဘက်တွင် စာရွက်စာတမ်း၊ ဖိုင်တွဲ၊ စာအုပ်များ ထည့်ထားဟန်ရှိသည့် ဗီရိုအကြမ်းနှစ်လုံးကို ယှဉ်လျက်ချထား၏။ ၎င်းဗီရိုများ၏ လက်ယာဘက် ထရံတွင်မူ ၁၉၆၅ ခုနှစ် ပြက္ခဒိန်နှစ်ခု သုံးခုကို ချိတ်ဆွဲထားလေသည်။

သူ၏ စားပွဲပေါ်တွင်ကား စာအုပ်များ၊ ဖိုင်တွဲများ၊ မင်အိုးများအပြင် "အတွင်းရေးမှူး" ဟူသော စာတန်းရေးထားသည့် သစ်သားတုံးငယ်လေး တင်ထား၏။ တစ်ဖန် ကိုအေးဆွေ၏ လက်ယာဘက်တွင်လည်း စားပွဲတစ်လုံးချထားကာ ၎င်းအပေါ်တွင် "ဥက္ကဋ္ဌ" .ဟူသော စာတန်းရေးထားသည့် သစ်သားတုံးငယ်လေး တင်ထား၏။ သို့သော် လူကားမရှိ။ အတွင်းရေးမှူးနှင့် ဥက္ကဋ္ဌတို့၏ စားပွဲများရှေ့တွင် ကုလားထိုင်နှစ်လုံးစီ ချထား၏။ ၎င်းတို့မှာ ထန်းလက်ဖတ်များဖြင့် ပြုလုပ်ထားသော ကုလားထိုင်များဖြစ်၏။ ဥက္ကဋ္ဌစားပွဲရှေ့တည့်တည့်မှ ဘေးဘက်ရှိထရံကို ကျောပေးကာ အထပ်လေးထပ်ပါသော ပစ္စည်းများတင်ထားသည့် စင်မြင့်တစ်ခု ချထား၏။ ၎င်းရှိ အထပ်များပေါ်တွင် ဖန်ဘူးများ၊ ပုလင်းများ၊ ထန်းဖူးပုံး (ထန်းရွက်ဖာ) များ၊ ထန်းလျှော်ကြိုးများနှင့် အခြားထန်းထွက်ပစ္စည်းများ တင်ထားသည်ကို လှမ်းမြင်နေရ၏။ ထိုနောက် စင်၏ ဤမှာဘက်တွင် ခင်သန်းဌွေးရပ်နေသော အဝင်တံခါးဝအထိ ခုံတန်းလျားရှည်များ စီပတ်၍ ချထားသည်။

စင်မြင့် ခုံတန်းလျားရှည်များနှင့် မျက်နှာချင်းဆိုင်ဖြစ်သော ကိုအေးဆွေ၏ လက်ဝဲဘက်တွင်မူ ကိုအေးဆွေအား မျက်နှာမူလျက် လူသုံးယောက်သည် စားပွဲကိုယ်စီဖြင့် အလုပ်လုပ်လျက်ရှိကြ၏။ ကိုအေးဆွေစားပွဲနှင့် အနီးကပ်ဆုံးလူ၏ စားပွဲပေါ်တွင် "စာရင်းအင်းဌာန" ဟူ၍ လည်းကောင်း၊ တစ်ဖန် ထိုလူ၏ ဤမှာဘက်စားပွဲတွင် အလုပ်လုပ်လျက်ရှိသောလူ၏ စားပွဲပေါ်တွင်လည်း "အထွေထွေဌာန" ဟူ၍ လည်းကောင်း စာရေးထားသည့် သုံးမြှောင့်သစ်သားတုံးငယ်လေးများ တင်ထားကြ၏။

ထိုလူနှစ်ယောက်သည် ကိုအေးဆွေနည်းတူ စာရွက်စာတမ်းများနှင့် ရေးမှတ်လျက်ရှိ၏၊ ဤမှာဘက် အစွန်ဆုံးမှ လူရွယ်သည်ကား လက်နှိပ်စက် တဖြောက်ဖြောက် ရိုက်လျက်ရှိ၏။ သူ၏ စားပွဲပေါ်တွင်လည်း "စုံစမ်းရန်နှင့် စာပေးစာယူဌာန" ဟူသော စာတန်းရေးထားသည့် သစ်သားတုံးငယ်လေး တင်ထား၏။ ထိုလူများသည် သူတို့အလုပ်အသီးသီးတွင် စိတ်ရောကိုယ်ပါနှစ်၍ လုပ်နေကြသဖြင့် ခင်သန်းဌွေး တစ်ယောက် တံခါးဝရောက်နေသည်ကို သတိမမူမိကြ။ အခန်းကြီးတစ်ခုလုံးမှာ လက်နှိပ်စက်ရိုက်သံကသာ ဖုံးလွှမ်းလျက်ရှိလေသည်။

ဆက်လက်ဖော်ပြပါမည်။

"ကိုအေးဆွေသည် သူ့စကားဆုံးလျှင် နေရာတွင် ထိုင်ချလိုက်သည်။ လူလည်း မောပန်း၍သွားသည်။ သို့သော် မိမိဖွင့်ထုတ်ချင်သည့် အကြောင်းအရာများကို ဖွင့်ထုတ်လိုက်ရသဖြင့် ရင်ထဲတွင် ပေါ့၍သွားသည်။ ရှင်း၍သွားသည်။ အဖေ ဦးဖိုးခါ၊ ဦးစံကျော်နှင့် အခြားသောထန်းသမားများက မိမိအား ကျေနပ်အားရသော အမူအရာ၊ ထောက်ခံသော အပြုံးများဖြင့် ကြည့်နေကြသည်ကို တွေ့ရသဖြင့် ပီတိဖြစ်ရသည်။ သို့တစေ ထန်းပိုင်ရှင်များကမူ မိမိအား ရန်သူပမာ . . ."

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**




**အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာပုံ-၁လမ်းအနောက်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ လူနေရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၈၀၆၊ ပေ(၄၀x၆၀)အကျယ်အဝန်းရှိမြေကွက်မှာ ဒေါ်ပု[၁၂/သကတ(နိုင်)၀၂၂၉၀၇] အမည်ဖြင့်နှစ်(၆၀)ဂရန်ထွက်ရှိထားပြီး အဆိုပါမြေကွက်အားဝယ်ယူထားသူ ဦးမောင်သိန်းကျော်[၁၁/မပန(နိုင်)၀၇၂၈၆၉]က ၎င်း၏အမည်ပေါက်ရရှိနိုင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ပါ၍ ဒေါ်ပုအနေဖြင့် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ချုပ်ဆိုနိုင်ရန် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ပေးပါရန်နှင့် ယင်းသို့ဆက်သွယ်လာခြင်းမရှိပါက ဦးမောင်သိန်းကျော် အမည်ဖြင့် နှစ်(၆၀)ဂရန်အမည်ပေါက်ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ပုအပါအဝင် အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုမြတ်လွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၁၉/၂၀၂၁)**
**တိုက်-၂၁၅၊ ဒုတိယထပ်၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၅၇၈၄၆၈၈**

**အနာဂတ်ကမ္ဘာ**
**သာယာဖို့**
**အိုဇုန်းလွှာကို**
**ကာကွယ်စို့**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ၂၀၂၃ - ၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၃**

၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက်က အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ် နန္ဒာ(တောင်)ကျေးရွာ ကွင်းအမှတ်(၄၅၀) တောင်သူဦးတင်လှ၏ မိုးစပါးစိုက်ခင်းတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်က စားရေရိက္ခာပေါများရေးကို အလေးထားဆောင်ရွက်နေကြောင်း၊ သီးနှံအထွက်နှုန်းတိုးမြှင့်နိုင်ရန်အခြေခံဖြစ်သည့် မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင်စိုက် မှန်(၄)မှန် ဟန်ချက်ညီညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် သိပ္ပံနည်းကျစိုက်နည်းစနစ်(၁၄)ချက်ကို လိုက်နာဆောင်ရွက်စေရန် ယခုလိုပွဲမျိုးကို ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာသော တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် ကြုံတွေ့နေရသည့် အခြေအနေများနှင့်ပတ်သက်၍ တင်ပြချက်များနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၏ဖြည့်စွက်ဆွေးနွေး ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန အောင်မြေသာစံခရိုင်ဦးစီးမှူးက ကောက်စိုက်ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များ၊ အမှတ်ပေးစည်းမျဉ်းများနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ကောက်စိုက်ပြိုင်ပွဲစတင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် စိုက်ကွင်းအတွင်း ပုသိမ်ကြီးမြို့နယ်မှ လှိုင်းမေတ္တာအဖွဲ့နှင့် ရွှေရည်နန္ဒာအဖွဲ့၊ မတ္တရာမြို့နယ်မှ ရွှေစည်တိုင်းအဖွဲ့နှင့် ဒို့တောင်ပြန်းအဖွဲ့၊ အမရပူရမြို့နယ်မှ တောင်မြို့သူ(၁)အဖွဲ့နှင့် တောင်မြို့သူ(၂)အဖွဲ့ စုစုပေါင်း ပြိုင်ပွဲဝင် ကောက်စိုက်သမအဖွဲ့ခြောက်ဖွဲ့၏ ကောက်စိုက်စွမ်းရည်ယှဉ်ပြိုင်နေမှုများကို ဒေသခံပြည်သူများနှင့်အတူ ကြည့်ရှုအားပေးသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်နှင့် မတ္တရာမြို့နယ်မှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများထံသို့ မျိုးစေ့ချကိရိယာ (Drum Seeder)များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသည့်အဖွဲ့များကို ဂုဏ်ပြုဆုငွေများချီးမြှင့်ရာ ပထမဆုရ လှိုင်းမေတ္တာအဖွဲ့၊ ဒုတိယဆုရ ရွှေစည်တိုင်းအဖွဲ့၊ တတိယဆုရ တောင်မြို့သူ(၂)အဖွဲ့၊ နှစ်သိမ့်ဆုများ ရရှိကြသည့် ရွှေရည်နန္ဒာအဖွဲ့၊ တောင်မြို့သူ(၁)အဖွဲ့၊ ဒို့တောင်ပြန်းအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများနှင့် ဒိုးပတ်အဖွဲ့အား ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ပြီး ပထမဆုရအဖွဲ့မှ ကောက်စိုက်သမတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

○ ကျောဖုံးမှ

ဒုတိယဂိုးမှာမူ မြန်မာအသင်းအနေဖြင့် ပင်နယ်တီမှတစ်ဆင့် ပေးခဲ့ရခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း ချေပဂိုးပြန်ရရန်ကြိုးပမ်းသော်လည်း အာဖဂန်နစ္စတန်အသင်းက သုံးဂိုးထပ်သွင်းသဖြင့် ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အောက်တိုဘာလတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၄ အာရှဖလား ဖူဆယ်ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခုပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုအဆင့်ကျော်လွန်နိုင်သော်လည်း ဆီမီးဖိုင်နယ်နှင့် တတိယနေရာလုပွဲတွင် အရေးနိမ့်ကာ စတုတ္ထနေရာဖြင့် ကျေနပ်ခဲ့ရသည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

## အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၃ အသင်း ထိုင်းနိုင်ငံသို့ ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၁၃**

မြန်မာယူ-၂၃ အသင်းသည် ၂၀၂၃ အာဆီယံ ယူ-၂၃ ပြိုင်ပွဲကျင်းပမည့် ထိုင်းနိုင်ငံသို့ ဩဂုတ် ၁၂ ရက် ညနေပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ယင်းနေ့ညပိုင်းတွင် ရောက်ရှိခဲ့သည်။

**ယှဉ်ပြိုင်ကစားရမည်**

မြန်မာ ယူ-၂၃ အသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် ကစားသမား ၂၅ ဦးခေါ်ဆောင်သွားပြီး အမာခံကစားသမားအချို့မှာမူ ကလပ်အသင်းပွဲစဉ်များနှင့် တိုက်ဆိုင်နေသဖြင့် ယခုပြိုင်ပွဲတွင် ပါဝင် ကစားနိုင်မည်မဟုတ်ကြောင်း သိရသည်။ မြန်မာ ယူ-၂၃ အသင်းသည် ဩဂုတ် ၁၁ ရက်က ရန်ကုန်ယူနိုက်တက်အသင်းနှင့် ခြေစမ်းကစားပြီးနောက် ပဏာမ ကစားသမား ၃၇ ဦးမှ ၂၅ ဦးရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၂၃ အသင်းသည် အာဆီယံ ချန်ပီယံရှစ် အုပ်စု (က) တွင် ထိုင်း၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းအသင်းတို့နှင့် ကျရောက်လျက်ရှိပြီး ဩဂုတ် ၁၇ ရက်တွင် ထိုင်း၊ ဩဂုတ် ၁၉ ရက်တွင် ကမ္ဘောဒီးယား၊ ဩဂုတ် ၂၁ ရက်တွင် ဘရူနိုင်းအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားရေရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါး၊ ပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော၊ နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

## ၁၃-၈-၂၀၂၃ ရက်နေ့အထိ အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၇၉၄။ | အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ အရာရှိ/အရာခံ/အကြပ်စစ်သည်နှင့်အလှူရှင်မိသားစုများကောင်းမှု | ၃၈၀၇၈၈၀၀ |
| ၄၇၉၅။ | ဦးစိန်နှင့်ဇနီး ဒေါ်မြရင်အားအမှူးထား၍ (သမီးကြီး) ဒေါ်ကျင်ဆိုင်မိသားစုကောင်းမှု | ၁၅၅၀၀၀၀၀ |
| ၄၇၉၆။ | ဒေါက်တာမိုးကျော်နှင့်ဇနီး ဒေါက်တာမို့မို့သန်း၊ (သား) မောင်သန့်ဘုန်းထွဋ်၊ (သမီး) မထူးဝင့်ထည်၊ မြတ်စန္ဒာအထူးကုဆေးခန်းမိသားစုကောင်းမှု | ၁၀၀၀၀၀၀၀ |
| ၄၇၉၇။ | ဒေါ်သဇင်အောင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀၀၀ |
| ၄၇၉၈။ | အင်းဝဘဏ် Customer (၁၇)ဦး ကောင်းမှု | ၄၂၉၀၀၀၀ |
| ၄၇၉၉။ | သီရိပျံချီ ဗိုလ်ချုပ်ကြည်အောင်(ငြိမ်း) နှင့်ဇနီး ဒေါ်ခင်ခင်လေး သား၊ သမီး၊ မြေး တစ်စုကောင်းမှု | ၄၀၀၀၀၀၀ |
| ၄၈၀၀။ | ဦးပြည့်ဖြိုးရှိန်(ပညာ့ပန်းတိုင်ကျောင်း) မိသားစုကောင်းမှု | ၂၅၀၀၀၀၀ |
| ၄၈၀၁။ | ကွယ်လွန်သွားသော မိဘများအားရည်စူး၍ ဦးလှငွေး(အမြဲတမ်းအတွင်းဝန်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး) နှင့်ဇနီး ဒေါ်သင်းသင်းနွယ်၊ (သား)မောင်ရဲအောင်မိုး၊ မောင်ရဲမိုးဟန်မိသားစုကောင်းမှု | ၂၁၀၀၀၀၀ |
| ၄၈၀၂။ | ကွယ်လွန်သူ ဦးကျော်သောင်းနှင့်ဇနီး ဒေါ်ညွန့်ညွန့်၊ ဒေါ်တင်လှတို့အားရည်စူး၍ (သမီး) ဒေါ်ခင်ခင်စိန် သား၊ သမီး၊ မြေး မိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၄၈၀၃။ | ၂၀၂၂-၂၀၂၃ လူရည်ချွန် မောင်/မယ်များကောင်းမှု | ၁၈၀၀၀၀၀ |
| ၄၈၀၄။ | မမြတ်နိုးသူ မိသားစုကောင်းမှု | ၁၅၀၀၀၀၀ |
| ၄၈၀၅။ | Bandoola Tawwin Transportation ကောင်းမှု | ၁၄၈၅၀၀၀ |
| ၄၈၀၆။ | ဒေါက်တာသက်အောင်မိသားစုကောင်းမှု | ၁၄၀၀၀၀၀ |
| ၄၈၀၇။ | ဦးပြည့်ဖြိုးအောင် မိသားစုကောင်းမှု | ၁၁၁၄၀၀၀ |
| ၄၈၀၈။ | ဗိုလ်မှူးကျော်ငွေးဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်ထွေးထွေးမာ (သား) မောင်မြသန်းငွေး မိသားစုကောင်းမှု | ၁၁၀၀၀၀၀ |
| ၄၈၀၉။ | ဦးစည်လှိုင်(ခ)ဦးစိန်ထွန်း(မြဝတီအမှတ်(၄)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူး)နှင့်ဇနီး ဒေါ်ကြည်ကြည်စိန်၊ (သား) မောင်ဘုန်းလကျာ၊ မောင်ခန့်စည်သူ၊ မောင်ဝေယံမင်းစိုး မိသားစုကောင်းမှု | ၁၁၀၀၀၀၀ |
| ၄၈၁၀။ | ဗိုလ်မှူးစောမျိုးမြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်အေမီထွန်း (ခ)ပန်းအိ၊ (သမီး) မနန်းဆုသဒ္ဒါမျိုးမြင့်၊ မနန်းလင်းလဲ့ဖြူမျိုးမြင့်၊ မနန်းမိုးနတ်မယ်စံမျိုးမြင့် မိသားစုကောင်းမှု | ၁၁၀၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၈၁၁။ | ဦးတင်ဝင်းနှင့်ဇနီး ဒေါ်အေးမြင့်မိသားစုကောင်းမှု | ၁၀၁၀၀၀၀ |
| ၄၈၁၂။ | ဗိုလ်မှူးချုပ်အောင်ကျော်ငြိမ်း(ငြိမ်း)နှင့်ဇနီး ဒေါ်စန်းစန်းတင်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၈၁၃။ | ဦးမြသန်းနှင့်ဇနီး ဒေါ်ညိုညိုတင် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၈၁၄။ | (အဘိုး) ဦးရွှေအိုးနှင့်ဇနီး (အဘွား) ဒေါ်နှင်းစိုး၊ (ဘကြီး) ဦးဖိုးသာ၊ (ကြီးကြီး) ဒေါ်အိမ်သာ၊ (အဖ) ဦးဖိုးအုံ၊ (အမိ) ဒေါ်ရွှေတို့အားရည်စူး၍ (သမီး) ဒေါ်ထွေးသာ၊ ကိုအောင်ကျော်လွင်၊ (သမီး) မသီတာမြင့်၊ မရီရီမြင့်၊ မကြည်ကြည်မြင့်၊ မမာလွင်မြင့်မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၈၁၅။ | ဖခင်ကြီး ဗိုလ်မှူးကြီးသန်းအေးအားရည်စူး၍ ဇနီး ဒေါ်ခင်စမ်းကြည်၊ (သမီး) မနေခြည်သန်းအေး(ICTS Co.,Ltd)၊ (မြေး) မောင်ဟန်သစ်ညီညီ မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၈၁၆။ | စစ်ဦးစီးတက္ကသိုလ်သင်တန်း အမှတ်စဉ်(၆၉) နှစ်ပတ်လည်အလှူမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၈၁၇။ | ဗိုလ်မှူးချုပ်စိန်လင်းနှင့်ဇနီး ဒေါ်နွယ်သဇင်၊ (သမီး) မအေးချမ်းမိုး၊ မရှင်းသန့်လင်းမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၈၁၈။ | ဦးမြင့်စိုးနှင့်ဇနီး ဒေါ်မာမာအေးမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၈၁၉။ | Mr. Lo Tang Chun နှင့်ဇနီး ဒေါ်တင်တင်စန်း မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၈၂၀။ | Mr. Carlos Lou နှင့်ဇနီး ဒေါ်စိုးစိုးသစ် မိသားစု(မကာအိုမြို့)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၈၂၁။ | ဦးကျင်စိန်နှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၈၂၂။ | ဦးချစ်လွင်နှင့်ဇနီး ဒေါ်သိန်းကြည် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၈၂၃။ | ဒေါ်အေးချမ်းမြတ်ဖြိုးမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၈၂၄။ | ဦးရဲမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၈၂၅။ | ဦးလှမြင့်ဦး မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၈၂၆။ | ကွယ်လွန်သူ ဒေါ်ဝင်းအားရည်စူး၍ ခင်ပွန်းဖြစ်သူ ဦးထင်ကျော်လင်း၊ သား၊ သမီးများ ဖြစ်ကြသည့် ဒေါက်တာမိုးမိုးမင်း၊ ဦးကျော်စွာမင်းနှင့်ဇနီး ဒေါ်ခိုင်သဇင်မိုး၊ ဗိုလ်မှူးထွန်းလင်းအောင်နှင့်ဇနီး ဒေါ်ဝင်းပပလင်းနှင့် မြေး(၃)ယောက် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၈၂၇။ | ဒေါ်ခင်သန်းတင့် မိသားစုကောင်းမှု | ၇၀၀၀၀၀ |

| စဉ် | ပိဋကသုံးပုံကျမ်းစာအုပ် အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၈၂၈။ | ဦးထွန်းစည်သူ(မြင့်မဟာကုမ္ပဏီလီမိတက်) မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၇ စုံ) | ၁၄၀၀၀၀၀၀ |
| ၄၈၂၉။ | PM TEE Co.,Ltd မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၅ စုံ) | ၁၀၀၀၀၀၀၀ |
| ၄၈၃၀။ | ဒေါ်သူဇာမိုးမိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၂ စုံ) | ၄၀၀၀၀၀၀ |
| ၄၈၃၁။ | ဦးအောင်သန်းနှင့်ဇနီး ဒေါ်ဆွေဆွေလှဲ့ မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၈၃၂။ | ဒေါက်တာသစ္စာနီမာညွန့်မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၈၃၃။ | နှစ်ဖက်သောဘိုးဘွားမိဘများအားအမှူးထား၍ ဦးဟန်ထူးနှင့်ဇနီး ဒေါ်နန္ဒာဝင်း၊ (သမီး) မငြိမ်းစုဟန်၊ မသီရိစုဟန်၊ (သား) မောင်ထူးတေဇဝင်းမိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၈၃၄။ | ဒေါ်အေးအေးတင့်မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၈၃၅။ | ကွယ်လွန်သူ အဘိုး၊ အဘွားများ၊ မိဘ၊ ဆရာများအား ရည်စူး၍ ဦးမြတ်ကျော်မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၈၃၆။ | ဦးသက်ဦးမောင်မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၈၃၇။ | ဗိုလ်ကြီးရန်နိုင်စိုး(ငြိမ်း)နှင့်ဇနီးဒေါ်တင်မာဖြူ(ခ)မချို (သား) မောင်အဂ္ဂမင်း၊ (သမီး) မချစ်ပန်းဆုသွယ်၊ (သား) မောင်ဖြိုးသီဟကျော်(Royal Motel )မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၈၃၈။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်ညွန့်ဝင်း မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၈၃၉။ | ဦးရိုနိုင်မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၈၄၀။ | ဦးကျော်စွာရဲမြင့်(ဝမ်းပြည့်အောင်ကုမ္ပဏီ) မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၈၄၁။ | Cypress Co.,Ltd မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆**


### တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဗညားဒလလမ်းနေ ဦးလှငွေးနှင့် ဒေါ်မြင့်မြင့်လှိုင်တို့၏သားဖြစ်သူသည် အိမ်ထောင်စုလူဦးရေစာရင်းတွင် ဦးငွေးမြင့်အောင်(ခ)ဖြိုးဟန်ကျော်ဟု ဖော်ပြပါရှိပြီး မှတ်ပုံတင်တွင် ဖြိုးဟန်ကျော် [၁၂/မဂတ(နိုင်)၁၀၂၆၇၇] တစ်ဦးတည်းသာပါရှိသော်လည်း လူတစ်ဦးတည်းသာဖြစ်ပါသည်။

### သင့်သွေးဖြင့် အသက်ကယ်ပါ

### အမည်မှန်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်နေ ဒေါ်မြင့်လှိုင်၏ အမည်မှန်မှာ ဒေါ်မြင့်မြင့်လှိုင် [၁၂/ဗဟန(နိုင်)၀၀၅၆၃၁] ဖြစ်ပါသည်။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင် Time Square အိမ်ရာ၊ တိုက်(C–2)၊ အခန်း(A/1106)၏ အမည်ပေါက် ဒေါ်တင်တင်ထွန်း+(၃) [၁၂/ကတတ(နိုင်)၀၁၉၅၃၉]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ယုဇနမော် [၁၂/ပဇတ(နိုင်)၀၄၁၆၂၈]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၇၅၄၇**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင် Time Square အိမ်ရာ၊ တိုက်(C–2)၊ အခန်း(A/609)၏ အမည်ပေါက် ဒေါ်ခင်ဆွေဝင်းအောင်[၁၂/ပဇတ(နိုင်)၀၀၃၇၅၉]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်အေးသူဇာကျော်[၁၄/ဟသတ(နိုင်)၂၅၈၈၀၂]က တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## “အများသိစေရန် ကြေညာခြင်း”

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်တင်တင်အေး (N/RGN-၀၈၁၃၈၁)၊ ဦးကျော်လွင် [၁၂/တမန (နိုင်)၁၀၁၉၅၃]နှင့် ဒေါ်တင်တင်အိ [၁၂/တမန(နိုင်) ၀၈၁၃၈၃]ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ် (၂၄)၊ ပထမထပ် [တိုက်ကိုမျက်နှာမူလျှင်(ဘယ်)ဘက်အခြမ်း]၊ အကျယ်အဝန်း (၁၂ ½ပေ x ၅၀ပေ)ရှိ တိုက်ခန်းမှာ ကျွန်ုပ်တို့မိတ်ဆွေများ၏မိခင် ဒေါ်ဘူရီ (ကွယ်လွန်) (CG-၀၄၁၇၉၅) [၁၂/ တမန (နိုင်) ၀၈၆၅၃၄]မှ ပိုင်ဆိုင်ကျန်ရစ်ခဲ့သော တိုက်ခန်းဖြစ်ပါသည်။

မိခင် ဒေါ်ဘူရီသည် ၂၀၂၁-ခုနှစ်တွင်လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးဘရှိ အူလ်လာသည် ၁၉၇၀-ခုနှစ်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပါသည်။ ၎င်းတို့ မွေးဖွားထွန်းကားခဲ့သော သားသမီးများအနက် (၅)ဦးမှာ လူပျို၊ အပျိုကြီးများဘဝဖြင့် ကွယ်လွန်ခဲ့ကြပြီး၊ (၂)ဦးမှာလည်း အမွေရှင်မိခင် ဒေါ်ဘူရီထက်စော၍ ကွယ်လွန်ခဲ့ကြသဖြင့် အထက်ပါတိုက်ခန်းကို ကျွန်ုပ်တို့၏မိတ်ဆွေများအပါအဝင် ဒေါ်နီနီအေး၊ ဒေါ်ခင်ခင်အေးတို့ မောင်နှမ(၅)ဦးတို့မှ အစွလာမ့်ဥပဒေအရ အမွေဆက်ခံလာခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့မိတ်ဆွေများ၏ အတိအလင်း သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ အထက်ပါတိုက်ခန်းတစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်း တစ်ခုကိုဖြစ်စေ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ လဲလှယ်ခြင်း၊ အခမဲ့ထားရှိခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း အစရှိသည်တို့ကို ပြုလုပ်ပိုင်ခွင့်မရှိပါကြောင်း၊ ပြုလုပ်လာပါက ဥပဒေနှင့်မညီ တရားမဝင်သည့်အပြင် ပြုလုပ်သူများအပေါ် တရားဥပဒေအရ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မာမာသိန်း (LL.B)** **ဒေါ်နှင်းဝေလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂)** **အထက်တန်းရှေ့နေ (စဉ်-၅၄၃၀၅)**
**အမှတ်(၂၇၅)၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရိုးကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-5064959, 09-420022733**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ဝေဇယန္တာ အနောက် (၁၈)လမ်း၊ အမှတ် (၇၄၀) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက် အမှတ် (၆/အနောက်)၊ လူနေရပ်ကွက်အမှတ်- (၆)၊ မြေကွက်အမှတ် (၇၄၀) အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျယ်အဝန်း (၁၈x၅၄)ပေရှိ မြေညီထပ်တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးကောင်းဇင်မျိုးခန့် [၁၂/သကတ(နိုင်) ၁၈၈၆၇၇] က အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြူမင်းဟန် [၁၂/ကမတ(နိုင်) ၀၀၁၃၄၆] က ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေနှင့်တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မာမာသိန်း (LL.B)** **ဒေါ်နှင်းဝေလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
**(စဉ်-၈၇၉၂)** **(စဉ်-၅၄၃၀၅)**
**အမှတ်- ၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရိုးကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၀၆၄၉၅၉၊ ၀၉-၄၂၀၀၂၂၇၃၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ မြေကွက်အမှတ် (၂၂၆/က)၊ ဧရိယာ (၀. ၀၂၇) ဧက မြေကွက်တည်နေရာ-အမှတ် (၂၂၆/က)၊ ပင်းယလမ်း၊ (၆/၉) ရပ်ကွက်၊ ရွှေပြည်သာ၊ ဦးခင်မောင် (AA - ၀၄၆၁၃၆) အမည်ပေါက် နှစ်(၆၀) ဂရန် မြေငှားဂရန်မြေအား ဂရန်မြေအမည်ပေါက် ဦးခင်မောင် (အဘိုး) ဖြစ်သူသည် (၈-၁-၂၀၀၇) ရက်နေ့တွင်လည်းကောင်း၊ အဘွားဖြစ်သူ ဒေါ်ညွန့်သည် (၂၄-၁-၁၃) ရက်နေ့တွင်လည်းကောင်း (ကွယ်လွန်)၍ ၎င်းတို့၏ တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်ခင်မမ (မိခင်) ဖြစ်သူသည် (၅-၄-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးထွန်းထွန်းဦးသည် (၂၅-၂-၂၀၁၇) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် ၎င်းတို့၏ မြေး/သား သမီးများဖြစ်ကြသော ဦးရဲကျော်သူ [၁၂/ရပသ(နိုင်)၀၅၁၄၃၈]၊ ဦးမင်းကျော်သူ [၁၂/ရပသ(နိုင်) ၀၅၁၄၃၇]၊ ဒေါ်သိမ့်သိမ့်မာန် [၁၂/ရပသ(နိုင်)၀၆၃၂၆၅] တို့ထံမှ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်-၆၂၀၁ (၃၁-၃-၂၀၂၃)ရရှိသူ ဦးရဲမင်းနိုင် [၁၂/ရပသ(နိုင်)၀၅၆၁၇၇] မှ ဂရန်မူရင်း၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာ အမှတ်-၇၃၁/၂၀၂၃ (၅-၆-၂၃)၊ မြေအမည်ပေါက် အဘိုး ဦးခင်မောင်ကွယ်လွန်ပြီးနောက် ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံး၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ ၎င်းတို့ (၃)ဦးကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၇၃၂/၂၃ (၅-၆-၂၃)၊ အသိသက်သေနှစ်ဦး၏ ထပ်ဆင့် ကျမ်းကျိန်လွှာ၊ အိမ်ထောင်စုစာရင်း၊ သေစာရင်း၊ အမှားပြင်ဖြည့်စွက်စာချုပ်အမှတ်-၄၇၀၈ (၂၂-၅-၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

(၅-၈-၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၇)တွင် မြောက်ဥက္ကလာပမြို့နယ်၊ ဌ-ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ်-၆၆၅နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်တွင်ပါရှိသည့် ဦးအောင်သန်းအစား ဦးအောင်ဆန်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **ဒေါ်စုမြတ်လွင်**
**(တရားလွှတ်တော်ရှေ့နေ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၇-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၇)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၅)ဦးဆွေအုပ်၏အမည်ပြောင်းတွင်လျှောက်ထားသူအမည်-ဦးဆွေအုပ်အစားဦးဘွေအုပ်ဟုအမှန်ဖတ်ရှုပါရန်။

## ဖြည့်စွက်ဖတ်ရှုပါရန်

၆-၈-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၁)ကန့်ကွက်နိုင်ကြောင်းကြော်ငြာသာကေတမြို့နယ်၊SPဦးတင်ထွဋ်ဝင်း၏အရောင်းမြေပုံကူးတွင် "ကျမ်းကျိန်လွှာတို့တင်ပြ၍ဦးအောင်ဇင်လိုင်၏SPရသူဦးတင်ထွဋ်ဝင်း(၁၂/သကတ(နိုင်)၁၁၄၆၂၁)မှအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူး" လျှောက်ထားလာရာဟုဖြည့်စွက်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၅၇၁)၊ မြေကွက်တည်နေရာ-အမှတ်(၅၇၁)၊ မြတ်မင်္ဂလာလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးအေးသန်း(CA-၀၆၃၄၂၈)အမည်ပေါက် မြေချပါမစ်မြေအား ၁၈-၃-၁၉၉၀ရက်နေ့စွဲပါ ဦးအေးသန်းအမည်ပေါက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးသော မြေချပါမစ်ကို မြေချပါမစ်(မူရင်း)နှင့်မြေငှားစာချုပ်(ဂရန်)ကို လဲလှယ်ထုတ်ယူခွင့်ပြုပါရန် ဦးအေးသန်းထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၆၅၁/၁၈-၂-၂၀၀၀ဖြင့် ရရှိထားသူ ဦးမျိုးလွင်ဦး [၁၂/မရက(နိုင်)၀၃၀၄၅၈]၊ ဒေါ်ခင်ထွေးမော် [၁၂/မရက(နိုင်)၀၆၃၇၄၇]တို့မှ လျှောက်ထားလာရာတွင် (က) ၁၈-၃-၁၉၉၀ ရက်စွဲဖြင့် ထုတ်ပေးထားသော ဦးအေးသန်းအမည်ပေါက် မြေချပါမစ်မူရင်း၊ (ခ) မြန်မာ့စီးပွားရေးဘဏ်ငွေသွင်းချလန်၊ (ဂ)အထူးကိုယ်စားလှယ်လွှဲစာ၊ (ဃ) ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ မြေချပါမစ်မူရင်းနှင့် မြေငှား စာချုပ်(ဂရန်)ကို လဲလှယ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ဆဒ္ဒံဒူးဝါးလမ်း၊ မြေကွက်အမှတ်(၈၇၇/ခ)၊ အကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ ဦးအေးလွင် (CE-964030)/[၁၂/သဃက(နိုင်)၅၁၉၇၅၅] အမည်ပေါက် မြေချပါမစ် မြေကွက်အနက်(ခေါင်းရင်းဘက်ခြမ်း)ဖြစ်သော (အလျား ၁၀ ပေ x အနံ ၆၀ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ဝယ်ထားပိုင်ဆိုင်သူ ဒေါ်ရွှေဇင်မြင့် [၁၂/မရက(နိုင်) ၁၁၈၈၁၅]က မိမိသာ တရားဝင်ပိုင်ဆိုင်ကြောင်း ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာကင်းရှင်းကြောင်း၊ ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းဝင်းနွယ် [B.A(ECO)H.G.P] အထက်တန်းရှေ့နေ (စဉ်-၁၁၈၆၉)**
**အမှတ်-(၁၂၈/က)၊ ဟိုင်ဆင်ဒူးဝါးလမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၅၃၈၀၇၄၄၉**

## အိတ်ပိတ်လေလံကြေညာခြင်း
## တနင်္သာရီတိုင်းဒေသကြီး
## သမဝါယမအသင်းစုချုပ်လီမိတက်
## ထားဝယ်မြို့

တနင်္သာရီတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်လီမိတက် ပိုင် အောက်ဖော်ပြပါ မြေနှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အဦများကို အိတ်ပိတ်လေလံတင်ထုခွဲရောင်းချမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည် -

(၁) ဦးပိုင်အမှတ်(၉) ( သစ်ယားလေးပင်ဂိုဒေါင်မြေ)၊ အာဇာနည်လမ်း၊ ဗျောတောဝရပ်ကွက်၊ ထားဝယ်မြို့။

| | | |
|---|---|---|
| လေလံပိတ်မည့်ရက် | - | ၂၀၂၃ခုနှစ်၊ ဩဂုတ်လ(၂၁)ရက် (တနင်္လာနေ့) |
| လေလံတင်ထုခွဲ ရောင်းချမည့်နေရာ | - | တနင်္သာရီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ထားဝယ်မြို့။ အစည်းအဝေးခန်းမ။ |
| လေလံဖွင့်မည့်ရက် | - | ၂၂-၈-၂၀၂၃ (အင်္ဂါနေ့) |

**စုံစမ်းရန်**

| | | |
|---|---|---|
| ဦးသိန်းဝင်း (ဥက္ကဋ္ဌ) | - | ၀၉-၄၂၇၀၂၀၀၅၅ |
| ဦးထွန်းမင်း (အုပ်ချုပ်မှုဒါရိုက်တာ) | - | ၀၉-၄၂၈၇၆၃၃၃၅ |
| တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် | - | အမှတ်(၉၄)၊ ညောင်ပင်ကြီးလမ်း၊ ဒေါင်းငူရပ်ကွက်၊ ထားဝယ်မြို့။ (၀၅၉-၂၀ ၂၁၁၃၉) |

**ဒါရိုက်တာအဖွဲ့**
**တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လီမိတက်**
**ထားဝယ်မြို့။**

## (၃၁-၇-၂၀၂၃) ရက်စွဲပါ ကြေးမုံသတင်းစာတွင် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်အား ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ (၇) ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ မြေကွက်အမှတ် (၇)၊ ပါမစ်မြေအမျိုးအစား၊ မြေ၊ အိမ်နှင့်စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခဲ့ပါသည်။ ယခုအချိန်တွင် ဝယ်ယူသူဘက်မှ ဆက်လက်ငွေပေးချေရန် အခက်အခဲရှိနေပါ၍ ဤအရောင်းအဝယ်ကိစ္စအား နှစ်ဖက်သဘောတူညီချက်ဖြင့် ဖျက်သိမ်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ထည့်သွင်းကြေညာခဲ့သည့် သတင်းစာကြော်ငြာအား ပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်နော်ညာမူး** | **ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)** |
| **[၇/ကတခ (နိုင်) ၀၇၆၉၅၉]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၀၀)** |
| | **အမှတ်(၁၆/ခ)၊ ရန်ကုန်လမ်း၊ (၆/၉) ရပ်ကွက်၊** |
| | **ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၄၂၀၀၅၈၅၅၃** |

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ သစ္စာလမ်း၊ မြေကွက်အမှတ်(၃၉)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးဝင်းမောင် (CE-၀၅၈၁၈၅)အမည်ပေါက် မြေချပါမစ်မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ အမည်ပေါက်(ဦးဝင်းမောင်)၏ သား/သမီးများဖြစ်သော ဒေါ်သန္တာဝင်း[၁၂/ဥကတ(နိုင်)၀၆၀၈၃၄]၊ ဒေါ်နီလာဝင်း[၇/ပတန (နိုင်)၀၁၀၁၆၉]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)**
**(LL.B,D.I.L)** **(LL.B,D.B.L,D.I.L,WIPO switzerland)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/အနော်မာ၊ အနော်မာ(၁)လမ်း၊ မြေကွက်အမှတ်-၄၁/က+ခပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်၏ ဒုတိယထပ်၊ (၃)လွှာ(တိုက်ရှေ့မျက်နှာမူလျှင်လက်ဝဲဘက်ခြမ်း)၊ ဧရိယာ(၁၈'x၅၄')ကျယ်ဝန်းသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူ၍ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဒေါ်သန်းသန်းမွန် [၁၀/မလမ(နိုင်) ၀၀၁၀၈၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဒေါ်စုနန္ဒာမျိုး [၁၃/ကလန(နိုင်) ၀၅၈၂၃၈]နှင့် ၎င်း၏ခင်ပွန်း ဦးခင်ဆန်းလျုံ[၅/မရန(နိုင်) ၁၅၆၁၃၉]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ရုံးချိန်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်-၇၃၇/ခ၊ မြေညီထပ်၊ မာဃလမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-796764898**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၄)၊ ခနောသိဒ္ဓိလမ်း၊ မြေကွက်အမှတ်(၂၆၂/က)၊ အကျယ်အဝန်း(၂၀x၆၀)ပေ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပါမစ်အမည်ပေါက်ဖြစ်သူ ဒေါ်စောမြိုင် (AC-၀၁၀၁၀၄)ထံမှ အရောင်း အဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိလျက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဌေးလွင်[၁၂/သဃက(နိုင်) ၀၂၀၂၇၄] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စကို ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုပါက စာရွက်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးပွင့်ဖြူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၉၁)**
**အမှတ်(၄၉၄)၊ တတိယထပ်၊ ငမိုးရိပ်(၅)လမ်း၊ အပိုင်း(၃)၊ ငမိုးရိပ်ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-43153310,09-983790895**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဦးပိုင်အမှတ် (၃၀/၂)၊ ကွင်းအမည်/အမှတ်(ကွမ်းခြံကုန်း၊ ၆၆၄/B)၊ ဘုရားကုန်း ကျေးရွာအုပ်စု၊ သန်လျင်-ကျောက်တန်းလမ်းမ၊ အမှတ်(၂၂၅)၊ အကျယ်အဝန်း(အလျား၃၅ပေ x အနံ၁၀၅ပေ)ရှိ ဥယျာဉ်ခြံမြေအမျိုးအစားမြေကွက်သည် သန်လျင်မြို့မြေစာရင်းရုံးတွင် ဒေါ်ဝင်းထွန်း [၁၂/ဒပန(နိုင်) ၀၄၀၄၀၀]အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းထံမှ အရောင်းအဝယ်အဆက်ဆက်စာချုပ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဝေယံလင်း[၁၄/မမက(နိုင်)၁၆၆၉၀၁]က ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အထက်လိပ်စာပါ မြေကွက်အား စတင်ဝယ်ယူခဲ့စဉ်အချိန်မှစ၍ ယနေ့ထိ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းကသာ လက်ဝယ်ထားရှိစီမံ၍ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးပွင့်ဖြူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၉၁)**
**အမှတ်(၄၉၄)၊ ငမိုးရိပ်(၅)လမ်း၊ (အပိုင်း-၃)၊ ငမိုးရိပ်ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်။ ဖုန်း-09-43153310,09-983790895**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ မြေကွက်အမှတ်-၁၀၀၁/ခ၊ စည်ပင်လမ်း၊ ဧရိယာ(၀.၀၂၇)ဧက၊ (ပေ၂၀xပေ၆၀) အကျယ်အဝန်းရှိသော ဦးဝင်းထွဋ်လွင် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဝင်းထွဋ်လွင် [၁၂/ဥကတ(နိုင်)၁၂၆၇၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဒေါ်ယဉ်မွန်[၅/ကဘလ(နိုင်)၁၄၂၅၈၈]၊ ဦးသိန်းထိုက်အောင်[၅/ကဘလ(နိုင်) ၁၅၁၄၄၀]နှင့် ၎င်း၏ဇနီး ဒေါ်ငြိမ်းငြိမ်းအိ[၅/ကဘလ(နိုင်) ၁၅၄၄၆၇]တို့က အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ရုံးချိန်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေနှင့်အဆောက်အဦ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်-၇၃၇/ခ၊မြေညီထပ်၊ မာဃလမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-796764898**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၅၀

၁။ ဦးသန်းလွင်
[ကိုယ်တိုင်နှင့်လျှောက်ထားသူ(၂)၏ - **လျှောက်ထားသူများ**
ကိုယ်စားလှယ်စာရသူ]
၂။ ဒေါ်စိုးစိုးလွင်

ကွယ်လွန်သူ ဦးလွင်၏ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ (၇)မိုင်ခွဲ၊ အမှတ်-၄၇စီ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးလွင်၏ကျန်ရစ်သောပစ္စည်း အပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးသန်းလွင်နှင့် ဒေါ်စိုးစိုးလွင်တို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက် (၁၃၈၅ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးလွင်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၁)ရက် (၁၃၈၅ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးသန်းလွင်နှင့် ဒေါ်စိုးစိုးလွင်တို့၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၂ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြတ်ခိုင်ဝင်း)**
**ခရိုင်တရားသူကြီး**
**မရမ်းကုန်းခရိုင်တရားရုံး**

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်း လျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းနှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **ဇီဝဗေဒ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။
(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။
(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။
(င) **ခိုလမ်မြို့** တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။
(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။
(ဆ) **မော်လမြိုင်မြို့** တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။
(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။
(ဈ) **ရန်ကုန်မြို့** တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။
(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။
(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။
(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံတပ်မြို့။
(ဍ) **မန္တလေးမြို့** တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။
(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ က/၅လမ်း၊ အမှတ်(၂၈၅)ဟုခေါ်တွင်သော မြေဧရိယာ အလျား(၄၀)ပေxအနံ(၆၀)ပေရှိမြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသောမြေအကျယ်အဝန်း အလျား(၂၀)ပေxအနံ(၆၀)ပေ(ခြေရင်းဘက်ခြမ်း)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိအကျိုးခံစားလျက်ရှိသူ ဦးလှမြင့် [၁၂/အစန(နိုင်)၀၃၇၀၆၀]ကိုင်ဆောင်သူထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုး သက်ဆိုင်သူများရှိပါကဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း နောက်ဆုံးထား၍ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့်ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးစောကော်ဒို(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၂၆၁၃)**
**အမှတ်–၂၁၄၊ က/၃လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း–၀၉–၂၅၂၀၆၇၅၄၀၊ ၀၉–၇၅၇၆၉၂၂၅၆**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ မင်းတဲရပ်ကွက်၊ မြို့သစ်(က)၇–လမ်း၊ အမှတ်(၂၄၃)ဟု ခေါ်တွင်သော မြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟုအဆိုရှိသူ ဦးသန်းဇော်ထွေး[၁၂/လမန(နိုင်)၁၁၆၈၉၀]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးသိန်းနိုင် (LL.B) WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၅၃၁)**
**အခန်း(၁၀၁)၊ တိုက်(၇)၊ ၁၆–လမ်း(အေ)၊ ယုဇနဥယျာဉ်မြို့တော်၊**
**(၉၄)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၁၃၀၇၇၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၀) ရပ်ကွက်၊ မြသီရိ (၁) လမ်း၊ အမှတ်–၆၄၃ ဟု ခေါ်တွင်သော ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၃၀၊ မြေကွက်အမှတ် – ၆၄၃၊ ဧရိယာ ( ၄၀' x ၆၀' )၊(၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားမြေနှင့်မြေပေါ်ရှိ တစ်ထပ် RC တိုက်(၁) လုံးနှင့် တစ်ထပ် BN အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်များကို မြို့မြေစာရင်းတွင် **ဒေါ်ရီစီ (၁/မကတ (ပြု) ၀၀၀၅၁၅)** က အမည်ပေါက်၍ ၎င်းထံမှ (၂၈–၇–၂၀၂၃) နေ့စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ်အရ ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးကျော်ကျော်လတ် (၁၄/မမန (နိုင်) ၁၈၃၀၂၁)** က ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ခင်အေးမာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၂၈၇၁)**
**ဖုန်း – ၀၉–၅၁၄၉၃၈၂**
**အမှတ်–၅၆၃ (ဝ–ထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ နတ်ဂမုန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၁၉၀)၊ ပေ(၄၅x၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီတာအေး [၇/တငန(နိုင်)၁၀၄၆၆၀]ထံမှ ကျွန်မဝယ်ယူရန်အတွက် မြေကွက်တန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမိုး**
**[၁၂/ရကန(နိုင်)၀၂၂၀၀၇]**
**ဖုန်း–၀၉–၉၄၆၉၄၅၉၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ယုဇနလမ်းသွယ်၊ အမှတ်(၁၁၄)နေ ဒေါ်စုစုခိုင်သည် မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ဇီဇဝါ(၂)လမ်း၊ အမှတ်(၁၆၄/က)၊ ပထမထပ်တိုက်ခန်းကို ပိုင်ရှင်ဖြစ်သူ ဦးချစ်မောင်မောင်ထံမှ ဝယ်ယူရန် တန်ဖိုးငွေအချို့ကိုပေးချေပြီးဖြစ်သဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသောအထောက်အထားဖြင့် ကြော်ငြာပါသည့်နေ့မှ (၂)ပတ်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအေးရွှေ(BA,Hgp,RL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၅၈၀၅/၃၁–၁၀–၁၉၉၁)**
**အမှတ်(၁၀၆၁)၊ ဗိုလ်မင်းရောင်လမ်း၊ (၃၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ Ph:09-5172465**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀/သုဝဏ္ဏ)၊ လူနေရပ်ကွက်အမှတ်(လူသုံးကုန်စက်ရုံအနီး)၊ မဟာဗောဓိလမ်း၊ မြေကွက်အမှတ်(၁၃၉)၊ ဧရိယာ(၀.၁၀၇)ဧကရှိသည့် နှစ်(၆၀)ဂရန်မြေကွက်အနက်မှတရားဝင်မခွဲစိတ်ရသေးသောတောင်ဘက်ခြမ်း(မျက်နှာစာနှင့်နောက်ဖေးစည်းရိုး ၃၀ပေစီ မြောက်ဘက်ခြမ်းစည်းရိုး၇၂ပေ၊ တောင်ဘက်ခြမ်းစည်းရိုး(၇၃.၀၄ပေ)ခန့် အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို (၉–၇–၂၀၂၁) ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၂၅၉/၂၀၂၁)ဖြင့် ဒေါ်ခင်မော်ထွန်း(ဘ)ဦးထွန်းစိန်[၁၂/မရက(နိုင်)၀၇၄၇၅၃]မှဦးစောအောင်မိုးအေး (ဘ)ဦးစောကျော်အောင် [၁၂/ဒဂန(နိုင်)၀၂၅၈၀၉] အား လွှဲအပ်ခဲ့ပါသည်။ ယခုအချိန်တွင် ဒေါ်ခင်မော်ထွန်းအနေဖြင့်လွှဲအပ်ထားသည့်ရန်ကုန်မြို့စာချုပ်စာတမ်းအထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၂၅၉/၂၀၂၁) အားရုပ်သိမ်းကြောင်းဦးစောအောင်မိုးနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပိုးအိဖြူ LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၃၂၅)**
**အမှတ်(1/A2)၊ မြသီတာအိမ်ရာ၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09-5080073, 09-408098822,09-409238877**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၃၂)၊ (၁၂)ရပ်ကွက်၊ နှင်းဆီလမ်းသွယ်(၂)လမ်း၊ အမှတ်(၄၉၁/က)(ခေါင်းရင်းခြမ်း)၊ အကျယ်ပေ(၂၀ x ၆၀) ပေရှိမြေနှင့် ယင်းမြေပေါ်ရှိနေအိမ်အပါအဝင် ရေ၊ မီးအကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိထားပိုင်ဆိုင်ထားသူ ဒေါ်တင်တင်ရီ[၇/ဒဥန(နိုင်)၀၀၉၄၄၀]ထံက ကျွန်ုပ်မိတ်ဆွေဦးဇော်မင်းလတ်[၁၂/လမတ(နိုင်)၀၀၂၉၀၄]မှ ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါနေအိမ်ခြံမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူများမှ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဇော်မင်းလတ်** | **ဒေါ်မြသက်ဝေ** |
| **[၁၂/လမတ(နိုင်)၀၀၂၉၀၄]** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်–၁၂၀၆၉) (၁၄–၂–၂၀၁၇)** |
| | **အမှတ်(၈၂)၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊** |
| | **လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၈၈၆၄၁** |

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၂)၊ မြေကွက်အမှတ် (၂၅၄)၊ အင်းဝ (၈) လမ်း၊ ဧရိယာ (၄၀' x ၆၀') = ၂၄၀၀ စတုရန်းပေ နှစ်(၆၀)ဂရန်အမည်ပေါက် ဒေါ်ယဉ်ထွေးမြင့် [၉/အမဇ(နိုင်)၀၁၂၀၆၈] ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံ ခန့်ခွဲမှုဌာနတွင် မှတ်သားထားသော မြေကွက်ဖြစ်ပြီး ၎င်းမှ အထူးကိုယ်စားလှယ်လွှဲစာအား ဒေါ်ဝင်းဝင်းလှိုင် [၁၃/နခန (နိုင်) ၀၇၄၄၅၄] ကို ပေးအပ်ထားပါသဖြင့် ဒေါ်ဝင်းဝင်းလှိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှိုင်ထွဏ်း B.A (Law), LL.B (စဉ် – ၂၀၃၁)**
**တရားလွှတ်တော်ရှေ့နေ**
**၂၄/B၊ ဥယျာဉ်လမ်း၊ ငါးထပ်ကြီးတောင်ပိုင်းရပ်ကွက်၊ ဗဟန်းမြို့နယ်။**
**ဖုန်း– ၀၉–၂၅၄၄၄၅၅၀၆၊ ၀၉–၄၄၈၀၄၆၀၃၆**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၆)၊ မြေကွက်အမှတ်(၂၉၄)၊ မြိတ်လမ်းသွယ်(၂)လမ်း၊ ဧရိယာ (၄၀' x ၆၀')=၂၄၀၀ စတုရန်းပေ၊ နှစ်(၆၀)ဂရန်အမည်ပေါက် ဦးသန့်ဇင် [၇/လပတ(နိုင်)၀၁၁၁၈၉] အမည်ဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် မှတ်သားထားသော မြေကွက်ဖြစ်ပြီး၊ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှိုင်ထွဏ်း B.A (Law), LL.B (စဉ်–၂၀၃၁)**
**တရားလွှတ်တော်ရှေ့နေ**
**၂၄/B၊ ဥယျာဉ်လမ်း၊ ငါးထပ်ကြီးတောင်ပိုင်းရပ်ကွက်၊ ဗဟန်းမြို့နယ်။**
**ဖုန်း–၀၉ –၂၅၄၄၄၅၅၀၆၊ ၀၉–၄၄၈၀၄၆၀၃၆**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တောင်ရပ်ကွက်၊ (၉၃)လမ်း၊ အမှတ်(၇၁)၊ (၇)လွှာနေ ဒေါ်စန္ဒာဝင်း [၁၂/ပဘတ(နိုင်) ၀၂၀၂၇၂ ]၊ ဦးသက်ထွန်း[၁၂/မရက(နိုင်) ၀၆၂၄၇၈]၏သား သက်ပိုင်ထွန်း(ခ)အိုဝိုဇ်[၁၂/မဂတ(နိုင်) ၁၀၇၅၁၂]သည် မိဘနှင့်သဘောထားမတိုက်ဆိုင်သောကြောင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကို တာဝန်မယူကြောင်းကြေညာအပ်ပါသည်။

**မိဘ–ဒေါ်စန္ဒာဝင်း+ဦးသက်ထွန်း**

## ဗိုလ်ကြီး လှရွှေ(ငြိမ်း)
## (ကြည်း–၃၃၀၃၆)တပ်မတော်မှတ်တမ်းရုံး
## အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ (ဦးစံဦး–ဒေါ်ငြိမ်းတင်)တို့၏သား၊ ဒေါ်ညွန့်မေ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သူဇာရွှေ၊ ဦးသောင်းထိုက်ရွှေ–ဒေါ်သင်းသင်းကြူ၊ (ဦးကိုကိုအောင်)–ဒေါ်ကေသီရွှေ၊ ဦးစိုးဝင်းနိုင်–ဒေါ်ဖြူပြာရွှေ၊ ဒေါက်တာ ကောင်းမြတ်ရွှေ–ဒေါက်တာသင်းနုနုစိုးတို့၏ ဖခင်၊ မြေးခုနစ်ယောက်၏အဘိုး ဗိုလ်ကြီးလှရွှေ(ငြိမ်း) သည် ၁၃–၈–၂၀၂၃(တနင်္ဂနွေနေ့) နံနက် ၇:၁၅ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၁၅–၈–၂၀၂၃(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀)၊ ငြိမ်းအေးဇရပ်၌ တရားနာယူပြီး မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး ဒါယိကာမကြီး
### ဒေါ်စောရှင်(အောင်သုခမ္မရိပ်သာယောဂီ)
### အသက်(၉၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်(၄၅)လှိုင်မြစ်လမ်းနေ (ဦးလှ–ဒေါ်ကြည်ညွန့်)တို့၏ချစ်လှစွာသောသမီးကြီး၊ (ဦးအီကူး–ဒေါ်ကျင်ဟန်)တို့၏သမီးချွေးမ၊ [ဦးကျင်ရွှေ(ပြည်သူ့ကုန်တိုက်)]၏ ချစ်လှစွာသော ဇနီး၊ဦးအုန်းဟန်–(ဒေါ်မြမြဌေး)၊ ဦးတင်ဦးတို့၏အစ်မ၊ (ဦးကျော်သူ)–ဒေါ်ခင်သိန်းဝင်း၊ ဒေါ်ယဉ်ယဉ်ခိုင်(ကထိက–ငြိမ်း)၊ ဦးမင်းလွင်–ဒေါ်ခင်သီတာ၊ ဒေါက်တာကျော်ကျော်ဆွေ–ဒေါက်တာမြတ်မြတ်ထွေးတို့၏ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်၊ မြစ် နှစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်စောရှင်သည် ၁၃–၈–၂၀၂၃ ရက်(တနင်္ဂနွေနေ့) နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉–၈–၂၀၂၃ ရက်(စနေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ပါလိပ်စာနေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု


### ခရစ်တော်၌ အိပ်ပျော်ခြင်း
### ဦးလင်းသန့်ဇင် (ခ) Tg Htang Za Mung
**LL.B, D.B.L, D. I. L**
**တရားလွှတ်တော်ရှေ့နေ**
### အသက် (၄၄)နှစ်


ရန်ကုန်မြို့ ၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ အမှတ်(၇၂)၊ ခရေလမ်းနှင့်ယုဇနလမ်းထောင့်နေ(ဦးသောင်းခိုလျှံ–ဒေါ်ဒေစီတွဲလ်နန်း)တို့၏သား၊ ဦးအောင်ဇော်လင်း(ခ)Pa Mang Mun Tual – Nu Vum Neam Cing (ခေတ္တ–ဩစတေးလျ)၊ ဒေါ်စောစန္ဒာလင်း(ခ) Nu Cing Khat Vung(ညီမလေး)–Pa Maung Maungတို့၏ ညီ/မောင်၊ (မောင်ခိုင်ခန့်မန်)၏အစ်ကို ဦးလင်းသန့်ဇင်သည် ၁၁–၈–၂၀၂၃ရက် ညနေ ၆:၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်၍ ၁၄–၈–၂၀၂၃ ရက် နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်၊ FGA ဘုရားကျောင်း၊ YSBC ဘုရားကျောင်း၊ ယုဇနပိတောက်ကွေ့တို့မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အပေါ်ရေတိုင်ကီ ရေပြည့်သည်နှင့် ရေတင်စက်ကို အလိုအလျောက်ရပ်စေမည့် စနစ်အား အသုံးပြုပါ။ ရေများ လျှံကျသည်ကို မြင်ရ ကြားရမှ ရေမော်တာကို ပြေးပိတ်ခြင်းက လျှပ်စစ်လေလွင့်မှု ဖြစ်စေပါသည်။ မီတာခ ပို၍ ကုန်စေပါမည်။





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်သည့်အတွက် ကျေးလက်စီးပွားရေးနှင့် MSME လုပ်ငန်းများတွင် အထောက်အကူရရှိနိုင်စေရန် လာမည့်ပညာသင်နှစ်ကစပြီး ခရိုင်(၅၀)ရှိ အခြေခံပညာ အထက်တန်းကျောင်း(၅၁)ကျောင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များကို Grade-10 မှ Grade - 12 အထိ တွဲဖက်သင်ကြားပေးသွားမည်ဖြစ်...**

❖ **ဆက်လက်ပြီး ကျန်သည့်ခရိုင်များ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ် (၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ထိုင်းဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲ တတိယလုပွဲတွင် မြန်မာအသင်း အရေးနိမ့်

ရန်ကုန် ဩဂုတ် ၁၃

ထိုင်းဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲဖြစ်သည့် Continental Futsal Championship 2023 တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ဩဂုတ် ၁၃ ရက်က ထိုင်းနိုင်ငံ၌ကျင်းပရာ မြန်မာအသင်းသည် တတိယနေရာလုပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် တတိယနေရာလုပွဲအဖြစ် အာဖဂန်နစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ငါးဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ဦးဆောင်ဂိုးရသော်လည်း အနိုင်ရလဒ် မထိန်းနိုင်သဖြင့် ရှုံးပွဲကြုံတွေ့ခဲ့ရပြီး တတိယနေရာနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဦးဆောင်ဂိုးကို ညိမ်းမင်းစိုးက သွင်းယူခဲ့သော်လည်း ပထမပိုင်းမှာပင် နှစ်ဂိုးပြန်ပေးခဲ့ရသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ○

## PDF အမည်ခံ အကြမ်းဖက်သမားများက နွားထိုးကြီးမြို့နယ် မင်းရွာကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်၊ ကျေးရွာစာသင်ကျောင်းအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီး



PDF အမည်ခံ အကြမ်းဖက်သမားများက နွားထိုးကြီးမြို့နယ် မင်းရွာကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မင်းရွာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဇနီးဖြစ်သူ အပါအဝင် ကျေးရွာရှိ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး ကျေးရွာစာသင်ကျောင်းအား မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ နွားထိုးကြီးမြို့နယ် မင်းရွာကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများသည် ဩဂုတ် ၁၁ ရက် နံနက် ၃ နာရီခန့်တွင် လက်နက်ငယ်များ ကိုင်ဆောင်၍ ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး ကျေးရွာအုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေသည့် ဦးအုန်းဖေနှင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်မိုး အပါအဝင် အမျိုးသားနှစ်ဦးနှင့် စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✻

**ယနေ့ ဖတ်စရာ**


**အမေရိကန်နှင့် ဂျပန်နိုင်ငံတို့ အသံထက်မြန်သော ဒုံးကျည်များကို ထောက်လှမ်းနိုင်သည့် ဒုံးကျည်ကြားဖြတ် စနစ်သစ် ပူးပေါင်းတီထွင်မည်**

ဆောင်းပါး စာမျက်နှာ » ၁၃

**စောင်းညှင်းသံပမာ ရွှေသာ**

ဆောင်းပါး စာမျက်နှာ » ၁၇

**လေ့လာစရာ အင်္ဂလိပ်စာ**

စာမျက်နှာ » ၂၀၊ ၂၁


## မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီး ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၃

အဋ္ဌမအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီး၏ တွဲဆိုင်း ခြောက်ဆိုင်းကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူလက်ဝှေ့ အားကစားရုံ၌ ဩဂုတ် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကြီး၏ ငါးချီပွဲများ၌ ၈၀ ကီလိုတန်းတွင် ထွန်းထွန်းမင်းနှင့် သွေးသစ်ဝင်းလှိုင်၊ ၇၅ကီလိုတန်းတွင် ထွန်းမင်းအောင်(မြန်မာ)နှင့် Kohei Tokeshi (ဂျပန်)၊ ၇၁ ကီလိုတန်းတွင် ကျော်စွာဝင်း(မြန်မာ)နှင့် Avatan (ထိုင်း)၊ ၆၃ ဒသမ ၅ ကီလိုတန်းတွင် စိန်လုံးချောနှင့် မိုးထက်အောင်တို့ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❒

